ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၈၀ ပြည့်နှစ် ကဆုန်လဆန်း ၅ ရက်၊ ကြာသပတေးနေ့။ Thursday 19 April 2018 ၄၂၆၁

**သူတော်ကောင်းထံ ချဉ်းကပ်**

အရိယာသူတော်ကောင်းတို့နှင့် တွေ့မြင်၊ ပေါင်းဖော်ရခြင်းသည် အခါခပ်သိမ်း ချမ်းသာ၏။ သူမိုက်တို့နှင့် မတွေ့မြင် မပေါင်းဖော်ခြင်းသည် အမြဲပင်ချမ်းသာ၏။ ထို့ကြောင့် လူမိုက်တို့ကို ရှောင်ခွာ၍ ပညာရှိ အရိယာသူတော်ကောင်းတို့ထံ ချဉ်းကပ်၍ မှီဝဲဆည်းကပ်ရာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၈)

# မောင်တောဒေသ၌ ပြန်လည်နေရာချထားရေးဆောင်ရွက်ပြီးစီးမှု အခြေအနေများအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ကြည့်ရှုပြီး လိုအပ်သည်များ ဆောင်ရွက်ပေးခဲ့

စစ်တွေ ဧပြီ ၁၈

ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုတို့သည် ဒုတိယဝန်ကြီး ဦးစိုးအောင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့မှ မောင်တောမြို့သို့ ရဟတ်ယာဉ်ဖြင့် ရောက်ရှိပြီး သစ်တုံးနားခွဆုံကျေးရွာ၌ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ရောက်ရှိလာသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား မြို့နှင့် ဗိုင်းနက်လူမျိုး အိမ်ထောင်စု ၃၅ စုတို့အား တွေ့ဆုံကာ ခေတ္တနေရာချထားမှုကို ကြည့်ရှုပြီး အားပေးစကားပြောကြားသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့်အဖွဲ့ တိုင်းရင်းသားများအတွက် တည်ဆောက်ပေးထားသည့် နေအိမ်များကို လှည့်လည်ကြည့်ရှုစဉ်။

**ဆေးဝါးဝယ်ယူဖြန့်ဖြူးရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ**

စာမျက်နှာ - ၉

**သတင်းစာ ရှင်းလင်းပွဲ ကျင်းပမည်**

ရန်ကုန် ဧပြီ ၁၈

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ခ်ဘဇားသို့ သွားရောက်ခဲ့သည့် ခရီးစဉ်နှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲကို ဧပြီ ၁၉ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC )၌ ကျင်းပမည်ဖြစ်ရာ ပြည်တွင်း၊ ပြည်ပ မီဒီယာများ တက်ရောက်သတင်းရယူနိုင်ကြောင်း ဖိတ်ကြားထားသည်။

သတင်းစဉ်



# ကြေးမုံ

## လယ်ယာစိုက်ပျိုးရေးကဏ္ဍ၏ အလားအလာကောင်းတစ်ရပ်

လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် မြန်မာ့စီးပွားရေး၏ ကျောရိုးဖြစ်ပါသည်။ တိုင်းပြည်၏ အလုပ်လုပ်သော အင်အားစု၏ ၇၀ ရာခိုင်နှုန်းသည် လယ်ယာစိုက်ပျိုးရေးကဏ္ဍ၌ အလုပ်လုပ်ကိုင်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှသာ မြန်မာ့စီးပွားရေးသည်လည်း အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။ မြန်မာ့လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို ဖန်တီးဖော်ဆောင်ရာ၌ ကြုံတွေ့ရလျက်ရှိသော အဓိကအခက်အခဲတစ်ရပ်မှာ ချေးငွေအလုံအလောက် မရရှိနိုင်ခြင်း ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရသည် တောင်သူလယ်သမားတို့၏ စိုက်ပျိုးရေးစရိတ်ချေးငွေလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် အစွမ်းကုန်ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသော်လည်း ပြည့်စုံလုံလောက်သော အနေအထားသို့ ရောက်ရှိနိုင်ခြင်းမရှိပါ။ တောင်သူလယ်သမားတို့၏ ဤလိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်ရန်အတွက် ရိုးမဘဏ်သည် မဟာလယ်ယာစိုက်ပျိုးရေးအများပိုင်ကုမ္ပဏီ (Maha Agriculture Public Co.)နှင့် သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ပါသည်။ မဟာလယ်ယာစိုက်ပျိုးရေးအများပိုင်ကုမ္ပဏီသည် တောင်သူလယ်သမားတို့အတွက် အသေးစားချေးငွေတို့ကို ပံ့ပိုးပေးနေသော ကုမ္ပဏီတစ်ခု ဖြစ်ပါသည်။ အဆိုပါ သဘောတူညီချက်အရ ရိုးမဘဏ်နှင့် မဟာလယ်ယာစိုက်ပျိုးရေးအများပိုင်ကုမ္ပဏီတို့သည် စုစုပေါင်း မြန်မာကျပ်ငွေ ၃ ဒသမ ၅ ဘီလီယံပမာဏရှိသော ချေးငွေတို့ကို တောင်သူလယ်သမားတို့အား ပေးအပ်သွားမည် ဖြစ်ပါသည်။ ဤလုပ်ငန်းအစီအစဉ်အရ ပေးအပ်သော ချေးငွေတို့ကို တောင်သူလယ်သမားမိသားစု ၆၀၀၀၀ ခန့်က ရရှိခံစားရမည် ဖြစ်ပါသည်။

မဟာလယ်ယာစိုက်ပျိုးရေးအများပိုင်ကုမ္ပဏီသည် လက်ရှိ၌လည်း တောင်သူလယ်သမားမိသားစု ၁၀၀၀၀ ခန့်အတွက် ချေးငွေပံ့ပိုးမှုများ ပြုလုပ်ပေးလျက်ရှိပြီး စုစုပေါင်းထုတ်ပေးထားသော ချေးငွေပမာဏမှာ မြန်မာကျပ်ငွေ ခုနစ်ဘီလီယံအထိ ရှိနေပြီဖြစ်ပါသည်။ ပို၍ဝမ်းမြောက်စရာကောင်းသည်မှာ မဟာလယ်ယာစိုက်ပျိုးရေးအများပိုင်ကုမ္ပဏီက ထုတ်ပေးသောချေးငွေတို့ကို ဓာတ်မြေဩဇာနှင့် မျိုးစေ့ကဲ့သို့သော လယ်ယာစိုက်ပျိုးရေးကဏ္ဍသွင်းအားစုတို့အတွက်သာ အသုံးပြုရခြင်းဖြစ်ပါသည်။ အဆိုပါအချက်အလက်ထက်ပို၍ အားတက်စရာကောင်းသည်မှာ ရိုးမဘဏ်နှင့် မဟာလယ်ယာစိုက်ပျိုးရေးအများပိုင်ကုမ္ပဏီတို့၏ လက်တွဲဆောင်ရွက်မှုသည် ချေးငွေဆိုင်ရာ ကျင့်ထုံးသစ်တစ်ရပ်ကို အားသစ်လောင်းလိုက်ခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံ၌ ချေးငွေထုတ်ပေးရာတွင် အစဉ်အလာအရ မြေယာကဲ့သို့သော မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းတို့ကို အာမခံသဘောထားပြီးမှသာ ထုတ်ပေးလေ့ရှိပါသည်။ ရိုးမဘဏ်နှင့် မဟာလယ်ယာစိုက်ပျိုးရေးအများပိုင်ကုမ္ပဏီတို့ ပူးတွဲပံ့ပိုးပေးသော ယခုချေးငွေတို့သည် လုပ်ငန်းလည်ပတ်နိုင်စွမ်းအပေါ်၌သာ အခြေခံထုတ်ပေးခြင်း ဖြစ်ပါသည်။ ဤချေးငွေကျင့်ထုံးသစ်သည် မြန်မာ့လယ်ယာစိုက်ပျိုးရေးကဏ္ဍ၏ အလားအလာကောင်းတို့ကို တွန်းအားပေးဖော်ထုတ်သွားမည်ဖြစ်၍ ရိုးမဘဏ်နှင့် မဟာလယ်ယာစိုက်ပျိုးရေးအများပိုင်ကုမ္ပဏီတို့၏ လက်တွဲကြိုးပမ်းမှုကို ဂုဏ်ပြုကြိုဆိုပါကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ဆန်အိတ်များတင်ဆောင်သည့် ကုန်တင်၊ ကုန်ချသင်္ဘောကြီးများ အပြည်ပြည်ဆိုင်ရာ သီလဝါဆိပ်ကမ်း၌ ဆိုက်ကပ်လျက်ရှိ



**ရန်ကုန် မေ ၁၈**

မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ ဆန်များ တင်ပို့လျက်ရှိရာ ယခုအခါ ဆန်အိတ်များ တင်ဆောင် သည့် ကုန်တင် ကုန်ချသင်္ဘောကြီးများ မှာ အပြည်ပြည် ဆိုင်ရာ သီလဝါဆိပ်ကမ်း (MITT)၌ ဆိုက်ကပ်လျက်ရှိကြောင်း သိရသည်။

ပြည်ပနိုင်ငံများသို့ ပို့ဆောင်သည့် ဆန်များမှာ ဧရာဝတီတိုင်းဒေသကြီးမှ ၂၅ မတ် အမျိုးအစားဖြစ်သည့် ဧည့်မထဆန် အမျိုးအစား အများဆုံးဖြစ်ပြီး ပြည်ပနိုင်ငံများက ခုံမင်နှစ်သက်စွာ စားသုံးကြကြောင်း၊ ယခုအခါ မြန်မာ့ ဆန်ကို အာဖရိကနိုင်ငံများက လွန်စွာကြိုက်နှစ်သက်လာကြကြောင်းနှင့် ယခု နှစ်တွင် မြန်မာနိုင်ငံရှိ တောင်သူလယ်သမားများမှာလည်း ကုန်သည်များ ဝယ်ယူမှု ပိုမိုများပြားလာသော ကြောင့် ဝင်ငွေပိုမိုရရှိခဲ့သဖြင့် အဆင်ပြေလျက်ရှိကြကြောင်း သိရသည်။

ဆန်အိတ်များ တင်ဆောင်သည့် ကုန်တင်၊ ကုန်ချ သင်္ဘောကြီးများ၏ ရန်ကုန်ဌာနေ ကိုယ်စားလှယ်ကပ္ပတိန် ဟင်နရီဦးခင်မောင်က "သင်္ဘောကြီးတွေမှာ ဆန်အိတ်တွေ တစ်ရက်ကို တန်ချိန် ၃၃၀၀ အထိ ရအောင် တင်ဆောင်နေပါတယ်။ တကယ်လို့ ရန်ကုန်မြစ်ရေကို ရေစူးအနက် ၉ ဒသမ ၅ မီတာနဲ့ ၁၀ မီတာ ကြား တူးဖော်ပေးနိုင်မယ်ဆိုရင် သင်္ဘောကြီးတွေဟာ တန်ချိန် ၄၅၀၀၀ အထိ သယ်ဆောင်သွားနိုင်မှာ ဖြစ်ပါတယ်။

အဲဒီလို တန်ချိန်များများ တင်နိုင်မယ်ဆိုရင် ကုန်သည်တွေအနေနဲ့ သယ်ယူပို့ဆောင်စရိတ် လျှော့နည်းလာမှာဖြစ်ပြီး တောင်သူလယ်သမားတွေဆီက ဝယ်ယူတဲ့ ဈေးနှုန်းတန်ဖိုးကိုလည်း မြှင့်တင်ဝယ်ယူနိုင်မှာဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ အနာဂတ်ကာလအတွက်လည်း ကုန်စည်ပို့ဆောင်မှု အခန်းကဏ္ဍပါ တွင်ကျယ်လာမှာဖြစ်ပါတယ်။ မြန်မာ့ဆိပ်ကမ်း အာဏာပိုင်အနေနဲ့ ရေစူးကို ၁၀ ဒသမ ၅ မီတာအနက်လောက် တူးဖော်ပေးစေလိုပါတယ်။ ဒါမှသာ ကုန်တင်၊ ကုန်ချ သင်္ဘောကြီးတွေဟာ အဆက်မပြတ် ဝင်ရောက်လာနိုင်မှာဖြစ်ပြီး တိုင်းပြည်အတွက် ဝင်ငွေလည်း တိုးတက်လာမှာဖြစ်တယ်လို့ အကြံပြုပြောချင်ပါတယ်"ဟု ပြောသည်။

ဆန်အိတ်များ တင်ဆောင်သည့် ကုန်တင်၊ ကုန်ချ သင်္ဘောကြီးများမှာ အနောက်အာဖရိကနိုင်ငံရှိ မြို့များသို့ သွားရောက် ဖြန့်ဖြူးလျက်ရှိပြီး အနောက်အာဖရိကနိုင်ငံရှိ မြို့များမှာ မြန်မာနိုင်ငံကဲ့သို့ ဆန်ကိုသာ အဓိကအားထားစားသုံးနေရကာ လူဦးရေထူထပ်များပြားသဖြင့် စားသုံးမှုလိုအပ်ချက်များရှိနေသောကြောင့် အာရှနိုင်ငံများဖြစ်သည့် မြန်မာနိုင်ငံ အပါအဝင် ဗီယက်နမ်၊ ထိုင်း၊ ပါကစ္စတန်နှင့် အိန္ဒိယနိုင်ငံများမှ မှာယူတင်သွင်းနေရကြောင်း သိရသည်။

မြန်မာ့ဆန် တင်ပို့ဖြန့်ဖြူး နေမှုမှာ တစ်တန်လျှင် FOB ဈေးနှုန်း ဒေါ်လာ ၃၄၀ ကျသင့်ပြီး တန်ချိန် ၃၀၀၀၀ အထိ တင်ဆောင်ပါက နိုင်ငံတော်အတွက် ခန့်မှန်း အမေရိကန်ဒေါ်လာ ၁၀ သန်းနီးပါး ဝင်ငွေရရှိကြောင်း၊ အိမ်နီးချင်းနိုင်ငံများကဲ့သို့ ရေစူးအနက်ကို တူးဖော်နိုင်ပါက တန်ချိန်များပြားစွာ တင်ဆောင်နိုင်မည်ဖြစ်သောကြောင့် နိုင်ငံတော်အတွက် ဝင်ငွေ ပိုမိုရရှိလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ပွင့်သစ္စာ**

## တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပမည်

**ရန်ကုန် မေ ၁၈**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက တိုင်းရင်းသား ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများ၊ ရိုးရာပွဲတော်များ၊ စာပေ ဂီတ ရိုးရာအသုံးအဆောင်များ၊ ဝတ်စားဆင်ယင်မှုများ စသည်တို့ကို ဖော်ထုတ်နိုင်ရန် ရည်ရွယ်၍ "တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အမွေအနှစ်များ"ဟူသော ခေါင်းစဉ်ဖြင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲကို ကျင်းပရာ စိစစ်အကဲဖြတ်ရေးအဖွဲ့က ဆုများ ရွေးချယ်သတ်မှတ်ခဲ့ပြီးဖြစ်သည်။ အဆိုပါဓာတ်ပုံပြိုင်ပွဲ၏ ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို မေ ၂၃ ရက် (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ရှိ Sule Shangri-La Hotel, Myanmar Ballroom-2 ၌ ကျင်းပမည် ဖြစ်သည်။

ဆုရရှိသူများသည် ဆုများလက်ခံရယူရေးနှင့်ပတ်သက်၍ ပြိုင်ပွဲကျင်းပရေးကော်မတီ ဖုန်းနံပါတ် ၀၁-၂၀၁၉၃၆၊ ၀၁-၃၇၁၃၄၀၊ ၀၁-၃၇၁၃၄၂ တို့သို့ ဆက်သွယ်ဆောင်ရွက်ကြပါရန် နှိုးဆော်ထားကြောင်း သိရသည်။

**သတင်းစဉ်**

## ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မှုခင်းကျဆင်းရေး ဆောင်ရွက်

**ရမ်းဗြဲ မေ ၁၈**

ရမ်းဗြဲမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး သိန်းလှိုင်နှင့် ပူးပေါင်းအဖွဲ့သည် မေ ၁၁ ရက်မှစတင်၍ ရမ္မဝတီဈေးလမ်းဆုံ၌ ယာဉ်စည်းကမ်း လမ်းစည်းကမ်းများ ထိန်းသိမ်းကြပ်မတ်ခဲ့ပြီး သင်္ကြန်ကာလအတွင်း ယာဉ်အန္တရာယ်ကင်းဝေးစေရေးနှင့် သတိပေးနှိုးဆော်သည့် လက်ကမ်းစာစောင်များကို ပြည်သူများထံ ဖြန့်ဝေပေးပြီး မဟာသင်္ကြန်ကာလအတွင်း မှုခင်းကျဆင်းစေရန်နှင့် သင်္ကြန်ပွဲတော်တွင် ယာဉ်မောင်းသူများ ယာဉ်မတော်တဆနှင့် ယာဉ်အန္တရာယ် မဖြစ်ပွားစေရေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**၅၂၂**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် မေ ၁၈**

ရန်ကုန်(ရွှေဈေး) ၉၄၄၅၀၀ - ၉၄၄၅၀၀ မန္တလေး(ရွှေဈေး) ၉၄၄၅၀၀ - ၉၄၄၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၁၅/၈၂၅ ကျပ်၊ | ၈၄၅/၈၆၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၂၅/၈၄၅ ကျပ်၊ | ၈၉၀/၉၁၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၈၀/၈၀၅ ကျပ်၊ | ၈၅၅/၈၆၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၂၅/၈၄၀ ကျပ်၊ | ၈၆၀/၈၇၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၇၇၀/၇၇၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၇၈/၇၈၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၂၀/၇၂၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၂၆. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၄၀. ၃ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၁၁. ၀၆ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၂. ၅၀၀ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၄၀. ၉၀ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၀. ၁၈၉ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၂၃၆. ၉ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၄. ၄၄ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၂၉. ၇ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၁၁. ၅ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

## ဦးစားပေး ရည်မှန်းချက်ပန်းတိုင်

ကျွန်တော့်အနေနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ဦးစားပေးရည်မှန်းချက်ပန်းတိုင်တွေဖြစ်တဲ့ (၁) တရားဥပဒေစိုးမိုးရေးနဲ့ ပြည်သူများရဲ့ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေး၊ (၂) အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေး၊ (၃) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးတို့ကို ဦးတည်ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က
ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်တွင်
ကတိသစ္စာပြုပွဲအခမ်းအနား၌ ပြောကြားသည့်
မိန့်ခွန်းမှကောက်နုတ်ချက်)

## စုပေါင်းအင်အား

ကျွန်မတို့နိုင်ငံအတွက် အလိုအပ်ဆုံးဖြစ်တဲ့ ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်ရေး တည်ဆောက်ရာမှာ **စုပေါင်းအင်အားဟာ** အဓိကပါ။ တိုင်းရင်းသားများအကြား နှစ်ရှည်လများစွာ ဖြစ်ပွားလာခဲ့တဲ့ လက်နက်ကိုင်ပဋိပက္ခများ ငြိမ်းအေးစေဖို့ အပြန်အလှန် နားလည်မှု၊ အပြန်အလှန် လေးစားမှုက အခြေခံအုတ်မြစ်ပါ။ ဒီအုတ်မြစ်ကို **စုပေါင်းအင်အားနဲ့** ခိုင်မာအောင် ဆောက်တည်နိုင်ပါတယ်။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်
၁ - ၄ - ၂၀၁၈ ရက်နေ့က ပြောကြားသည့်
နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့်
မိန့်ခွန်းမှ ကောက်နုတ်ချက်)



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး မြိုနှင့် ဒိုင်းနက်လူမျိုးတို့အား တွေ့ဆုံအားပေးစဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးစဉ်။

✳ **မောင်တောမှ**

ထို့နောက် သစ်တုံးနားခွဆုံကျေးရွာတွင် ဒေသခံမြိုတိုင်းရင်းသားများအတွက် နေအိမ်များ ပြန်လည်တည်ဆောက်ပြီးစီးမှုနှင့် ပြန်လည်နေရာချထားပေးမည့် အခြေအနေတို့ကို ကြည့်ရှုပြီး ၎င်းတို့၏ လိုအပ်ချက်များတင်ပြမှုအပေါ် ဆောင်ရွက်ပေးရမည့် လုပ်ငန်းများနှင့်ပတ်သက်၍ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ခုံတိုင်ကျေးရွာတွင် ဒေါ်ခင်ကြည် ဖောင်ဒေးရှင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနတို့မှ နေအိမ်များ တည်ဆောက်ပြီးစီးမှုနှင့် နေရာချထားပေးမှုအခြေအနေကို ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဧပြီ ၁၂ ရက်က မီးလောင်ကျွမ်းခဲ့သည့် ငါးခူရကျေးရွာသို့ရောက်ရှိပြီး မီးဘေးသင့် ပြည်သူများကို ယာယီနေရာချထားပေးမှုအခြေအနေ၊ ကူညီထောက်ပံ့ပေးနေမှု အခြေအနေနှင့် မီးလောင်ကျွမ်းမှုဖြစ်ပွားရသည့် အခြေအနေကို စစ်ဆေးကြည့်ရှုသည်။ ထို့နောက် ငါးခူရပြန်လည်လက်ခံရေးစခန်းအတွင်း လှည့်လည်ကြည့်ရှုသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အနေဖြင့် မီးလောင်ဆုံးရှုံးခဲ့သည့်နေအိမ်များ ပြန်လည်တည်ဆောက်ပေးနိုင်ရေး အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လှဖိုးခေါင်ကြားစခန်း၌ ပြန်လည် ဝင်ရောက်လာသူများအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုအခြေအနေများ၊ အဆောက်အအုံ တည်ဆောက်ပြီးစီးမှုနှင့် ကျန်းမာရေးဆေးခန်းထားရှိမည့်နေရာတို့ကို ကြည့်ရှုခဲ့ပြီး ကျန်ရှိသော အဆောက်အအုံများ အမြန်ဆုံး တည်ဆောက်ပြီးစီးရေး ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ မောင်တောဒေသ အကြမ်းဖက်မှုဖြစ်စဉ်ကြောင့် နေရပ်စွန့်ခွာသွားကြသူများအနက် နှစ်နိုင်ငံနယ်နိမိတ်မျဉ်းအနီး ရောက်ရှိနေထိုင်ခဲ့သော အက်ဖ်တာအာလွမ်ပါ မိသားစု ငါးဦးနှင့် တွေ့ဆုံ၍ ပြန်လည်ဝင်ရောက်လာမှုအခြေအနေနှင့် အတွေ့အကြုံများ၊ အခက်အခဲများကို မေးမြန်းကာ ထောက်ပံ့ငွေများပေးအပ်ခဲ့ပြီး**(ယာပုံ)** မောင်တောခရိုင် ရခိုင်ရိုးရာ ရေကစားမဏ္ဍပ် ရေသဘင်ပွဲတော်အား ပြည်သူများနှင့်အတူ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စစ်တွေမြို့သို့ ပြန်လည်ရောက်ရှိပြီး ခေါင်းဒုတ်ကား IDP စခန်းသို့သွားရောက်ကြည့်ရှုကာ စခန်းပိတ်သိမ်းနိုင်ရေးနှင့် ပြန်လည်နေရာချထားရေးကိစ္စရပ်များနှင့်ပတ်သက်၍ စခန်းတာဝန်ခံများနှင့် တွေ့ဆုံဆွေးနွေးညှိနှိုင်းသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယမန်နေ့ ညနေပိုင်းတွင် စစ်တွေမြို့သို့ ရောက်ရှိပြီး ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ဧည့်ရိပ်သာ အစည်းအဝေးခန်းမ၌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ရခိုင်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဖုန်းတင့်၊ လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီး ဦးအောင်ကျော်ဇံနှင့် ဌာနဆိုင်ရာအကြီးအကဲများအား တွေ့ဆုံခဲ့သည်။

အဆိုပါတွေ့ဆုံပွဲတွင် ရခိုင်ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်၍ ဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ ရခိုင်ဒေသတည်ငြိမ်အေးချမ်းရေးဖော်ဆောင်ရာတွင် ဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ ၂၀၁၂ခုနှစ်မှစ၍ ဖွင့်လှစ်ခဲ့သော IDP စခန်းများကို ပိတ်သိမ်းရေး ကိစ္စရပ်များ၊ NVC ကိုင်ဆောင်ရေး ကိစ္စရပ်များ အရှိန်မြှင့်ဆောင်ရွက်ရေး၊ NVC ကိုင်ဆောင်ရခြင်း၏ အကျိုးကျေးဇူး (၈) ချက်အား အောက်ခြေအထိ သိရှိနားလည် သဘောပေါက်လာစေရန် ကျယ်ပြန့်စွာ အသိပညာပေးရန်အတွက် ဌာနဆိုင်ရာများက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရေး၊ NVC ကိုင်ဆောင်သူများအတွက် ကျန်းမာရေး စောင့်ရှောက်မှု ပိုမိုလက်လှမ်းမီရရှိရေး၊ အဆင့်မြင့်ပညာ ဆက်လက်သင်ကြားရေး၊ မောင်တောမြို့နယ်ရှိ နေရပ်စွန့်ခွာသူများအတွက် ဆောက်လုပ်ပြီး နေအိမ်များတွင် တိုင်းရင်းသားဒေသခံများနှင့် အစ္စလာမ်ဘာသာဝင်များအား အလျင်အမြန် ပြန်လည်နေရာချထားပေးရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်ရေး ကူညီဆောင်ရွက်ပေးရေး၊ လယ်ယာမြေများ ပြန်လည်လုပ်ကိုင်ရေး၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အိန္ဒိယနိုင်ငံမှ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ငါးသန်းနှုန်းဖြင့် စုစုပေါင်း(၅)နှစ် ထောက်ပံ့မှုဖြင့် ဆောင်ရွက်ပေးမည့် လုပ်ငန်းကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# မြောက်ကိုရီးယား၏ နျူပြဿနာနှင့်ပတ်သက်၍ ဖြေရှင်းနိုင်မည့် မဟာအခွင့်အရေးရှိနေပြီဟု သမ္မတထရန့်ပြော

**ပမ်းဘိချ် မေ ၁၈**

မြောက်ကိုရီးယား၏ နျူကလီးယားပြဿနာနှင့်ပတ်သက်၍ ဖြေရှင်းနိုင်မည့် မဟာအခွင့်အရေးတစ်ရပ်ကို မိမိတွေ့မြင်ထားပြီဖြစ်ကြောင်း အမေရိကန်သမ္မတဒေါ်နယ်ထရန့်က ဖလော်ရီဒါပြည်နယ်ရှိ မာရာလာဂို အပန်းဖြေစံအိမ်တော်၌ ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် တွေ့ဆုံဆွေးနွေးပြီးနောက် သတင်းထောက်များနှင့် တွေ့ဆုံရာတွင် ပြောကြားလိုက်သည်။

အမေရိကန်နှင့် မြောက်ကိုရီးယားအကြား တိုက်ရိုက်ဆက်သွယ်မှုများ ရှိနေပြီဟု သမ္မတထရန့်က ဧပြီ ၁၇ ရက်တွင် ကျင်းပသော ပူးတွဲသတင်းစာရှင်းလင်းပွဲတွင် အတည်ပြုပြောကြားသည်။

ကိုရီးယားစစ်ပွဲ တရားဝင်ပြီးဆုံးခြင်းသို့ ရောက်ရှိစေရန် ရည်ရွယ်သော ထိပ်သီးဆွေးနွေးပွဲများ အောင်မြင်ပါစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း သမ္မတထရန့်က ပြောကြားခဲ့ရာ သံတမန်ရေးအရ အံ့အားသင့်ဖွယ်ရာ ထုတ်ဖော်ပြောဆိုချက်အဖြစ် ရှုမြင်ကြရသည်။

ကိုရီးယားကျွန်းဆွယ်ဆိုင်ရာ ကမ္ဘာ့ပြဿနာကြီးတစ်ရပ်ကို ဆွေးနွေးဖြေရှင်းနိုင်မည့် မဟာအခွင့်အလမ်းတစ်ရပ်မှာ မိမိတို့၏ လက်တစ်ကမ်းအလိုတွင်ရှိနေပြီဟု သမ္မတထရန့်က ပြောကြားလိုက်ရာ လာမည့်ထိပ်သီးဆွေးနွေးပွဲများတွင် မကြုံစဖူး ထူးထူးကဲကဲ သဘောတူညီချက်တစ်ရပ် ရလာနိုင်သည်ဆိုသော မျှော်လင့်ချက်များ မြင့်မားလာသည်။

ကိုရီးယားနှစ်နိုင်ငံတို့၏ ရှားရှားပါးပါး ထိပ်သီးဆွေးနွေးပွဲကို ၁၀ ရက်တာကာလအတွင်း ကျင်းပနိုင်ရန် မိမိဆန္ဒပြုပါကြောင်း၊ ၁၉၅၀-၅၃ ခုနှစ် ကိုရီးယားစစ်ပွဲ တရားဝင်အဆုံးသတ်ရေး ငြိမ်းချမ်းရေးစာချုပ် ပေါ်ထွန်းလာစေရေးအတွက် နှစ်နိုင်ငံဆွေးနွေးကြရန် မိမိတိုက်တွန်းကြောင်း သမ္မတထရန့်က ပြောကြားသည်။

ကိုရီးယားနှစ်နိုင်ငံသည် ကိုရီးယားစစ်ပွဲကို နှစ်နိုင်ငံအပစ်အခတ်ရပ်စဲရေး သဘောတူညီချက်အရသာ အဆုံးသတ်ခဲ့ကြပြီး နှစ်နိုင်ငံအကြား ငြိမ်းချမ်းရေးစာချုပ်ချုပ်ဆိုနိုင်ခြင်း မရှိခဲ့ကြပေ။

ကိုရီးယားစစ်ပွဲ မပြီးဆုံးသေးဟူသောအချက်ကို ပြည်သူများ သဘောမပေါက်ကြသေးဘဲ ရှိနေကြောင်း၊ ငြိမ်းချမ်းရေးစာချုပ် မချုပ်ဆိုနိုင်သေးသရွေ့ စစ်ပွဲဆက်လက်ဖြစ်ပွားနေသည်ဟု ဆိုနိုင်ကြောင်း သမ္မတထရန့်က ပြောကြားသည်။

သမ္မတထရန့်နှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်တို့သည် တိုက်ရိုက်စကားပြောဆိုခြင်းမရှိသေးဟု အိမ်ဖြူတော်က ပြောကြားသည်။



သို့ရာတွင် နှစ်နိုင်ငံအကြား ဆက်သွယ်မှုရှိနေပြီဟု သမ္မတထရန့်က ဆိုသည်။

စီအိုင်အေညွှန်ကြားရေးမှူး မိုက်ပွန်ပီယိုသည် နိုင်ငံခြားရေးဝန်ကြီးရာထူးနေရာအတွက် အမည်စာရင်းတင်သွင်းခံခဲ့ရပြီးနောက် ဧပြီလ ပထမရက်သတ္တပတ်၏ နောက်ဆုံးနေ့ရက်များအတွင်း မြောက်ကိုရီးယားသို့ လျှို့ဝှက်သွားရောက်ကာ ခေါင်းဆောင်ကြီးကင်နှင့် တွေ့ဆုံခဲ့သည်ဟု ဝါရှင်တန်ပို့စ်သတင်းစာက ရေးသားဖော်ပြခဲ့သည်။

**အေအက်ဖ်ပီ။**



# ဆီးရီးယား၌ အာရပ်တပ်ဖွဲ့ဖြန့်ကြက်ရေး ဆော်ဒီနိုင်ငံခြားရေးဝန်ကြီး ထောက်ခံ

**ရီယာ့ဒ် မေ ၁၈**

ဆီးရီးယားနိုင်ငံ၌ မိမိတို့၏ တပ်ဖွဲ့များဖြန့်ကြက်ရန် ဆန္ဒရှိကြောင်း ဆော်ဒီအာရေဗျ နိုင်ငံခြားရေးဝန်ကြီး အဗ္ဗဒီအယ်လ်ဂျူဘေးက ဧပြီ ၁၇ ရက်တွင် ထပ်လောင်းပြောကြား လိုက်သည်။

ပြည်တွင်းစစ်မီး တောက်လောင်နေသော ဆီးရီးယားနိုင်ငံ တည်ငြိမ်ရေးအတွက် အမေရိကန်ဦးဆောင်သော စစ်ရေးလှုပ်ရှားမှုများတွင် ပူးပေါင်းပါဝင်ရန် ဆန္ဒရှိပုံကို ဆော်ဒီနိုင်ငံခြားရေးဝန်ကြီးက ထုတ်ဖော်ပြောကြားခြင်း ဖြစ်သည်။

၂၀၁၁ ခုနှစ်တွင် ပြည်တွင်းစစ် စတင်ဖြစ်ပွားခဲ့ချိန်မှစ၍ ဆီးရီးယားနိုင်ငံသို့ တပ်ဖွဲ့များစေလွှတ်ရေးကိစ္စနှင့်ပတ်သက်၍ အမေရိကန်အစိုးရအဖွဲ့နှင့် ဆွေးနွေးမှုများ ရှိခဲ့ကြောင်း နိုင်ငံခြားရေးဝန်ကြီး ဂျူဘေးက ရီယာ့ဒ်မြို့၌ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်သော်နျူးဂူတဲရက်ရှ်နှင့် ပူးတွဲပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်၏ အစိုးရအဖွဲ့သည် ဆီးရီးယားရှိ အမေရိကန်တပ်ဖွဲ့၏ နေရာတွင် အစားထိုးရန် ဆော်ဒီအာရေဗျနှင့် အာရပ်စော်ဘွားများပြည်ထောင်စု(ယူအေအီး)တို့မှ တပ်ဖွဲ့ဝင်များ အပါအဝင် အာရပ်တပ်ဖွဲ့တစ်ဖွဲ့ကို ကျယ်ကျယ်ပြန့်ပြန့်ဖွဲ့စည်းရန် အဆိုပြုထားသည်ဟု အမေရိကန်တွင် ထုတ်ဝေသော ဝေါစထရိဂျာနယ် အမည်ရှိသတင်းစာက ဧပြီ ၁၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အမေရိကန်၊ ဗြိတိန်နှင့် ပြင်သစ်တို့က ဆီးရီးယားနိုင်ငံတွင် အစိုးရ၏ ဓာတုလက်နက်အစီအစဉ်နှင့် အကျုံးဝင်သော နေရာများကို ပစ်မှတ်ထားကာ လေကြောင်းမှ တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ပြီးနောက် အာရပ်တပ်ဖွဲ့ဖွဲ့စည်းရေးအဆိုပြုချက် ပေါ်ထွက်လာခြင်းဖြစ်သည်။

ဆီးရီးယားသို့ နိုင်ငံစုံတပ်ဖွဲ့စေလွှတ်ရေး အယူအဆကို ယခင်သမ္မတအိုဘားမား လက်ထက်ကလည်း ဆွေးနွေးခဲ့ဖူးကြောင်း နိုင်ငံခြားရေးဝန်ကြီး ဂျူဘေးက ပြောကြားသည်။

အမေရိကန် ဦးဆောင်သော စစ်ရေးလှုပ်ရှားမှု အစီအစဉ်ကို ထောက်ခံသည်ဟု ဆော်ဒီအိမ်ရှေ့မင်းသား မိုဟာမက်ဘင်ဆယ်လ်မန်ကလည်း မကြာသေးမီက ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ။**

# ယီမင်ငြိမ်းချမ်းရေးလမ်းပြမြေပုံကို နှစ်လအတွင်း တင်ပြမည်ဟု ကုလအထူးသံတမန်ပြော

**ကုလသမဂ္ဂ မေ ၁၈**

ယီမင်နိုင်ငံ၌ ဖြစ်ပွားနေသည့် လက်နက်ကိုင် တိုက်ခိုက်မှုများ အဆုံးသတ်စေရေးအတွက် ညှိနှိုင်းဆွေးနွေးမှုများ ပြန်လည်စတင်နိုင်ရန် ငြိမ်းချမ်းရေးအစီအစဉ်ကို လာမည့်နှစ်လတာကာလအတွင်း တင်ပြမည်ဟု ယီမင်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူးသံတမန်အသစ် ဂရစ်ဖစ်သ်က ဧပြီ ၁၇ ရက်တွင် ပြောကြားသည်။

သို့ရာတွင် ဆော်ဒီအာရေဗျနိုင်ငံအား ယီမင်နိုင်ငံတွင်းမှ ဒုံးကျည်များဖြင့် ပစ်ခတ်မှုတိုးမြှင့်ပြုလုပ်နေခြင်းသည် ငြိမ်းချမ်းရေးဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်ရေး၌ လမ်းချော်နိုင်ကြောင်း ၎င်းက သတိပေးပြောကြားသည်။

ဆော်ဒီအာရေဗျနိုင်ငံအား ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းနှင့် ယီမင်နိုင်ငံအတွင်း၌ တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပေါ်နေခြင်းတို့ကြောင့် တင်းမာမှုများ ပိုမိုမြင့်တက်လာစေနိုင်ပြီး ငြိမ်းချမ်းရေးအတွက် စားပွဲဝိုင်းဆွေးနွေးမှုများ ပျက်ပြားသွားစေနိုင်ကြောင်း ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ယီမင်ဆိုင်ရာ ကုလသမဂ္ဂအထူးသံတမန်သစ် မာတင်ဂရစ်ဖစ်သ်က ၎င်း၏ ပထမဆုံးသော အစီရင်ခံစာတင်သွင်းရာတွင် ပြောကြားသည်။

ယီမင်နိုင်ငံ ငြိမ်းချမ်းရေးရရှိရေးအတွက် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်နိုင်မည့် လမ်းပြမြေပုံကို ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ နှစ်လအတွင်း တင်ပြမည်ဟု ဖေဖော်ဝါရီလတွင် အထူးသံတမန်အဖြစ် စတင်တာဝန်ထမ်းဆောင်သူ ဂရစ်ဖစ်သ်က ပြောကြားသည်။

ဆော်ဒီအာရေဗျ ဦးဆောင်သည့် ညွန့်ပေါင်းတပ်ဖွဲ့များနှင့် ဟူသီသူပုန်တို့သည် ဧပြီ ၁၇ ရက်တွင် တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သည်။ ဆော်ဒီအာရေဗျနိုင်ငံအား ဒုံးကျည်များဖြင့် ထပ်မံပစ်ခတ်ပါက ဟူသီသူပုန်များအား လက်တုံ့ပြန်မည်ဟု ညွန့်ပေါင်းတပ်ဖွဲ့က သတိပေးခဲ့သည်။

ဧပြီ ၁၇ ရက်နှောင်းပိုင်းတွင် ယီမင်နိုင်ငံမှ ဟူသီသူပုန်များက ဆော်ဒီအာရေဗျနိုင်ငံတောင်ပိုင်း နက်ဂျ်ရန်ပြည်နယ်သို့ ဦးတည်၍ ဒုံးကျည်များဖြင့် ပစ်ခတ်ခဲ့ရာတွင် ဆော်ဒီလေကြောင်းရန်ကာကွယ်ရေးစနစ်က ကြားဖြတ်ဟန့်တားနိုင်ခဲ့ကြောင်း နိုင်ငံပိုင် အယ်လ်အက်စ်ဟာရီးယား ရုပ်မြင်သံကြားသတင်းတွင် ဖော်ပြသည်။

**အေအက်ဖ်ပီ။**



# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြင်ဦးလွင်တပ်နယ် တပ်မတော်အုပ်ချုပ်မှုကျောင်း၌ တက်ရောက်လျက်ရှိသည့် ဥပဒေ(အရာရှိ)ဒီပလိုမာသင်တန်းမှ တပ်မတော်အရာရှိကြီးများအား တွေ့ဆုံ



**နေပြည်တော် ဧပြီ ၁၈**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ပြင်ဦးလွင်တပ်နယ် တပ်မတော် အုပ်ချုပ်မှုကျောင်း၌ တက်ရောက်လျက်ရှိသည့် ဥပဒေ (အရာရှိ) ဒီပလိုမာသင်တန်းမှ တပ်မတော်အရာရှိကြီးများ အား ယနေ့နံနက်ပိုင်းတွင် တွေ့ဆုံပြီး အမှာစကား ပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိမိတို့ တပ်မတော်သားများသည် ဥပဒေနှင့်အညီ လက်နက်ကိုင် သည့် အဖွဲ့အစည်းဖြစ်သဖြင့် ဥပဒေကို သိရှိအောင် ဆောင်ရွက်ပြီး စည်းကမ်းများကို လိုက်နာရန်လိုအပ် ကြောင်း၊ စစ်သည်တော်ကျင့်ဝတ်ပါစည်းကမ်းများနှင့် နိုင်ငံတကာ စစ်ပွဲများတွင် လိုက်နာဆောင်ရွက်ရသည့် ဂျီနီဗာကွန်ဗင်းရှင်းအား လိုက်နာရန် လိုအပ်ပြီး မိမိ ကိုယ်ကို ခုခံပိုင်ခွင့်များအား ဥပဒေနှင့်အညီ ဆောင်ရွက် ရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့ပြင် တရားဥပဒေကို မသိနားမလည်ဟုဆိုပြီး ချီးဖောက်၍ မရကြောင်း၊ တပ်မတော်တွင် စစ်မှုထမ်း ဥပဒေအရ ၁၈ နှစ်ပြည့်ပြီးမှသာ တပ်မတော်အတွင်း တာဝန်ထမ်းဆောင်ခွင့်ရှိကြောင်း၊ မိမိတို့အနေဖြင့် စစ်ဘက်၊ အရပ်ဘက်ဥပဒေနှစ်ခုစလုံးအား လိုက်နာနေရ သူများဖြစ်ပြီး ဥပဒေချိုးဖောက်ပါက ဥပဒေအရ အရေး ယူ ဆောင်ရွက်ခံရမည်ဖြစ်ကြောင်း။

ရခိုင်ပြည်နယ် ဘူးသီးတောင်-မောင်တောဒေသတွင် ဖြစ်ပွားခဲ့သည့် ပြဿနာများအား ဂျီနီဗာကွန်ဗင်းရှင်းနှင့် အညီ တပ်မတော်မှဆောင်ရွက်ခဲ့ပြီး လိုက်နာမှုမရှိသည့် အရာရှိ၊ စစ်သည်များအား အရေးယူဆောင်ရွက်ခဲ့ရ သည်များလည်းရှိကြောင်း၊ ARSA အစွန်းရောက် အကြမ်းဖက်သမားများသည် မိမိတို့ လုံခြုံရေးတပ်စခန်း များနှင့် ဒေသခံပြည်သူများအား အလစ်အငိုက်ဝင်ရောက် တိုက်ခိုက်ခဲ့ပြီး မိမိတို့မှ နယ်မြေလုံခြုံရေးဆောင်ရွက် သည့်အခါ ၎င်းတို့အား အနိုင်ကျင့်သတ်ဖြတ်သည်ဟု မီဒီယာများအား ဖြေကြားခဲ့သဖြင့် နိုင်ငံတကာအဖွဲ့အစည်း တချို့က မိမိတို့တပ်မတော်အပေါ် စွပ်စွဲပြောဆိုမှုများ ရှိကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံတကာဥပဒေများတွင် ပါဝင် သည့် နယ်စပ်ဒေသဆက်ဆံရေး ဥပဒေ၊ ပိုင်နက်ဒေသနှင့် ဆက်စပ်သည့် ဥပဒေနှင့် လေကြောင်းဥပဒေများသည် မိမိတို့အတွက် အရေးကြီးကြောင်း၊ ကုလသမဂ္ဂ၏လုပ်ထုံး လုပ်နည်းများနှင့် နိုင်ငံတကာ သဘောတူညီချက်များကို လည်း သိရှိနားလည်ရန်လိုကြောင်း စသည်ဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၁၈ ခုနှစ် မတ်လအတွင်း အလုပ်သမားရေးရာဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်ပေး

**နေပြည်တော် ဧပြီ ၁၈**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အလုပ် သမားညွှန်ကြားရေးဦးစီးဌာနအနေဖြင့် အလုပ်ခန့်ထားမှုဆိုင်ရာ သဘော တူစာချုပ် ပုံစံဖြင့် အမျိုးသား ၇၅၄၉ ဦး၊ အမျိုးသမီး ၁၄၃၃၈ ဦးတို့အတွက် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် ၂၁၈၈၇ ဦး ချုပ်ဆိုခဲ့သည်။ အလုပ်ရှင်၊ အလုပ်သမား အငြင်းပွားမှုများကို ညှိနှိုင်းဖျန်ဖြေပေးရန်အတွက် မြို့နယ်များတွင် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များကို ဖွဲ့စည်းထားရှိ ဆောင် ရွက်ခဲ့ရာ ၂၀၁၈ ခုနှစ် မတ်လအတွင်း လက်ခံရရှိမှု ၁၁၆ မှုတွင် ကျေအေးမှု ၂၄ မှု၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့သို့ လွှဲပြောင်းမှု ၁၆ မှု တို့ဖြစ်ပြီး ပိတ်သိမ်းမှု တစ်မှု၊ ငွေကြေးအကျိုးခံစားခွင့် ၇၅ မှုအတွက် ခံစားခွင့်ရှိသူ ၄၁၀ ဦးအား ငွေကျပ် ၁၈၇၃၄၉၀၂၀ နှင့် အမေရိကန်ဒေါ်လာ ၃၀၀ ကို ခံစားစေခဲ့သည်။

အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနအနေဖြင့် အများ ပြည်သူအလုပ်ပိတ်ရက် အလုပ်လုပ်ခြင်း၊ လုပ်သက်ခွင့်ကို ငွေကြေးဖြင့် ခံစား ခွင့်ပေးခြင်း၊ လုပ်အားခ ကျန်ငွေမရရှိမှုများ၊ ရှောင်တခင်ခွင့်၊ ဆေးခွင့်နှင့် မီးဖွားခွင့်များယူရာတွင် ငွေကြေးခံစားခွင့်များရရှိအောင် ဆောင်ရွက်ပေးခဲ့ရာ ငွေကြေးခံစားခွင့် ငွေကျပ်သိန်းပေါင်း ၁၁၀၀၀ ကျော် ခံစားခွင့်ပေးနိုင်ခဲ့ပြီး စက်ရုံ၊ အလုပ်ရုံများတွင် အလုပ်သမားများ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးအသိပညာရရှိစေရန်အတွက် မြို့နယ်အလုပ် ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာန၊ စစ်ဆေးရေးအရာရှိများက စက်ရုံ၊ အလုပ်ရုံ ၆၄၄ ရုံမှ အလုပ်ရှင်၊ အလုပ်သမားများအား လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးဆိုင်ရာနှင့် ဥပဒေရေးရာ သိမှတ်ဖွယ် ရာများအား ပညာပေး ဟောပြောပို့ချမှု ၃၁၅ ကြိမ် ဆောင်ရွက်ခဲ့သည်။

အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ခုံသမာဓိကောင်စီမှ အလုပ်သမားရေးရာ အငြင်းပွားမှု ၁၀ မှုကို ဖြေရှင်းဆောင်ရွက်ပေးခဲ့ရာ အလုပ်သမား ၃၇ ဦးအတွက် ငွေကြေးအကျိုးခံစားခွင့် ကျပ်သိန်းပေါင်း ၈၀ ကျော်ရရှိစေခဲ့ပြီး ခုံသမာဓိအဖွဲ့အနေဖြင့် အလုပ်သမားရေးရာ အငြင်းပွားမှု ၁၅ မှုကို ဖြေရှင်းဆောင်ရွက်ပေးခဲ့ရာ အလုပ်သမား ၁၅ ဦးအတွက် ငွေကျပ် သိန်း ၅၀ ကျော် ရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် လူမှုဖူလုံရေးဥပဒေတွင် အကျုံးဝင်သော စက်ရုံ၊ အလုပ်ရုံများရှိ အလုပ်သမားများအား လူမှုဖူလုံရေးအကျိုးခံစားခွင့် များရရှိရေးနှင့် ဆေးဝါးကုသပေးခြင်းများ ဆောင်ရွက်ရာတွင် ငွေကြေးအကျိုး ခံစားခွင့်များ ထုတ်ပေးမှုအနေဖြင့် အာမခံအလုပ်သမားများအား ငွေကြေး အကျိုးခံစားခွင့်များအလိုက် ငွေကျပ် သိန်းပေါင်း ၇၀၀၀ ကျော် အကျိုးခံစား ခွင့်ပေးခဲ့ပြီး အာမခံအလုပ်သမား ၇၅၀ အတွက် ဆေးဖိုးကုန်ကျငွေ ကျပ်သိန်း ၆၀၀ ကျော် ပြန်လည်ထုတ်ပေးခဲ့သည်။

အာမခံအလုပ်သမားများအား ၂၀၁၈ခုနှစ် မတ်လအတွင်း အလုပ်သမား ဆေးရုံကြီးများ၊ လူမှုဖူလုံရေးဆေးခန်းများနှင့် ဌာနကြီးဆေးခန်းများတွင် ဆေးကုသပေးမှုအခြေအနေဖြင့် အလုပ်သမား ဆေးရုံကြီး သုံးရုံမှ ၇၈၈၁ ဦး၊ လူမှုဖူလုံရေးဆေးခန်း ၉၆ ခန်း၊ ဌာနကြီးဆေးခန်း ၅၅ ခန်းနှင့် လူမှုဖူလုံရေး- ကဲဝဲလ်ဆေးခန်းတို့မှ ဆေးကုသပေးမှု ၆၀၀၉၁ ဦး၊ အလုပ်သမားဆေးရုံကြီး သုံးရုံမှ ဆရာဝန်များ ကွင်းဆင်းဆေးကုသပေးမှု ငါးကြိမ်မှ ၁၃၉၀ ဦး၊ လူမှုဖူလုံရေးဆေးခန်းများမှ ဆရာဝန်များ ကွင်းဆင်းဆေးကုသမှုအကြိမ် ၁၀၀ မှ ၂၀၉၈ ဦးတို့ကို ဆေးကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်သမ္မတရုံး၏ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်ဖြင့် တနင်္သာရီမြို့နယ် ဆင်ဖြူရှင်စခန်းမှ အကျဉ်းသား ၉၂ ဦး လွတ်မြောက်

**တနင်္သာရီ ဧပြီ ၁၈**

နိုင်ငံတော်သမ္မတရုံး၏ ပြစ်ဒဏ် လွတ်ငြိမ်းသက်သာခွင့်ဖြင့် ယမန်နေ့ မွန်းလွဲ ၂ နာရီခွဲက တနင်္သာရီ မြို့နယ် သိန်ခွန်းကျေးရွာအုပ်စု ထုံခါးကျေးရွာရှိ ဆင်ဖြူရှင် စိုက်ပျိုးမွေးမြူရေးနှင့် အသက် မွေးမှုအတတ်သင်စခန်းမှ အကျဉ်း သား ၉၂ ဦးကို လွတ်ငြိမ်းသက်သာ ခွင့် ပြုလိုက်ကြောင်း သိရ သည်။

ထိုသို့ လွတ်ငြိမ်းသက်သာခွင့်ပြု ရာတွင် ဆင်ဖြူရှင်စခန်း ရှင်းလင်း ဆောင်အတွင်း မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး စောမောင်၊ ဆင်ဖြူရှင်စခန်း တာဝန်ခံ ဦးအောင်မင်းတို့က လွတ်ငြိမ်းသက်သာခွင့်ရသူများနှင့် တွေ့ဆုံပြီး ဆုံးမသြဝါဒ အားပေး စကားပြောကြားခဲ့ကြောင်း သိရ သည်။

အဆိုပါ ဆင်ဖြူရှင်စခန်းတွင် စုစုပေါင်း ၉၂ ဦးတို့ကို လွတ်ငြိမ်း သက်သာခွင့်ပြုခဲ့ပြီး လွတ်မြောက် သူများ၏ လုပ်အားခငွေကျပ် ၉၉၆၆၄၀၀ ကို ဆင်ဖြူရှင်စခန်း တာဝန်ခံ ဦးအောင်မင်းက တစ်ဦးချင်းထံသို့ ထောင်ပုံစံ(၃၂) ဖြင့် ပေးအပ်ခဲ့ကြောင်း သိရသည်။

**ထိန်ဝင်း(ပြန်/ဆက်)၊ ဓာတ်ပုံ-စောမြင့်**



# ညောင်ဦးမြို့ အကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ၃၇ ဦး လွတ်ငြိမ်းသက်သာခွင့် ရရှိ

**ညောင်ဦး ဧပြီ ၁၈**

နိုင်ငံတော်သမ္မတရုံး၏ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ဖြင့် ဧပြီ ၁၇ ရက်က မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့ အကျဉ်းထောင်မှ အကျဉ်းသား ၃၆ ဦး၊ အကျဉ်းသူ တစ်ဦး စုစုပေါင်း အကျဉ်းသား အကျဉ်းသူ ၃၇ ဦး လွတ်ငြိမ်း သက်သာခွင့် ရရှိခဲ့ကြောင်း ညောင်ဦးမြို့နယ် အကျဉ်းဦးစီးဌာနရုံးမှ သိရသည်။

မြန်မာနိုင်ငံတစ်ဝန်း အကျဉ်းထောင်၊ အကျဉ်းစခန်းအသီးသီးတွင် အကျဉ်းကျခံနေကြရသော နိုင်ငံသား အကျဉ်းသား အကျဉ်းသူ ၈၄၉၀ ဦးအား ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၀၁ ပုဒ်မခွဲ(၁)အရ စည်းကမ်းသတ်မှတ် ချက် မထားဘဲ လွတ်ငြိမ်းသက်သာခွင့် ပေးလိုက်ကြောင်း သိရပြီး အဆိုပါ အမိန့်အရ ညောင်ဦးမြို့ အကျဉ်းထောင်၌ ပြစ်ဒဏ်ကျခံနေရသော အကျဉ်းသား ၃၆ ဦး၊ အကျဉ်းသူ တစ်ဦး စုစုပေါင်း ၃၇ ဦးအား ပြစ်ဒဏ်မှ လွတ်ငြိမ်း သက်သာခွင့်ဖြင့် ဧပြီ ၁၇ ရက် မွန်းလွဲ ၁၂ နာရီခွဲက အကျဉ်းထောင်မှ လွတ်ငြိမ်းသက်သာခွင့်ပေးခဲ့ကြောင်း အဆိုပါ အကျဉ်းထောင်မှ တာဝန်ရှိသူ တစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

**○ ကျောဖုံးမှ**

ပြိုင်ပွဲကို အုပ်စုနှစ်စုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စု (က) တွင် ဘရူနိုင်း၊ မြန်မာ၊ ထိုင်း၊ တီမော၊ အုပ်စု (ခ) တွင် စင်ကာပူ၊ လာအို၊ ကမ္ဘောဒီးယားအသင်းတို့ ပါဝင်ကြသည်။ မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် ဧပြီ ၂၄ ရက်တွင် ထိုင်းအသင်း၊ ဧပြီ ၂၇ ရက်တွင် တီမောအသင်း၊ ဧပြီ ၃၀ ရက်တွင် ဘရူနိုင်း အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ဆီမီးဖိုင်နယ်ကို မေ ၂ ရက်၊ ဗိုလ်လုပွဲကို မေ ၅ ရက်တွင် ကျင်းပမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွှန့်**

# ကမ်းလက်ညီညီ စာကြည့်တိုက်မှူးညီလာခံဆီ

**စိုးသူဇာကျော်**

(၁၇) ကြိမ်မြောက် အရှေ့တောင်အာရှ စာကြည့်တိုက်မှူးများ ညီလာခံကြီးကို နေပြည်တော် မြန်မာကွန်ဗင်းရှင်း ဗဟိုဌာန(၂)မှာ ၂၀၁၈ ခုနှစ် မေ ၂ ရက်ကနေ မေ ၅ ရက်နေ့အထိ ကျင်းပမှာဖြစ်ပါတယ်။ ၁၉၆၇ ခုနှစ်မှာ အရှေ့တောင်အာရှနိုင်ငံများအဖွဲ့(ASEAN) ကို ဒေသအတွင်းမှာ ရှိတဲ့ နိုင်ငံအချင်းချင်း ပညာရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု စတဲ့လုပ်ငန်းတွေကို လက်တွဲဆောင်ရွက်နိုင်ဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဖွဲ့စည်းခဲ့ပါတယ်။ အရှေ့တောင်အာရှ စာကြည့်တိုက်မှူးများညီလာခံကို ၁၉၇၀ ပြည့်နှစ်မှာ စင်ကာပူမှာ ပထမဆုံး ကျင်းပခဲ့ပါတယ်။

အရှေ့တောင်အာရှ စာကြည့်တိုက်မှူးများညီလာခံကို သုံးနှစ်လျှင် တစ်ကြိမ် ကျင်းပပြီး အဖွဲ့ဝင်နိုင်ငံများက အိမ်ရှင်နိုင်ငံအဖြစ် အလှည့်ကျတာဝန်ယူလက်ခံကျင်းပပေးရပါတယ်။ ၂၀၁၅ ခုနှစ်မှာ ကျင်းပခဲ့တဲ့ (၁၆) ကြိမ်မြောက် စာကြည့်တိုက်မှူးများညီလာခံကို ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပပေးခဲ့ပြီး ထိုင်း၊ မြန်မာ၊ စင်ကာပူ၊ ကမ္ဘောဒီးယား၊ လာအို၊ ဘရူနိုင်း၊ မလေးရှား၊ မြန်မာ၊ ဗီယက်နမ် စတဲ့ အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံက စာကြည့်တိုက်မှူးများအပြင် အမေရိကန်၊ ဂျပန်၊ အိန္ဒိယစတဲ့ တခြားနိုင်ငံတွေက စာကြည့်တိုက်မှူးများလည်း တက်ရောက်လာကြပါတယ်။

အရှေ့တောင်အာရှ ဒေသအတွင်းမှာရှိတဲ့ စာကြည့်တိုက်မှူးများ၊ စာကြည့်တိုက်များ၊ ကျောင်းစာကြည့်တိုက်များ၊ စာကြည့်တိုက်အဖွဲ့အစည်းများ၊ စာကြည့်တိုက်နဲ့ ဆက်နွှယ်မှုရှိတဲ့ အဖွဲ့အစည်းများအချင်းချင်း ချိတ်ဆက်ပြီး စာကြည့်တိုက်လုပ်ငန်းများနဲ့ ပညာရပ်များ၊ သတင်းအချက်အလက်နဲ့ အထောက်အထားဆိုင်ရာ ပညာရပ်များကို ပူးပေါင်းလုပ်ဆောင်နိုင်တဲ့ ကွန်ရက်တစ်ခုဖြစ်စေဖို့ ရည်ရွယ်ပြီး အရှေ့တောင်အာရှစာကြည့်တိုက်မှူးများ ကွန်ဂရက်ကို တည်ထောင်ဖွဲ့စည်းခဲ့တာဖြစ်ပါတယ်။ နိုင်ငံတကာစာကြည့်တိုက်အဖွဲ့အစည်းများနဲ့ အရှေ့တောင်အာရှ စာကြည့်တိုက်မှူးများအဖွဲ့ လက်တွဲပြီး ဒေသတွင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး၊ ရင်ဆိုင်တွေ့ကြုံနေရတဲ့ အခက်အခဲတွေကို ဝိုင်းဝန်းဖြေရှင်းနိုင်ရေးများလည်း ပါဝင်ပါတယ်။

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမယ့် (၁၇)ကြိမ်မြောက် အရှေ့တောင်အာရှ စာကြည့်တိုက်မှူးများ ညီလာခံကို အနာဂတ်စာကြည့်တိုက်များ၊ စာကြည့်တိုက်ပညာရပ်များအတွက် ပူးပေါင်းချိတ်ဆက်ဆောင်ရွက်ရေး (Next Libraries: Collaboration and Connect) ခေါင်းစဉ်နဲ့ ကျင်းပမှာဖြစ်ပါတယ်။ (၁၇) ကြိမ်မြောက် စာကြည့်တိုက်မှူးများညီလာခံမှာ အရှေ့တောင်အာရှဒေသအတွင်းမှာရှိတဲ့ သမားရိုးကျလုပ်ဆောင်နေတဲ့ စာကြည့်တိုက်တွေ ကြုံတွေ့ရမယ့် စိန်ခေါ်မှုတွေ၊ လူနေထူထပ်တဲ့ မြို့ပြဒေသမှာ နေထိုင်ကြသူတွေသာမက ဝေးလံခေါင်သီတဲ့ ကျေးလက်ဒေသတွေနဲ့ ကျွန်းတွေမှာ နေထိုင်ကြတဲ့ ကျေးလက်လူထုအတွက်ပါ စဉ်ဆက်မပြတ်တဲ့ ဝန်ဆောင်မှုတွေပေးနိုင်ဖို့ နည်းလမ်းသစ်တွေ၊ အတွေ့အကြုံတွေကို ဝေမျှဖလှယ်ကြဖို့လည်း ရည်ရွယ်ပါတယ်။

> " စာကြည့်တိုက်တွေ ဖွံ့ဖြိုးတိုးတက်ဖို့ လုပ်ဆောင်နေရဆဲဖြစ်တဲ့ မြန်မာစာကြည့်တိုက်မှူးတွေအတွက် လေ့လာအတုယူစရာ စာကြည့်တိုက်ဆိုင်ရာ အတွေ့အကြုံတွေ၊ လုပ်ကိုင်ဆောင်ရွက်ပုံတွေကို ဒီညီလာခံကတစ်ဆင့် ရရှိနိုင်ပါတယ်။ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေဟာ ညီလာခံကျင်းပခွင့်ရဖို့ အလှည့်ကျစောင့်ကြရတဲ့အတွက် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပခွင့်ရတဲ့ (၁၇)ကြိမ်မြောက် အရှေ့တောင်အာရှ စာကြည့်တိုက်မှူးများညီလာခံဟာ မြန်မာစာကြည့်တိုက်မှူးတွေအတွက် ကြုံတောင့်ကြုံခဲ အခွင့်အရေးတစ်ရပ် ဖြစ်ပါတယ် "

အာဆီယံဒေသတွင်းမှာရှိတဲ့ တချို့နိုင်ငံတွေက စာကြည့်တိုက်တွေဟာ ဖွံ့ဖြိုးတိုးတက်နေကြပြီး တချို့နိုင်ငံတွေက စာကြည့်တိုက်တွေကတော့ ဖွံ့ဖြိုးတိုးတက်ဖို့ ဆောင်ရွက်နေကြရဆဲဖြစ်ပါတယ်။ စာကြည့်တိုက်တွေ ဖွံ့ဖြိုးတိုးတက်ဖို့ လုပ်ဆောင်နေရဆဲဖြစ်တဲ့ မြန်မာစာကြည့်တိုက်မှူးတွေအတွက် လေ့လာအတုယူစရာ စာကြည့်တိုက်ဆိုင်ရာ အတွေ့အကြုံတွေ၊ လုပ်ကိုင်ဆောင်ရွက်ပုံတွေကို ဒီညီလာခံကတစ်ဆင့် ရရှိနိုင်ပါတယ်။ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေဟာ ညီလာခံကျင်းပခွင့်ရဖို့ အလှည့်ကျစောင့်ကြရတဲ့အတွက် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပခွင့်ရတဲ့ (၁၇)ကြိမ်မြောက် အရှေ့တောင်အာရှ စာကြည့်တိုက်မှူးများညီလာခံဟာ မြန်မာစာကြည့်တိုက်မှူးတွေအတွက် ကြုံတောင့်ကြုံခဲ အခွင့်အရေးတစ်ရပ်ဖြစ်ပါတယ်။ ဒီအခွင့်အရေးကို လက်လွှတ်မခံဘဲ ညီလာခံကို တက်ရောက်ပြီး အတွေ့အကြုံတွေရယူဖို့ တင်သွင်းဖတ်ကြားတဲ့ စာတမ်းတွေကပေးမယ့် ပြောင်းလဲတိုးတက်နေတဲ့ စာကြည့်တိုက်ပညာရပ်တွေ၊ စာကြည့်တိုက်တွေ ရင်ဆိုင်နေရတဲ့ အခက်အခဲနဲ့ စိန်ခေါ်မှုတွေကို ဘယ်လိုဝိုင်းဝန်းအဖြေရှာကြမယ် ဆိုတာတွေကို နိုင်ငံရပ်ခြားထွက်စရာမလိုဘဲ ရရှိကြမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံဟာ အစစအရာရာ နောက်ကျကျန်ခဲ့တော့ သူညက စနေရပေမယ့် ကိုယ့်ရှေ့ရောက်နှင့်သူတွေ ကြုံတွေ့နေရတဲ့ ပြဿနာတွေ၊ စိန်ခေါ်မှုတွေကို မြင်တွေ့နေရတဲ့အတွက် ကိုယ့်ရှေ့ရောက်နေသူတွေရဲ့ အခက်အခဲကို သုံးသပ်ဆင်ခြင်ပြီး ကိုယ့်အတွက် ပိုပြည့်စုံအောင် လုပ်နိုင်တဲ့အပြင် အကောင်းဆုံးအဖြေကို ရွေးချယ်ခွင့်လည်းရရှိနိုင်တယ်လို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ပြောခဲ့သလိုပါပဲ။ ဒီညီလာခံကတစ်ဆင့် စာကြည့်တိုက်မှူးတွေ၊ စာကြည့်တိုက်ဝန်ထမ်းတွေ၊ စာကြည့်တိုက်ကို စိတ်ပါဝင်စားသူတွေသာမက စာကြည့်တိုက်နဲ့ ဆက်စပ်ပတ်သက်နေတဲ့ အဖွဲ့အစည်းတွေပါ မြန်မာနိုင်ငံစာကြည့်တိုက်တွေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစုတဝေးတည်းတွေ့ဆုံဆွေးနွေးခွင့်ကိုလည်း ရကြပါမယ်။

ပြည်သူ့စာကြည့်တိုက်၊ အစိုးရဌာနဆိုင်ရာ စာကြည့်တိုက်၊ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်၊ တက္ကသိုလ်၊ ကောလိပ် စာကြည့်တိုက်အသင်းအဖွဲ့တွေက ဖွင့်လှစ်ထားတဲ့ စာကြည့်တိုက်၊ အမျိုးသားစာကြည့်တိုက်၊ ကျောင်းစာကြည့်တိုက်စတဲ့ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ စာကြည့်တိုက် အသီးသီးက စာကြည့်တိုက်မှူးများ၊ စာကြည့်တိုက်ဝန်ထမ်းများဟာ စာကြည့်တိုက်လုပ်ငန်းတွေကို ကြိုးစားဆောင်ရွက်နေကြသူတွေဖြစ်ပါတယ်။ သူတို့ရဲ့ စာကြည့်တိုက်လုပ်ငန်းအပေါ် ထားရှိတဲ့ စိတ်ဓာတ်ကောင်းတွေကို ဒီညီလာခံက ပိုမိုမြှင့်တင်ပေးနိုင်မယ်လို့ ယုံကြည်ပါတယ်။

မြန်မာနိုင်ငံက ဒီညီလာခံကို အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပခွင့်ရချိန်နဲ့ မြန်မာနိုင်ငံမှာရှိတဲ့ ကျောင်းစာကြည့်တိုက်တွေ ပိုမိုအားကောင်းရှင်သန်လာဖို့ မြန်မာနိုင်ငံစာကြည့်တိုက်အသင်းက ဦးဆောင်ပြီး အာရှဖောင်ဒေးရှင်းနဲ့ ပညာရေးဝန်ကြီးဌာနတို့ရဲ့ ကူညီပံ့ပိုးမှုအရ ဆောင်ရွက်နေချိန် တိုက်ဆိုင်နေတာကလည်း ကျောင်းစာကြည့်တိုက်တွေရဲ့ အရေးပါပုံကို အားလုံးပြန်သတိရဖို့ နှိုးဆော်ပေးသလိုဖြစ်မယ်လို့ ယုံကြည်ပါတယ်။ ကျောင်းစာကြည့်တိုက်တွေ အရှိန်ရလာတာနဲ့ အမျှ ကျောင်းသားလူငယ်တွေကို ငယ်ရွယ်စဉ်ကစပြီး စာဖတ်တဲ့အလေ့အထ၊ စာအုပ်စာပေကို ချစ်မြတ်နိုးတဲ့ အလေ့အထ ရရှိစေပြီး ဘဝတစ်သက်တာစာဖတ်တဲ့ လူငယ်လူကြီးအဖြစ် ဆက်ကြီးပြင်းလာကြမှာ ဖြစ်ပါတယ်။ ဒီလို ပြည်သူ ပြည်သားတွေနဲ့သာ တိုင်းပြည်ကို ပြန်လည်တည်ဆောက်နိုင်မှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံစာကြည့်တိုက်အသင်းက နိုင်ငံတကာစာကြည့်တိုက်အသင်း(IFLA)၊ အရှေ့တောင်အာရှ စာကြည့်တိုက်ကွန်ဂရက်တို့နဲ့ချိတ်ဆက်ပြီး မြန်မာစာကြည့်တိုက်များ ပိုမိုအဆင့်မြင့်မားလာရေး ထိထိရောက်ရောက် ဝန်ဆောင်မှုပေးနိုင်ရေးတို့ကို ဆောင်ရွက်နေသလို ပြည်တွင်းမှာလည်း လိုအပ်တဲ့ အဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်ပြီး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ဖို့ လုပ်နေပါတယ်။ ကမ္ဘာကြီးဟာ ရွာကြီးတစ်ရွာ ဖြစ်လာပြီဆိုတဲ့ ဂလိုဘယ်လိုက်ဇေးရှင်းခေတ်နဲ့အညီ ချိတ်ဆက်ဆောင်ရွက်မှုတွေဟာ နယ်ပယ်တိုင်းနဲ့ သက်ဆိုင်လာပါတယ်။ ဒါကြောင့် "အနာဂတ် စာကြည့်တိုက်များအတွက် ပူးပေါင်းချိတ်ဆက်ဆောင်ရွက်ရေး" ခေါင်းစဉ်နဲ့ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပ ပေးမယ့် (၁၇)ကြိမ်မြောက် အရှေ့တောင်အာရှ စာကြည့် တိုက်မှူးများညီလာခံကို ဝိုင်းဝန်းကြိုဆိုပြီး "ကမ်းလက် ညီညီ စာကြည့်တိုက်မှူးများ ညီလာခံဆီ" အရောက် လှမ်းခဲ့ကြဖို့ ဖိတ်ခေါ်လိုက်ရပါတယ်။ ။

## သက်ဆုံးတိုင် ကျန်းမာချမ်းသာပါစေ

❖ ဟောင်းပြီမို့ တစ်ခါပစ်
သစ်ပြန်တဲ့ နှစ်ကူးအခါ ...
❖ ညွတ်နူးပါ စိတ်အစဉ်ကောင်းမှ
အရိပ်အပင်ကောင်းရ ကံဇာတာ...
❖ ယုံကြည်ကြ ဘဝင်မှာ
ကိုယ်ပြုလာ ကောင်းနှင့် ဆိုး
ကံသုံးမျိုးအဖော်ပါ...
❖ ယှဉ်တွဲလာ စေတနာမှန်လျှင်
မသွေသာပင် ကိုယ်ပြန်ရမည်မြဲ
မမေ့ကြဘဲ ခုပြင်ဆင် ...
❖ လူ့ဘဝ ခဏပင်ဆုံပြန်
မိတ်ရင်းမှန် ဆွေသဟာများကိုလ
စိတ်အရင်းခံ စေတနာပွားလိုလှသည်
သစ္စာလွှမ်း ထုံဝေစည်...
❖ နှစ်ဆန်းမည် ဤရပ်မှသာ
အစပြု မေတ္တာမှုန်းလျက်
သက်ဆုံးတိုင် ကျန်းမာပါစေ
သက်ဆုံးတိုင် ချမ်းသာပါစေ
တောင်းဆုခြွေ၏။ ။

မောင်အေးချမ်း(တောင်ကြီး)



**သက်ကြီးဘိုးဘွားများအား ကန်တော့ခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်**

**အောင်လံ မေ ၁၈**

အောင်လံမြို့၌ သက်ကြီးဘိုးဘွားများအား ကန်တော့ခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို မေ ၁၇ ရက် နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအေးကျော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူတို့က သက်ကြီးအဘိုးအဘွားများအား လှူဖွယ်ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြပြီး မြို့နယ်ဆရာဝန် ဒေါက်တာမျိုးလွင်နှင့် ဆေးဝန်ထမ်းများက ဘိုးဘွားများအား ကျန်းမာရေးစစ်ဆေးခြင်း၊ ဆေးကုသခြင်းနှင့် ဆေးပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **သိန်းလွင်(အောင်လံ)**

# ကိုရီးယားဂျင်ဆင်းကို မြန်မာ့ရေမြေ ရာသီဥတုနှင့် အခြေအနေပေးသည့် ဒေသများတွင် စမ်းသပ်စိုက်ပျိုးနိုင်ရေး ဆွေးနွေး

**နေပြည်တော် မေ ၁၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် ယနေ့ မွန်းလွဲပိုင်းက ကိုရီးယားသမ္မတနိုင်ငံ Mokpo တက္ကသိုလ်မှ Mr.MoonYiongSik နှင့်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး၏ ရုံးခန်းမ၌ လက်ခံတွေ့ဆုံ၍ ကိုရီးယားသမ္မတနိုင်ငံ Mokpo တက္ကသိုလ်နှင့်ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်တို့ ပူးပေါင်း၍ ဘွဲ့လွန်နှင့် ဘွဲ့လွန်အထက် သင်တန်းများ ပူးပေါင်းဆောင်ရွက်ရေး၊ ကိုရီးယားဂျင်ဆင်းစိုက်ပျိုးနည်း ပိုးမွှားရောဂါ ကာကွယ်နည်းနှင့် ကုန်ချောထုတ်လုပ်နည်း သင်တန်းများ ပို့ချပေးရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

ကိုရီးယားဂျင်ဆင်းကို မြန်မာနိုင်ငံ၏ ရေမြေ ရာသီဥတု အခြေအနေပေးသော ဒေသများတွင် စမ်းသပ်စိုက်ပျိုးပြီး စီးပွားဖြစ်ထုတ်လုပ်နိုင်ပါက အာရှဈေးကွက်တွင် အလားအလာရှိသော ထုတ်ကုန်တစ်ခု ဖြစ်လာနိုင်ကြောင်း၊ လိုအပ်သောမျိုးနှင့် နည်းပညာကို ကိုရီးယားသမ္မတနိုင်ငံက ကူညီဆောင်ရွက်ပေးမည်ဖြစ်သဖြင့် တန်ဖိုးမြင့်ထုတ်ကုန် တစ်ခုအဖြစ် ဆောင်ရွက်နိုင်ရေး ဆွေးနွေးကြခြင်း ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် ညောင်ရွှေမြို့နယ်ရှိ စကားရွာနှင့် ဘုရားတောင်ရွာများရှိ ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်း အခြေအနေများအား ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁၈**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်သည် မေ ၁၆ ရက် နံနက်ပိုင်းတွင် ညောင်ရွှေမြို့နယ်ရှိ ရပ်ရွာလူထု အခြေပြုခရီးသွားလုပ်ငန်း (Community Based Tourism - CBT) ဆောင်ရွက်လျက်ရှိသည့် စကားကျေးရွာသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား ကျေးရွာရှိ CBT ကော်မတီဝင်များက ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် CBT အဆောက်အအုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

စကားကျေးရွာရှိ ရပ်ရွာလူထု အခြေပြုခရီးသွားလုပ်ငန်းသည် ၂၀၁၆ ခုနှစ်တွင် ဧည့်သည်များ စတင်လက်ခံခဲ့ပြီး ၂၀၁၆-၂၀၁၇ ခုနှစ်တွင် ဧည့်သည် ၄၀၀ ခန့်နှင့် ၂၀၁၇-၂၀၁၈ ခုနှစ်တွင် ၅၄၆ ဦး လာရောက်လည်ပတ်ခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် စကားကျေးရွာအနီးရှိ အင်းသားများရိုးရာ လှေလှော်ပြိုင်ပွဲကို ကြည့်ရှုအားပေးပြီး ဆုငွေများ ချီးမြှင့်သည်။ မွန်းလွဲပိုင်းတွင် ဘုရားတောင်ရွာသို့ ရောက်ရှိပြီး ရပ်ရွာလူထု အခြေပြုခရီးသွားလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကာ ကျေးရွာရှိ CBT ကော်မတီဝင်များနှင့် တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားသည်။

ဘုရားတောင်ကျေးရွာရှိ ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်းကို ၂၀၁၆ ခုနှစ်တွင် အကောင်အထည်ဖော်ခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် ဧည့်သည် ၃၂၆ ဦး၊ ၂၀၁၈ ခုနှစ် မေ ၁၆ ရက်အထိ ၁၈၇ ဦး လာရောက်လည်ပတ်ခဲ့သည်။

စကားကျေးရွာနှင့် ဘုရားတောင်ကျေးရွာတို့သည် အင်းလေးကန်၏ တောင်ဘက်တွင်တည်ရှိပြီး စကားအင်းပတ်လည်ရှိ တိုင်းရင်းသားကျေးရွာများ ဖြစ်သည်။ ယင်းကျေးရွာများတွင် ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်း ဖော်ဆောင်ပေးနိုင်ခြင်းကြောင့် ဝင်ငွေများ တစ်ဖက်တစ်လမ်းမှရရှိစေခြင်း၊ လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခြင်းတို့အပြင် ကျေးရွာအတွင်း တိမ်မြုပ်ပျောက်ကွယ်လုဖြစ်သော ရိုးရာလှေလှော်ခြင်း၊ ငါးဖမ်းခြင်း၊ ရိုးရာအနုပညာများ ဖော်ထုတ်ပေးနိုင်ခဲ့သည်။ ထို့အပြင် ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်များ ထိန်းသိမ်းနိုင်ခြင်း၊ အမှိုက်များစနစ်တကျ စွန့်ပစ်ရန် လေ့ကျင့်ပေးလျက်ရှိသည့်အတွက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အလေ့အကျင့်ကောင်းများ တိုးတက်ရရှိစေခြင်း စသည့် အကျိုးကျေးဇူးများ ရရှိလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❖ **မြောင်းမြမှ**

မရှိစေရေးအတွက် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးက ကူးတို့လမ်းများပြေးဆွဲ ဆောင်ရွက်လျက်ရှိရာ ကနဦးအနေဖြင့် မြောင်းမြမြို့တွင် ပိတ်မိနေသော မော်တော်ယာဉ်များကို မေ ၃ ရက်တွင် ဌာနပိုင်ဇက် ၁၁၂ ရေယာဉ်ဖြင့် လည်းကောင်း၊ ပြည်တွင်းရေကြောင်း ဦးဆောင်ညွှန်ကြားရေးမှူး အစီအစဉ်ဖြင့် တောသူမယ် ကူးတို့ယာဉ်နှင့် ဇက် ၁၀၇ ရေယာဉ်တို့ကို အားဖြည့်ဆောင်ရွက်ကာ လက်ရှိအချိန်ထိ ရေနယား-၂ ဇက်ရေယာဉ်နှင့် တပ်မတော်ကမ်းထိုး ရေယာဉ်နှစ်စင်းတို့ဖြင့်လည်းကောင်း ခရီးသွားလာသူများ အဆင်ပြေရေးနှင့် လမ်းပန်းဆက်သွယ်မှုအဆင်ပြေရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **အောင်မင်း(မြောင်းမြ)**



ပုသိမ်မြို့မှ စာရေးဆရာသတင်းထောက် ပုသိမ်လှကြည်နှင့် လှရတနာဝင်းမိသားစုတို့ မေ ၁၇ ရက်က စတုဒိသာ ဆန်၊ ဆီ၊ ဆားနှင့် ကျောင်းသား ကျောင်းသူ ၄၀ တို့အတွက် စာအုပ်၊ ကျောင်းစိမ်းဝတ်စုံများ အပြင် သက်ကြီးဘိုးဘွား ၁၀ ဦးတို့အား ဝတ္ထုပစ္စည်းများ ပေးဝေလှူဒါန်းစဉ်။

**ကြည်လှမောင်**

# တိုင်းဒေသကြီး၊ ပြည်နယ်များအတွင်း လေပြင်းတိုက်ခတ်မှုကြောင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ကူညီထောက်ပံ့

**နေပြည်တော် မေ ၁၈**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် ကျေးရွာအုပ်စု သုံးစု၌ မေ ၁၆ ရက် နံနက်ပိုင်းက လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်နှစ်လုံး ပြိုလဲပျက်စီးပြီး နေအိမ် ၁၅၄ လုံးနှင့် ဘုန်းတော်ကြီးကျောင်းငါးကျောင်း အမိုးလန်ပျက်စီးခဲ့ရာ အိမ်ထောင်စု ၁၅၆ စုမှ လူဦးရေ ၆၀၁ ဦး ဘေးဒုက္ခကြုံတွေ့ခဲ့သည့်အတွက် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ပြည်ခရိုင်ဦးစီးမှူးရုံး တာဝန်ရှိသူများက ယနေ့တွင် ဘေးသင့်ဒေသသို့ သွားရောက်၍ ဆန်ရိက္ခာဖိုး၊ အိမ်ဆောက်ပစ္စည်းဖိုး၊ ကျောင်းဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများ၊ ငွေသားနှင့် ပစ္စည်းတန်ဖိုးငွေ စုစုပေါင်းငွေကျပ် ၇၃၈၆၆၄၄ အား ထောက်ပံ့ပေးခဲ့သည်။



အလားတူ ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် ကျေးရွာအုပ်စု လေးစု၌ မေ ၁၆ ရက် နံနက်ပိုင်းက လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ် ၃၄ လုံး ပြိုလဲပျက်စီးပြီး နေအိမ် ၄၉၉ လုံးနှင့် ဘုန်းတော်ကြီးကျောင်း လေးကျောင်း အမိုးလန်ပျက်စီးခဲ့ကာ အိမ်ထောင်စု ၅၃၃ စုမှ လူဦးရေ ၂၀၂၂ ဦး ဘေးဒုက္ခကြုံတွေ့ခဲ့ပြီး လူတစ်ဦးသေဆုံးခဲ့သဖြင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ပဲခူးတိုင်းဒေသကြီး ဦးစီးမှူးရုံး တာဝန်ရှိသူများက ယနေ့တွင် ဘေးသင့်ဒေသသို့ သွားရောက်၍ ဆန်ရိက္ခာဖိုး၊ အိမ်ဆောက်ပစ္စည်းဖိုး၊ ကျောင်းဆောက်ပစ္စည်းဖိုး၊ သေဆုံးသူ ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေး ပစ္စည်းများ၊ ငွေသားနှင့်ပစ္စည်းတန်ဖိုး ငွေကျပ်စုစုပေါင်း ၃၂၇၈၆၁၄၄ အား ထောက်ပံ့ပေးခဲ့သည်။

ထို့ပြင် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် ကျေးရွာအုပ်စု ခုနစ်စု ကျေးရွာ ၁၅ ရွာ၌ မေ ၁၇ ရက် နံနက်ပိုင်းက လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်နှစ်လုံးပြိုကျပျက်စီးခဲ့ပြီး နေအိမ်အလုံး ၄၀ အမိုးလန်ပျက်စီးခဲ့သဖြင့် အိမ်ထောင်စု ၄၂ စုမှ လူဦးရေ ၁၄၄ ဦး ဘေးဒုက္ခကြုံတွေ့ခဲ့ကြောင်း သတင်းရရှိမှုအရ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာန ဧရာဝတီတိုင်းဒေသကြီး ဦးစီးမှူးရုံးနှင့် ဟင်္သာတခရိုင် ဦးစီးမှူးရုံးတို့မှ တာဝန်ရှိသူများက ယနေ့ နံနက်တွင် ဘေးသင့်ဒေသသို့ သွားရောက်၍ ဆန်ရိက္ခာဖိုး၊ အိမ်ဆောက်ပစ္စည်းဖိုးနှင့် ကယ်ဆယ်ရေးပစ္စည်းများ၊ ငွေသားနှင့်ပစ္စည်း တန်ဖိုးငွေစုစုပေါင်း ၃၃၁၂၀၀၆ အား ထောက်ပံ့ပေးခဲ့သည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် ကျေးရွာအုပ်စု သုံးစု ကျေးရွာငါးရွာ၌ မေ ၁၅ ရက် နံနက်ပိုင်းက လေပြင်းတိုက်ခတ်မှု ဖြစ်ပွားခဲ့ရာ နေအိမ် ၁၅၆ လုံးနှင့် ဘာသာရေးအဆောက်အအုံလေးလုံး အမိုးလန်ပျက်စီးခဲ့သဖြင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန စစ်ကိုင်းတိုင်းဒေသကြီး ဦးစီးမှူးရုံးက ယနေ့တွင် အိမ်ဆောက်ပစ္စည်းဖိုး၊ ကျောင်းဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေနှင့်ကယ်ဆယ်ရေးပစ္စည်းများ၊ ငွေသားနှင့် ပစ္စည်းတန်ဖိုးငွေ စုစုပေါင်း ၆၅၆၉၄၈၀ အား ထောက်ပံ့ပေးခဲ့ကြောင်း သတင်းရရှိသည်။**သတင်းစဉ်**



# မြန်မာနှစ်သစ်ကူး ဆုတောင်းစကားများ

### သက်ကြီးဝါရင့် သတင်းစာဆရာကြီး ဟံသာဝတီဦးအုန်းကြိုင် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ(၁)



မြန်မာသက္ကရာဇ် ၁၃၇၉ ကနေ ၁၃၈၀ ပြည့်နှစ်ကို ပြောင်းတဲ့ နှစ်သစ်ကူးရက်ဟာ အင်မတန်မှ ထူးခြားတဲ့နေ့တစ်နေ့ဖြစ်ပါတယ်။ အခု မြန်မာနိုင်ငံ မြန်မာ့ယဉ်ကျေးမှုအရ နှစ်သစ်ကူးတဲ့ နှစ်ဆန်း ၁ ရက်နေ့ဟာ ဦးကဆုန်လဆန်း ၃ ရက်နေ့ဖြစ်ပါတယ်။ မြန်မာနှစ်သစ်ကူးတွေဟာ တန်ခူးလထဲမှာပဲဖြစ်တယ်။ ဒီနှစ်မှာတော့ ကဆုန်လဆန်း ၃ ရက်နေ့ကို ကူးသွားတဲ့နှစ်ဆန်း ၁ ရက်နေ့ ဖြစ်တယ်။ အဲဒီအတွက် ဒီနှစ်သစ်ကူးမှာလည်း တိုင်းသူပြည်သားတွေ မင်္ဂလာရှိစွာနဲ့ ကူးပြောင်းကြမှာဖြစ်ပါတယ်။

မင်္ဂလာဆိုတာ "မင်္ဂလတ္ထိ မဟန္တိ ဣမေဟိ သတ္တာတိ မင်္ဂလာနိ" ဟု မြတ်စွာဘုရားဟောတော်မူပါတယ်။ မင်္ဂလာဟူသည် တိုးတက်ကြီးပွားငြိမ်းချမ်းသာယာခြင်း အကြောင်းဖြစ်တဲ့အတွက် မင်္ဂလာလို့ဆိုပါတယ်။ မင်္ဂလတ္ထိ မင်္ဂလာဟူသည်မှာ ဣဒ္ဓိကာရဏံ တိုးတက်ကြီးမြတ်ခြင်း အကြောင်းတည်း၊ ဝုဒ္ဓိကာရဏံ ကြီးပွားချမ်းသာခြင်း အကြောင်းတည်း၊ သဗ္ဗသမ္ပတ္တိကာရဏံ အလုံးစုံပြီးမြောက်ပြည့်စုံသော ငြိမ်းချမ်းသာယာခြင်း အကြောင်းတည်းဟု မြတ်စွာဘုရားဟောတော်မူပါတယ်။

အဲဒီတော့ ဒီနှစ်သစ်ကူးက မင်္ဂလာအပြည့်အဝနဲ့ကူးတဲ့ တိုက်ဆိုင်မှုကြီးတစ်ခု ထူးထူးခြားခြား ဖြစ်ပေါ်ခဲ့တာတွေ့ရတယ်။ အဲဒီအတိုင်းပဲ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်လိုက်တဲ့ သမ္မတအသစ် ဦးဝင်းမြင့်က မတ်လ ၃၀ ရက် ပြည်ထောင်စုလွှတ်တော်မှာ ကတိသစ္စာပြုပွဲ ပြောကြားတဲ့မိန့်ခွန်းထဲမှာ-

"ဖွဲ့စည်းပုံအခြေခံဥပဒေအရ အပ်နှင်းထားတဲ့ အခွင့်အာဏာကို တတ်နိုင်သမျှ ပိုင်းခြားကျင့်သုံးနေကြတဲ့ မဏ္ဍိုင်ကြီးသုံးရပ်အကြားမှာ အပြန်အလှန်လေးစားမှု၊ အပြန်အလှန် နားလည်မှု၊ အပြန်အလှန်ယုံကြည်မှုတွေနဲ့ ပြည်သူတွေအကျိုးအတွက် ပူးပေါင်းဆောင်ရွက်သွားကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။ ဒ့ါအပြင် ပြည်သူတွေရဲ့နားတွေ၊ မျက်စိတွေဖြစ်တဲ့ သတင်းမီဒီယာတွေရဲ့အခန်းကဏ္ဍကိုအလေးအနက်ထားကြဖို့ ကျွန်တော်တို့ အလုပ်အကျွေးပြုရမယ့် နိုင်ငံသူ နိုင်ငံသားတွေရဲ့ ပြည်သူ့မဏ္ဍိုင်ကို အလေးအနက်ပြုကြဖို့ တစ်ဆက်တည်းမှာပဲ တိုက်တွန်းပြောကြားလိုပါတယ်"လို့ သမ္မတအသစ်က ပြောကြားခဲ့တယ်။

ပြည်သူ့မဏ္ဍိုင်ဖြစ်တဲ့ စတုတ္ထမဏ္ဍိုင်တည်းဟူသော သတင်းမီဒီယာလောကကို ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဖို့ရာ ရည်စူးတဲ့ တစ်နည်းအားဖြင့် သတင်းမီဒီယာလောကကို ဖြစ်မြောက်အောင် ပြုပြင်ဖော်ဆောင်မယ့် နိုင်ငံတော်သမ္မတသစ်ရဲ့ ဦးတည်ချက်ကို ဒီနှစ်ဦးအကြိုမိန့်ခွန်းမှာတွေ့ရတဲ့အတွက် သတင်းမီဒီယာ လောကသားတွေရဲ့ကိုယ်စား အလွန်ပဲကြိုဆိုကြောင်း ပြောကြားလိုပါတယ်။ ဒီနှစ်ဟာ အင်မတန်မှ ထူးခြားတဲ့နှစ် ဖြစ်သလိုစောစောကပြောခဲ့တဲ့ မင်္ဂလာအဖွင့်စကားက သဗ္ဗသမ္ပတ္တိကာရဏံ အလုံးစုံပြီးမြောက်ပြည့်စုံသော ငြိမ်းချမ်းသာယာခြင်းအကြောင်းလို့ မြတ်စွာဘုရားမိန့်တော်မူတဲ့အတိုင်း ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံညီလာခံ တတိယအစည်းအဝေးကြီးကို ညီညွတ်စွာ အောင်မြင်အောင်ကျင်းပနိုင်ကြပါစေကြောင်း မင်္ဂလာနှစ်ဆန်း ဆုမွန်စကားပါးအပ်ပါတယ်။

---

### မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမင်းဟန်



မြန်မာနိုင်ငံသူ နိုင်ငံသားတွေ မြန်မာ့နှစ်သစ်ကူး အချိန်အခါမှစ၍ ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။ လူမှုစီးပွားဘဝ တိုးတက်မြင့်မားပါစေ။ ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်နိုင်ပြီး အေးချမ်းသာယာတဲ့ ဘဝတွေကို ပိုင်ဆိုင်နိုင်ကြပါစေ။ တရားဥပဒေရဲ့ အကာအကွယ်ကို အပြည့်အဝ ခံစားနိုင်ကြပါစေ၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အုတ်တစ်ချပ် သဲတစ်ပွင့် ပါဝင်လုပ်ဆောင်နိုင်တဲ့ နိုင်ငံ့သားကောင်းတွေ ဖြစ်ကြပါစေကြောင်း မြန်မာနိုင်ငံ ပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်းမှ နှစ်သစ်မင်္ဂလာ ဆုမွန်ကောင်း တောင်းအပ်ပါတယ်။

---

### ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်



နှစ်သစ်ကို လူတိုင်းမျှော်လင့်ချက်အပြည့်နဲ့ ကြိုဆိုလိုကြပါတယ်။ ပြီးခဲ့တဲ့နှစ်က ကြုံတွေ့ရတဲ့ စိန်ခေါ်မှုတွေ၊ အခက်အခဲတွေကို နှစ်ကူးမှာ ကျော်လွှားနိုင်လိမ့်မယ်လို့ မျှော်လင့်ကြတယ်။ လူတစ်ယောက်တည်းအနေနဲ့လည်းကောင်း၊ အဖွဲ့အစည်းအနေနဲ့လည်းကောင်း၊ နိုင်ငံအနေနဲ့လည်းကောင်း အခုလိုစဉ်းစားဆုံးဖြတ်ကြရပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာ အလွန်အရေးကြီးတဲ့ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွေကို အကောင်အထည်ဖော်လျက်ရှိပါတယ်။ အခက်အခဲတွေအပြည့်နဲ့ အရေးအကြီးဆုံးကတော့ ထာဝရငြိမ်းချမ်းရေးဖြစ်ပါတယ်။ နိုင်ငံမှာ ငြိမ်းချမ်းဖို့လိုသလို ကြွယ်ဝချမ်းသာတိုးတက်ဖို့လည်း လိုပါတယ်။ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးမှုဟာ အပြန်အလှန်ဆက်စပ်ပတ်သက်နေတာတွေ့ရတယ်။ အခုလိုဆောင်ရွက်တဲ့အခါ နားလည်မှု၊ သည်းခံမှု၊ ခွင့်လွှတ်မှုတွေ လိုအပ်တယ်။ အလျှော့အတင်း အပေးအယူလုပ်ရမှာသာ ဖြစ်တယ်။ ကျွန်တော်ကလူတွေကို ယုံကြည်တယ်။ မှန်ကန်တဲ့ရွေးချယ်မှုတွေ လုပ်နိုင်မယ်လို့ မျှော်လင့်တယ်။ နှစ်သစ်မှာ လူတိုင်းမှာ မျှော်လင့်ချက်တွေ၊ အိပ်မက်တွေ အပြည့်ရှိနေမှာသေချာပါတယ်။ ဒါတွေ ပြည့်ဝပါစေလို့ ဆုတောင်းပါတယ်။ မြန်မာပြည်ရဲ့ အနာဂတ်ဟာ လှပပါစေ။ ဆင်းရဲသူတွေ ချမ်းသာပါစေ၊ အားနွဲ့သူတွေ အားကြီးကြပါလို့လည်း ဆန္ဒပြုရပါတယ်။

---

### မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဒေါ်သက်သက်ခင်



နှစ်တစ်နှစ် ကုန်ဆုံးသွားတာ နှစ်ဟောင်းကနေ နှစ်သစ်ကူးပြောင်းနေတာဟာ လောကရဲ့ နိယာမတရားတစ်ခုဖြစ်ပါတယ်။ ယခုအခါသည် နှစ်ဟောင်းဖြစ်တဲ့ ၁၃၇၉ ခုနှစ်က နှစ်သစ် ၁၃၈၀ ပြည့်နှစ်သို့ ကူးပြောင်းသွားတဲ့ အခါသမယဖြစ်ပါတယ်။ ကျွန်မတို့ မြန်မာနိုင်ငံအနေနဲ့လည်း နှစ်တွေ ပြောင်းလဲတာနဲ့အမျှ တိုးတက်မှုတွေနဲ့အတူ ပြောင်းလဲလာခဲ့ပါတယ်။ စိန်ခေါ်မှုတွေ အများကြီးရှိခဲ့ပေမယ့်လည်း ကျော်လွှားပြီး လျှောက်လှမ်းလာနိုင်ခဲ့ပါတယ်။ သို့အတွက် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းတွေမှာ အမျိုးသမီးတွေလည်း အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်ပြီး ပါဝင်လာနိုင်စေဖို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အနေနဲ့လည်း အမျိုးသမီးတွေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံချက်တွေ ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ အခုနှစ်သစ်မှာလည်း နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးသဖြင့် မြန်မာနိုင်ငံလူဦးရေရဲ့ ထက်ဝက်ကျော်တဲ့ အမျိုးသမီးထုကြီးအတွက် ဖွံ့ဖြိုးတိုးတက်ရေးအတွက်ကို ဗဟို၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နဲ့ကျေးရွာစတဲ့ အဆင့်ဆင့်သောဒေသရှိ အမျိုးသမီးတွေ ဖွံ့ဖြိုးတိုးတက်အောင် တတ်အားသမျှ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ တစ်ဆက်တည်းမှာပဲ နှစ်သစ်အခါသမယမှာ အမျိုးသမီးထုကြီးတစ်ရပ်လုံးနဲ့တကွ ပြည်သူ ပြည်သားတွေ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေ၊ ကောင်းကျိုးအဖြာဖြာ ပြည့်စုံပါစေလို့ ဆုမွန်တောင်းအပ်ပါတယ်။

---


### DIETHELM TRAVEL အုပ်ချုပ်မှုဒါရိုက်တာ ဦးပြုံးဝေရာဇာ



မြန်မာသက္ကရာဇ် ၁၃၈၀ ပြည့်နှစ်ကို ကူးပြောင်းတဲ့ အခါသမယမှာ မြန်မာနိုင်ငံသူ နိုင်ငံသားအပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေရန် ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ နှစ်သစ်ကို ဖြတ်သန်းအသက်ရှင်နေထိုင်ကြရာမှာ နှစ်ဟောင်းမှာ ရရှိခဲ့ကြတဲ့ အတွေ့အကြုံများကို ကောင်းမွန်စွာအသုံးချပြီး ပိုမိုတိုးတက်ကောင်းမွန်တဲ့ အခြေအနေများကို စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးစတဲ့ ကဏ္ဍအသီးသီးမှာ ပြည်သူများရဲ့ ပေါင်းစုအားနဲ့ အောင်မြင်စွာ ဝိုင်းဝန်းဖော်ဆောင်နိုင်ကြပါစေရန်လည်း ဆန္ဒပြုအပ်ပါတယ်။

---

### မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း



မြန်မာ့ရိုးရာနှစ်သစ်ကူး မင်္ဂလာအခါသမယမှာ မြန်မာနိုင်ငံကြီး ငြိမ်းချမ်းစွာ ဖွံ့ဖြိုးတိုးတက်စေရေးနဲ့ ပြည်သူများရဲ့ လူမှုစီးပွားဘဝ မြင့်မားရေးအတွက် ကုန်သည်/စက်မှုအသင်းချုပ်နဲ့အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိတဲ့ ပြည်တွင်းပြည်ပအဖွဲ့အစည်းတွေ၊ ကုန်သည်/စက်မှုအသင်းချုပ် ညီနောင်အသင်းများနှင့် အသင်းသားတွေ၊ တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး နှစ်သစ်နဲ့အတူ မင်္ဂလာအပေါင်း ပြည့်စုံခညောင်းပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာခြင်း၊ ချမ်းသာခြင်း၊ ပျော်ရွှင်ခြင်းများနဲ့ ပြည့်စုံပါစေကြောင်း မေတ္တာပို့သ ဆုမွန်ကောင်း တောင်းအပ်ပါတယ်။

ကုန်သည်/စက်မှုအသင်းချုပ်အနေနဲ့ နိုင်ငံတော်အစိုးရနဲ့ လက်တွဲပြီးတော့ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ညီနောင်အသင်းများ၊ စီးပွားရေးလုပ်ငန်းရှင်များနဲ့အတူ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ နှစ်သစ်မှာ ပြည်သူအများ လိုလားတောင့်တနေကြတဲ့ စီးပွားရေးတိုးတက်မှု၊ ငြိမ်းချမ်းမှုနဲ့ ပျော်ရွှင်ချမ်းမြေ့မှုများ ရရှိနိုင်ပါစေကြောင်း ထပ်ဆင့် ဆုမွန်ကောင်း တောင်းအပ်ပါတယ်။

---

### မြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးရဲမင်းအောင်



မြန်မာ့လူဦးရေအများစုက လယ်ယာသားငါးကဏ္ဍမှာ ပါဝင်လုပ်ကိုင်ကြပါတယ်။ မြန်မာနှစ်သစ်ကူးအချိန်ကာလမှာ ကျေးလက်နေ တောင်သူလယ်သမားတွေအပါအဝင် ပြည်သူတွေအားလုံး ပျော်ရွှင်စေဖို့၊ ငြိမ်းချမ်းစေဖို့၊ ဘေးအန္တရာယ်တွေ ကင်းဝေးစေဖို့ ဆန္ဒပြုပါတယ်။ ပြီးခဲ့တဲ့နှစ်က ဆန်စပါးနဲ့ ရေလုပ်ငန်းကဏ္ဍတို့ရဲ့ ပြည်ပတင်ပို့မှုက စံချိန်တင် တိုးတက်ခဲ့ပါတယ်။ အရေအတွက်တိုးတက်မှုကနေ အရည်အသွေးတန်ဖိုးတွေပါ တိုးတက်ရရှိစေဖို့နဲ့ ပြီးခဲ့တဲ့နှစ်ရဲ့ အောင်မြင်မှုတွေကို အခြေခံပြီး ယခုနှစ်မှာ ဆန်စပါးအပါအဝင် လယ်ယာပို့ကုန်တွေ ဆက်လက်တိုးတက်တင်ပို့ရောင်းချနိုင်ဖို့ အစိုးရ၊ လယ်ယာလုပ်ငန်း လုပ်ကိုင်သူနဲ့ တောင်သူတွေ တက်ညီလက်ညီနားလည်မှုရှိရှိနဲ့ ဆက်ပြီး ကြိုးပမ်းရမှာ ဖြစ်ပါတယ်။

---

### မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး နာယက ဦးနှင်းမိုး



မြန်မာပြည်သူ ပြည်သားအားလုံး နှစ်ဟောင်းမှ နှစ်သစ်သို့ကူးသည့် အခါသမယမှာ စိတ်သစ်၊ လူသစ်နဲ့ စိတ်ချမ်းသာစွာ ကျန်းမာရွှင်လန်းကြပါစေ။ လျှောက်လှမ်းနိုင်ပါစေ။ အတာရေနဲ့အတူ အဟောင်းအကြွေးတွေ သန့်ရှင်းကင်းစင်ပါစေ။

---

### မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးဇင်ဝိုင်း



မြန်မာတို့ရဲ့ နှစ်သစ်အချိန်အခါမှာ ကျွန်တော်တို့ တိုင်းသူပြည်သားအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းတွေနဲ့ ပြည့်စုံကြပါစေ။ တစ်ဦးနဲ့တစ်ဦး အမုန်းတွေ၊ အာဃာတတွေ ဘေးဖယ်ထားပြီး ချစ်ခြင်းမေတ္တာအပြည့်နဲ့ စုစည်းညီညွတ်စွာ တိုင်းပြည်ကောင်းရာကောင်းကျိုးကို ထမ်းရွက်နိုင်ကြပါစေ။

# ဆေးဝါးဝယ်ယူဖြန့်ဖြူးရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် မေ ၁၈**
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဆေးဝါးဝယ်ယူဖြန့်ဖြူးရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါအစည်းအဝေးသို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူးများ၊ ဆေးရုံအုပ်ကြီးများ၊ ဆေးရုံအုပ်များ၊ စီမံချက်မန်နေဂျာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ဆေးဝယ်ယူမှု၊ သိုလှောင်မှု၊ ဖြည့်ဆည်းမှုနှင့် သုံးစွဲမှုလုပ်ငန်းစဉ်တစ်ခုလုံးကို ယခုထက်ပိုမိုပီပြင်စွာဖြင့် ပြည်သူများအနေဖြင့် အရည်အသွေးပြည့်ဝသော ဆေးဝါးများကို အချိန်မီ တတ်နိုင်သမျှ အခမဲ့ရစေရေးနှင့် ယခုလာမည့် ၂၀၁၈-၂၀၁၉ ပထမခြောက်လဘဏ္ဍာနှစ်တွင် ဝယ်ယူမည့်ဆေးဝါးများ စနစ်တကျဝယ်ယူပြီး အလေအလွင့်မရှိစေရန်ဆောင်ရွက်၍ ပြည်သူများအတွက် အသုံးပြုနိုင်ရေးနှင့်ပတ်သက်၍ ဤအစည်းအဝေးအား ခေါ်ယူရခြင်းဖြစ်ပါကြောင်း။

မိမိအနေဖြင့် မြောင်းမြမြို့ ငြိမ်းချမ်းရေးစကားဝိုင်းတွင် ဖြေကြားချက်များအပေါ် မပြည့်စုံမှုများရှိခဲ့သဖြင့် ပြန်လည်သုံးသပ်မှုများပြုလုပ်ပြီး ယခုအစည်းအဝေးကို အခွင့်အလမ်းတစ်ခုအဖြစ် အသုံးပြု၍ မိမိတို့၏ ဆေးဝါးဝယ်ယူ၊ သိုလှောင်၊ ဖြန့်ဖြူး၊ သုံးစွဲမှုစနစ်အား ယခုထက်ပိုမိုပီပြင်ထိရောက်သောစနစ်တစ်ခုအဖြစ် ပေါ်ပေါက်လာစေရေး အားလုံးဝိုင်းဝန်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

ဆေးဝါးဝယ်ယူဖြန့်ဖြူးသုံးစွဲမှုစနစ်အပါအဝင် မည်သည့်စနစ်ပင်ဖြစ်စေ လုံးဝပြည့်စုံ အပြစ်ကင်းစင်သောစနစ်တစ်ခုဖြစ်ရန် အလွန်ခက်ခဲပါကြောင်း၊ သို့သော်လည်း လက်ရှိဖြစ်ပေါ်နေသော အခြေအနေအချိန်အခါနှင့် လိုအပ်ချက်များပေါ် မူတည်၍ လက်ရှိကျင့်သုံးနေသောစနစ်သည် ကိုက်ညီမှု ရှိ၊ မရှိ၊ သင့်လျော်မှု ရှိ၊ မရှိ ပြန်လည်သုံးသပ်၍ ဆွေးနွေးကြရန် ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် ပြည်သူဘက်မှ အမြဲတမ်းကြည့်၍ ပြည်သူဘက်မှ ရပ်တည်ဆုံးဖြတ်ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ အားနည်းချက်များရှိလျှင် ၎င်းအားနည်းချက်ကို အမြန်ဆုံးပြုပြင်၍ ပြည်သူကိုရှေးရှုဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ယခုအစည်းအဝေးတွင် အပြီးသတ်ဆုံးဖြတ်ချက်များ တစ်ပါတည်းအပြီးသတ်ဆုံးဖြတ်ချမှတ်ခြင်းထက် အဓိကဆောင်ရွက်ရန်လိုအပ်သည့်ကဏ္ဍများကို ဝိုင်းဝန်းဆွေးနွေးကြရန်ဖြစ်ပြီး ကျွမ်းကျင်မှုပိုင်းဆိုင်ရာ၊ အုပ်ချုပ်မှုပိုင်းဆိုင်ရာ၊ ဘဏ္ဍာရေးဆိုင်ရာ၊ စီမံခန့်ခွဲမှုပိုင်းဆိုင်ရာ၊ ပစ္စည်းသိုလှောင်ဖြန့်ဖြူးမှုဆိုင်ရာ၊ လူနာများ၏လိုအပ်ချက်နှင့် အခမဲ့ပေးနိုင်သည့် အခြေအနေ၊ မိမိဝန်ထမ်းများ၏ တာဝန်ထမ်းဆောင်ရသည့် ပကတိမြေပြင်အခြေအနေ စသည့်အချက်များကို အဖွဲ့ငယ်များဖွဲ့စည်း၍ အသေးစိတ် ထပ်မံဝိုင်းဝန်းဆွေးနွေးကာ ထွက်ပေါ်လာသည့်ရလဒ်များပေါ် မူတည်၍ မိမိတို့၏စနစ်ကို အလေအလွင့်နည်းပါးပြီး ယခုထက်ပိုမိုထိရောက်စွာဖြင့် ပြည်သူများ၏အိတ်ကပ်ထဲမှ ငွေကြေးစိုက်ထုတ်ကုန်ကျရမှု သက်သာစေရေးအတွက် ပြင်ဆင်သင့်သည်များကို ပြင်ဆင်ရမည်ဖြစ်ပါကြောင်း။

ဤစနစ်ပိုမိုထိရောက်စေရန်အတွက် အဓိကကျသော ဆေးရုံဆေးမှတ်တမ်းထိန်းစနစ်၊ ဆေးသိုလှောင်ရုံမှတ်တမ်းထိန်းစနစ်နှင့် ဆေးရုံသတင်းအချက်အလက်စနစ်များကို ကွန်ပျူတာများအသုံးပြု၍ ယခုထက် ပိုမိုမှန်ကန်တိကျပြီး အချိန်နှင့်တစ်ပြေးညီရရှိနိုင်ရေး ဆောင်ရွက်ကြရန် ဖြစ်ပါကြောင်း။

မိမိတို့အစိုးရလက်ထက်တွင် ဝန်ကြီးဌာန၌ ဒုတိယညွှန်ကြားရေးမှူးချုပ် (ဝယ်ယူဖြန့်ဖြူးရေး) ဦးဆောင်သောဌာနခွဲတစ်ခုကို ဖွင့်လှစ်၍ နိုင်ငံတော်သမ္မတရုံးမှထုတ်ပြန်သော တင်ဒါဝယ်ယူရေးလမ်းညွှန်ချက်များအတိုင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယခင်ကထက် အလေအလွင့်နည်းပါးစွာဖြင့် ဝယ်ယူဖြန့်ဖြူးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ပြီး ယခုအခါ အဆိုပါဌာနခွဲအား ထပ်မံအားဖြည့်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ပြည်သူများအနေဖြင့် ဆေးဝါးများဝယ်ယူသုံးစွဲနေရသည်ဆိုခြင်းနှင့်ပတ်သက်၍ ဆေးရုံများတွင် မရှိမဖြစ်အသုံးပြုရမည့်ဆေးဝါးစာရင်းပါ ဆေးဝါးများကို အခမဲ့ထောက်ပံ့ပေးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ အကြောင်းတစ်ခုခုကြောင့် ၎င်းဆေးဝါးများ သက်ဆိုင်ရာဆေးရုံသို့ အချိန်မီမရောက်ရှိနိုင်သည့်အခါတွင် လည်းကောင်း၊ ဆေးဝါးပြတ်လပ်သည့်အခါတွင် လည်းကောင်း၊ ၎င်းဆေးဝါးများကို အခမဲ့ထောက်ပံ့မပေးနိုင်သည့်အခါလည်း ရှိနိုင်ကြောင်း၊ Branded ဆေးဝါးများအပါအဝင် တင်ဒါမှ ဝယ်ယူ၍ အခမဲ့ပေးနိုင်ခြင်းမရှိသော ဆေးဝါးများကို ပြည်သူများအနေဖြင့် အရည်အသွေးပြည့်ဝစွာ ဈေးနှုန်းမှန်ကန်စွာဖြင့် ဝယ်ယူရရှိနိုင်ရေးအတွက် ဆေးရုံကြီးများတွင် ဆေးရုံအထောက်အကူပြုအဖွဲ့မှကြီးကြပ်သော ဆေးဆိုင်များ ဖွင့်လှစ်ထားရှိနိုင်ရေးအတွက် ညွှန်ကြားပြီးဖြစ်၍ ဆေးရုံကြီးတော်တော်များများတွင် အဆိုပါဆေးဆိုင်များ ဖွင့်လှစ်ထားရှိပြီးဖြစ်ကြောင်း။

တစ်ဖက်မှ ဆေးဝါးဝယ်ယူဖြန့်ဖြူးသုံးစွဲမှုစနစ်ကြီး ပိုမိုကောင်းမွန်ထိရောက်လာစေရေး ဆောင်ရွက်သကဲ့သို့ တစ်ဖက်မှ ပြည်သူ့ကျန်းမာရေးကဏ္ဍကိုမြှင့်တင်၍ ကူးစက်၊ မကူးစက်တတ်သောရောဂါများ၊ ထိခိုက်ဒဏ်ရာရရှိခြင်းများ လျော့နည်းကျဆင်းစေရန် ဆောင်ရွက်၍ ပြည်သူများ၏ကျန်းမာရေးအဆင့်အတန်း ယခုထက်ပိုမိုမြင့်မားလာစေရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ရန်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုနယ်မြေ နေပြည်တော်ကောင်စီ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာမြတ်ဝဏ္ဏစိုးနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် (ဝယ်ယူဖြန့်ဖြူးရေး) ဒေါက်တာဝင်းနိုင်တို့က ဆေးဝါးဝယ်ယူဖြန့်ဖြူးရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနှစ်သစ်ကူး ဆုတောင်းစကားများ

**မဟာသဒ္ဓမ္မဇောတိကဓဇ**
**အဂ္ဂမဟာ သီရိသုဓမ္မ မဏိဇောတဓရ**
**ဒေါက်တာဦးစိုးသိမ်း (ရွှေမနအောင်ကုမ္ပဏီ)**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး နှစ်သစ်မှာကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ၍ ပျော်ရွှင်မှုအပေါင်းကို ပိုင်ဆိုင်နိုင်ပါစေလို့ ဦးစွာဆုမွန်ကောင်း တောင်းပေးလိုက်ပါတယ်။

ကျွန်တော်တို့ ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များကလည်း မြန်မာနှစ်ကူးအခါသမယမှစ၍ နိုင်ငံတော်စီးပွားရေးတိုးတက်ဖွံ့ဖြိုးလာအောင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ အစိုးရ၊ ပြည်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားကြလိမ့်မည်ဟု မျှော်လင့်မိပါတယ်။ ပြည်တွင်းရှိ အသေးစား၊ အလတ်စား စီးပွားရေးဦးမော့လာရေးအတွက် ဝိုင်းဝန်းကြိုးစားပေးနေသည်ကို တွေ့မြင်ရသည့်အတွက်လည်း ဂုဏ်ယူမိပါတယ်။ မကြာမီကာလတွင် နိုင်ငံအတွင်းစီးပွားရေးပိုမိုကောင်းမွန်လာပြီး ပြည်သူများ၏ဘဝတိုးတက်မြင့်မားလာရန် အလားအလာကောင်းများ ပေါ်ထွန်းရန်လမ်းစများ ဖြစ်ပေါ်နေသည်ကို မြင်တွေ့နေရပြီဖြစ်ပါတယ်။ နိုင်ငံအတွင်း စီးပွားရေး ပိုမိုတိုးတက်မြင့်မားလာရေးအတွက် လုပ်ငန်းရှင်များ အားလုံးကလည်း မိသားစုသဖွယ် ဆွေးနွေးညှိနှိုင်း၍ စည်းလုံးညီညွတ်စွာဖြင့် လုပ်ဆောင်သွားဖို့ ဆန္ဒပြုလိုက်ပါတယ်။

မြန်မာသက္ကရာဇ် ၁၃၈၀ ပြည့်နှစ်ဦးအခါသမယမှစ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ပြည်သူ၊ပြည်သားများအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့်အတူ စီးပွားဥစ္စာများ ဒီရေအလား တိုးတက်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သလိုက်ပါတယ်။

**ဝဏ္ဏကျော်ထင်စည်သူဦးအောင်ကိုဝင်း**
**(နာယက-ကမ္ဘောဇဘဏ်/ကမ္ဘောဇအုပ်စု)**




မြန်မာသက္ကရာဇ် ၁၃၈၀ ပြည့်နှစ်နှစ်ကူးအခါသမယမှာ နှုတ်ခွန်းဆက်စကားပြောဆိုခွင့်ရတဲ့အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါတယ်။ ကျွန်တော့်အနေဖြင့် ဦးစွာနှစ်သစ်ကူးဆုတောင်းစကား နှုတ်ခွန်းဆက်ပါရစေ။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူအပေါင်းကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းများနှင့်အတူ ပြည့်စုံသောဘဝကို ရရှိခံစားနိုင်ကြပါစေလို့ ဆုတောင်းမေတ္တာပို့သလိုက်ပါတယ်။

တိုင်းရင်းသားပြည်သူအပေါင်းတို့သည် မင်္ဂလာရှိသော နှစ်သစ်မှာကောင်းမွန်သောစိတ်ကို မွေးမြူလျက် ဖွံ့ဖြိုးတိုးတက်သော ဘဝများကို ရရှိပိုင်ဆိုင်နိုင်ရန် စိတ်သစ်လူသစ်ဖြင့် လျှောက်လှမ်းရမည် ဖြစ်ပါတယ်။ ကုန်ဆုံးခဲ့သော နှစ်များ၏ အတွေ့အကြုံကောင်းများကို သယ်ဆောင်လာပြီး မလိုအပ်တော့သည့် ကြုံတွေ့ခဲ့ရသော အခက်အခဲများ၊ ဆုံးရှုံးခဲ့သည်များကို သင်ခန်းစာယူ၍ မေ့ပျောက်ထားခဲ့ကာ ယခုထက်သာလွန်သောဘဝကို ပိုင်ဆိုင်ခွင့်ရအောင် တစ်ဦးတစ်ယောက်မှသည် စုပေါင်းအားဖြင့် ကြိုးစားကြရတော့မှာဖြစ်ပါတယ်။ နိုင်ငံအတွင်း စည်းလုံးညီညွတ်မှုအင်အားဖြင့် အရာရာကို ကျော်ဖြတ် အနိုင်ယူကာ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အဖြစ်သို့ ရောက်ရှိအောင် လျှောက်လှမ်းကြရမှာဖြစ်ပါတယ်။

ဘဏ်လုပ်ငန်းရှင်တစ်ဦးအနေဖြင့်လည်း ပြည်သူအများ၏ အကျိုးစီးပွားကို ကြည့်ရှုအလေးထား၍ ဝန်ဆောင်မှုအကောင်းဆုံးသော ဘဏ်အဖြစ် ရပ်တည်နိုင်အောင် ထာဝရ ကြိုးစားသွားမှာပါ။ နိုင်ငံတော်၏ စီးပွားရေး ပိုမိုမြင့်မားလာအောင် လုပ်ဆောင်ကြရာတွင်လည်း တစ်တပ်တစ်အား အစဉ်အမြဲပါဝင်သွားမှာပါလို့ ဆန္ဒပြုစကားပါးလိုက်ပါတယ်။

**ဦးမြတ်သင်းအောင်(ဗဟိုအလုပ်အမှုဆောင်)**
**မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်**



နှစ်ဟောင်းကုန်ဆုံး၍ နှစ်သစ်အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး မြန်မာနှစ်သစ်မှာ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပြီး စီးပွားရေးအခွင့်အလမ်းကောင်းများရရှိကာ ပျော်ရွှင်မှုအပေါင်းနှင့် နေထိုင်နိုင်ကြပါစေကြောင်း ဦးစွာဆုမွန်ကောင်းတောင်းအပ်ပါသည်။

မိမိတို့ ပြည်တွင်းစက်မှုလက်မှုလုပ်ငန်းများကလည်း နိုင်ငံ့စီးပွားဖွံ့ဖြိုးဖို့ အစိုးရနှင့်အတူ လက်တွဲဆောင်ရွက်ကြရမှာဖြစ်ပါသည်။ ယခင်နှစ်များက ပြည်ပမှ ရင်းနှီးမြှုပ်နှံလိုသူများကို လွယ်ကူစွာ ရင်းနှီးမြှုပ်နှံနိုင်အောင် ကုမ္ပဏီများဥပဒေကို ပြဋ္ဌာန်းပေးနိုင်ခဲ့သည့်အတွက် ကုမ္ပဏီများစွာတို့ အကျိုးရှိခဲ့ပါသည်။ ယခုနှစ်ဦးမှစပြီး ပြည်တွင်း၊ ပြည်ပ စက်မှုလက်မှုလုပ်ငန်းရှင်များကလည်း ပိုမိုပြီး နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးလာအောင် စွမ်းဆောင်သွားကြမှာဖြစ်သည့်အတွက် မင်္ဂလာရှိသောနှစ်ဖြစ်ပါသည်။

မြန်မာသက္ကရာဇ် ၁၃၈၀ ပြည့်နှစ်ဦးအခါသမယမှစ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ပြည်သူ၊ ပြည်သားများအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာခြင်းနှင့်အတူ စီးပွားဥစ္စာများ မြင့်မားတိုးတက်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သလိုက်ပါသည်။

**ဦးမောင်ဝိတ်**
**(ဥက္ကဋ္ဌ-စေပိုင်ဖွံ့ဖြိုးမှု လီမိတက်)**



ကျွန်တော်တို့ မြန်မာနိုင်ငံမှာ အလုပ်အကိုင် အခွင့်အလမ်းတွေပေါများပြီး လူအများဝင်ငွေတိုးကာ လူမှုစီးပွား အဆင့်အတန်းများ အမြန်တိုးတက်ပါစေ၊ နှစ်သစ်မှာ ကျွန်တော်တို့ မြန်မာနိုင်ငံ ကံကောင်းခြင်းများနှင့် ပြည့်စုံပါစေလို့ လေးနက်စွာ ဆုတောင်းလိုက်ပါတယ်။

"နှစ်သစ်မှာ ရွှင်လန်းချမ်းမြေ့ကြပါစေ"

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအောက်ရှိ လုပ်ငန်း၊ ဌာနများမှ အရာထမ်းဝန်ထမ်းများအား တွေ့ဆုံ



**နေပြည်တော် ဧပြီ ၁၈**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအောက်ရှိ သစ်တောကဏ္ဍမှ လုပ်ငန်း/ဌာနများ၏ အရာထမ်းဝန်ထမ်းများအား ယနေ့နံနက် ၁၁ နာရီတွင် သစ်တောဦးစီးဌာန အင်ကြင်းခန်းမ၌လည်းကောင်း၊ သတ္တုကဏ္ဍမှ လုပ်ငန်း/ဌာနများ၏ အရာထမ်းဝန်ထမ်းများအား ညနေ ၃ နာရီတွင် သီရိရတနာခန်းမ၌ လည်းကောင်း တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက သင်္ကြန်ရုံးပိတ်ရက်များအတွင်း ဝန်ထမ်းများအနေဖြင့် စိတ်ရောကိုယ်ပါ အနားယူခဲ့ရသည့် နေ့ရက်များဖြစ်မည်ဟု ထင်ပါကြောင်း၊ အားလုံးသိကြသည့်အတိုင်း နိုင်ငံတော်သမ္မတ၏ နှစ်သစ်ကူးမိန့်ခွန်း၌ ဝန်ထမ်းများအတွက် စိတ်ချမ်းသာစရာများ ပါရှိပါကြောင်း၊ ဝန်ထမ်းများ ပင်စင်ယူပြီးပါက ကိုယ်ပိုင်အိုးအိမ်နှင့် နေနိုင်ရန်အတွက် နိုင်ငံတော်မှ စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဝန်ထမ်းများဘက်ကလည်း မိမိလုပ်ငန်းများကို တာဝန်ကျေအောင် ထမ်းဆောင်ရန်၊ စေတနာပါပါ ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် မြေပေါ်၊ မြေအောက် သယံဇာတများအား နိုင်ငံတော်နှင့် နိုင်ငံသားအားလုံးအကျိုးကို ရှေးရှုပြီး စီမံအုပ်ချုပ်မှုများ ဆောင်ရွက်ရသည့်အတွက် အလုပ်တာဝန်များ များပြားကြောင်း၊ လုပ်ငန်းသဘာဝအနေအထားအရ ဝန်ထမ်းများ အဆင့်ဆင့်ကလည်း သေသေချာချာ ကြီးကြပ်ရန် အရေးကြီးကြောင်း။

ယခုအစိုးရအနေဖြင့် လုပ်ငန်းပိုင်းဆိုင်ရာများကို ရာနှုန်းပြည့် တွန်းအားပေးပြီး ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် စည်းနှင့် ကမ်းနှင့် သေသေချာချာလုပ်ရန် အရေးကြီးကြောင်း၊ ဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားရမည့် ကိစ္စများနှင့်စပ်လျဉ်း၍ အချိန်မီဆောင်ရွက်ရန် လိုအပ်သလို အချိန်နှင့်တစ်ပြေးညီ ပြည့်စုံရန်လည်း လိုအပ်ကြောင်း၊ ကွင်းဆင်းစစ်ဆေးရာတွင်လည်း ပြည့်ပြည့်စုံစုံ စစ်ဆေးရန်ဖြစ်ပြီး ပြည့်စုံမှုမရှိပါက အကြောင်းအရာများကို ထိမ်ချန်ထားသည်ဟု ယူဆခံရမည်ဖြစ်သဖြင့် စစ်ဆေးရေးအဖွဲ့ခေါင်းဆောင်များအနေဖြင့် အထူးဂရုစိုက်ရန် လိုအပ်ကြောင်း၊ ဌာနတွင်း စက်သုံးဆီများ သုံးစွဲမှုနှင့်စပ်လျဉ်း၍လည်း ခွဲဝေပေးထားသည့် လုပ်ငန်းရန်ပုံငွေဘောင်အတွင်း အဆင်ပြေအောင် ညှိနှိုင်းဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ ဆက်လက်၍ ရာထူးတိုးခြင်း၊ ပြောင်းရွှေ့ခြင်း၊ ပင်စင်ယူခြင်း စသည့် ဝန်ထမ်းရေးရာကိစ္စများနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနမှ ဆောင်ရွက်မည့်ကိစ္စများအား ဝန်ထမ်းများသို့ အသိပေးရှင်းလင်းမှာကြားခဲ့သည်။ **သတင်းစဉ်**

## စစ်ကိုင်းတိုင်းဒေသကြီးတွင် မဟာသင်္ကြန်ကာလအတွင်း ယာဉ်မတော်တဆမှု ၃၈ မှုဖြစ်ပွား ထိခိုက်ဒဏ်ရာရရှိသူ ၁၀၀ ကျော်နှင့် သေဆုံးသူ ၁၈ ဦးရှိ

**မုံရွာ ဧပြီ ၁၈**

ဧပြီ ၁၃ ရက်မှ ၁၆ ရက်အထိ ကျင်းပခဲ့သည့် မဟာသင်္ကြန်ကာလတွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ယာဉ်မတော်တဆမှု ၃၈ ကြိမ် ဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၁၈ ဦးရှိခဲ့ကြောင်း အမှတ်(၁၇)ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲ(စစ်ကိုင်း)မှ စစ်ကိုင်းတိုင်းဒေသကြီး တာဝန်ခံရဲမှူးကိုကိုနိုင်၏ ပြောကြားချက်အရ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မြို့တော်ခန်းမတွင် ဧပြီ ၁၇ ရက် နံနက်ပိုင်းက ကျင်းပသည့် ချင်းတွင်းသင်္ကြန်ပွဲတော်နှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၌ မဟာသင်္ကြန်ကာလအတွင်း ဖြစ်ပွားခဲ့သည့် ယာဉ်မတော်တဆမှုများကို ရှင်းလင်းပြောကြားခဲ့ခြင်းဖြစ်သည်။

"မုံရွာမြို့မှာတော့ ဧပြီ ၂ ရက်က စပြီး ယာဉ်ထိန်းတပ်ဖွဲ့ဝင်(၉+၂၇) စုစုပေါင်း ၃၆ ယောက်နဲ့ လုပ်ခဲ့ပါတယ်၊ သင်္ကြန်ကာလအတွင်းမှာ ဆူညံအိတ်ဇောတပ်မောင်းတာနဲ့ အရှိန်ပြင်းစွာ မောင်းနှင်ခဲ့တဲ့ စည်းကမ်းပျက်ယာဉ်နဲ့ပတ်သက်ပြီး မုံရွာမြို့မှာတော့ ၁၀ မှု ဖမ်းဆီးခဲ့ပါတယ်၊ ထိခိုက်ဒဏ်ရာရရှိမှုနဲ့ သေဆုံးမှုစာရင်းက ယာဉ်ထိန်းတပ်ဖွဲ့ဝင်တွေက မုံရွာ၊ စစ်ကိုင်း၊ ရွှေဘို၊ ကသာ၊ ကလေးနဲ့ တမူးမြို့တွေမှာရှိတယ်၊ ကျန်တဲ့နေရာတွေမှာ ယာဉ်ထိန်းတပ်ဖွဲ့ဝင်မရှိဘူး၊ သူတို့အစီအစဉ်နဲ့ ဖွင့်တဲ့စာရင်းအရ သိရတာပါ၊ သင်္ကြန်ဧရိယာအတွင်း မဟုတ်တောင်မှ တခြားသောသွားလာမှုတွေအရ ဖြစ်စဉ်တွေလည်း ပါကောင်းပါနိုင်ပါတယ်"ဟု ရဲမှူးကိုကိုနိုင်က ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် မဟာသင်္ကြန်ကာလအတွင်း ယာဉ်မတော်တဆမှုပေါင်း ၃၈ မှု ဖြစ်ပွားခဲ့ရာ အမျိုးသား ၉၈ ဦးနှင့် အမျိုးသမီး ၂၀ စုစုပေါင်း ၁၁၈ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အမျိုးသား ၁၅ ဦးနှင့် အမျိုးသမီးသုံးဦး စုစုပေါင်း ၁၈ ဦး သေဆုံးခဲ့ကြောင်း အမှတ်(၁၇)ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲ(စစ်ကိုင်း)ရုံး၏ မှတ်တမ်းများအရ သိရသည်။

**ဝင်းဦး(ဗေယျာတိုင်း)**

## အပူဒဏ်အန္တရာယ် ကာကွယ်ရေး နှိုးဆော်ချက်

၁။ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ အခံရှိသူများ အနေဖြင့် နေ့လယ်၊ နေ့ခင်းအချိန်တွင် အရိပ်ရအေးမြ၍ လေဝင် လေထွက်ကောင်းသောနေရာများတွင် နားနေပါ။

၂။ ပူပြင်းသော နေရောင်အောက်တွင် ပင်ပန်းစွာ အလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်ခြင်းတို့ကို ရှောင်ကြဉ်ပါ။

၃။ ပူပြင်းသည့်နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန်လိုအပ်ပါကလည်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းသွားပါ။ အရိပ်ရအေးမြသည့် နေရာများတွင် ခေတ္တအနားယူခြင်းကိုလည်း မကြာခဏ ပြုလုပ်ပါ။

၄။ အလင်းပြန်သော အဖြူရောင် (သို့မဟုတ်) အရောင်ဖျော့သော ပွပွချောင်ချောင်ချည်ထည်များကို ဝတ်ဆင်ပါ။

၅။ နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်း စသည်တို့ကို ရှောင်ကြဉ်ပါ။

၆။ အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမိုပြင်းထန်စွာ ခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ။

၇။ ခန္ဓာကိုယ်အတွင်း ရေနှင့် ဓာတ်ဆားများ ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ရေနှင့် ဓာတ်ဆားရည်ကို လုံလောက်အောင် သောက်သုံးပါ။

၈။ မိတ်နှင့် ယားဖုများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## မန္တလေးလမ်းလျှောက်သင်္ကြန်အတွင်း အများပြည်သူထံမှ လိုက်လံခါးပိုက်နှိုက်နေသူများအား ဖမ်းမိ

**မန္တလေး ဧပြီ ၁၈**

မန္တလေးသင်္ကြန်ကာလ လမ်းလျှောက်သင်္ကြန်အတွင်း အများပြည်သူထံမှ ခိုး၊ဆိုး၊လုနှိုက် ကျူးလွန်နေသူများကို ဖမ်းဆီးရမိခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ မှုခင်းအကူတပ်ဖွဲ့ခွဲထံမှ သိရသည်။

မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ မှုခင်းအကူတပ်ဖွဲ့ခွဲမှ ရဲအုပ်အောင်ဆွေလင်း ဦးစီး၍ ရဲအုပ်စစ်ဆန်းဦး၊ ရဲအုပ်ကျော်ဝင်းနိုင်၊ ရဲအုပ်ဌေးလင်းနိုင်နှင့် တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ သင်္ကြန်ကာလ လမ်းလျှောက်သင်္ကြန်အတွင်း ခိုး၊ဆိုး၊လုနှိုက် သတင်းစုံစမ်းနေစဉ် ဧပြီ ၁၃ ရက် ညနေ ၆ နာရီခွဲခန့်က ခိုး၊ဆိုးနှိုက် အမှုများကျူးလွန်ထားသူ ကိုကိုအောင် (၅၃)နှစ် ချမ်းအေးသာစံမြို့နယ်နေသူအား ဖုန်းသုံးလုံးနှင့်အတူ မသင်္ကာဖွယ်တွေ့ရှိသဖြင့် ခေါ်ယူစစ်မေးရာ (၂၆) လမ်း၊ (၇၃) လမ်းနှင့် (၇၄)လမ်းကြား နန်းမြို့သူ ဖျော်ဖြေရေးမဏ္ဍပ် တောင်ဘက်ခြမ်းရှိ ရေကစားမဏ္ဍပ်တွင် ရေကစားနေသူ ကိုစိုးမင်းထံမှ MI MAX အမျိုးအစား အဖြူရောင်ဟန်းဆက်တစ်လုံးကို လည်းကောင်း၊ ကိုညီညီမင်းထံမှ OPPO A11W အမျိုးအစား အဖြူရောင်ဟန်းဆက်တစ်လုံးကို လည်းကောင်း၊ ရေကစားနေသူတစ်ဦးထံမှ CEO 197 HUAWEI အမျိုးအစား ရွှေရောင်ဟန်းဆက်တစ်လုံးကို လည်းကောင်း နှိုက်ယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ၎င်းအား တိုင်းဒေသကြီးရဲတပ်ဖွဲ့ မှုခင်းအကူတပ်ဖွဲ့ခွဲမှ ရဲအုပ်စစ်ဆန်းဦးက အမှတ်(၈)မြို့မရဲစခန်းတွင် တရားလိုပြုလုပ်၍ တိုင်ကြားခဲ့ရာ (ပ)၂၀၀/၂၀၁၈၊ (ပ)၂၀၁/၂၀၁၈၊ (ပ)၂၀၂/၂၀၁၈၊ ပြစ်မှုပုဒ်မ-၃၇၉ တို့ဖြင့် အမှုဖွင့်အရေးယူထားသည်။

ယင်းအပြင် ဧပြီ ၁၅ ရက် ညနေ ၅ နာရီခွဲခန့်က ခိုး၊ဆိုးနှိုက်အမှုများ ကျူးလွန်ထားသူ နေတက်ထွန်း (၂၁)နှစ် အောင်မြေသာစံမြို့နယ်နေသူအား မသင်္ကာဖွယ်တွေ့ရှိသဖြင့် ခေါ်ယူစစ်မေးရာ (၂၆)လမ်း၊ (၇၃)လမ်းနှင့် (၇၄)လမ်းကြား နန်းမြို့သူ ဖျော်ဖြေရေးမဏ္ဍပ် မြောက်ဘက်ခြမ်းရှိ ရေကစားမဏ္ဍပ်တွင် ရေကစားနေသူ ကိုစန်းလင်းအောင်ထံမှ HUAWEI Honor အမျိုးအစား ဟန်းဆက်တစ်လုံးကို ဖြုတ်ယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ၎င်းအား တိုင်းဒေသကြီးရဲတပ်ဖွဲ့ မှုခင်းအကူတပ်ဖွဲ့ခွဲမှ ရဲအုပ်ကျော်ဝင်းနိုင်က အမှတ်(၂)နယ်မြေ ရဲစခန်းတွင် တရားလိုပြုလုပ်၍ တိုင်ကြားခဲ့ရာ (ပ)၂၁၆/ ၂၀၁၈၊ ပြစ်မှုပုဒ်မ-၃၇၉/၅၄ တို့ဖြင့် အမှုဖွင့်အရေးယူထားသည်။

ဧပြီ ၁၆ ရက် နံနက် ၁၁ နာရီခွဲခန့်ကလည်း ခိုး၊ဆိုးနှိုက် အမှုများကျူးလွန်ထားသူ နေမျိုးထက် (၂၁) နှစ် အောင်မြေသာစံမြို့နယ်နေသူအား မသင်္ကာဖွယ် တွေ့ရှိသဖြင့် ခေါ်ယူစစ်မေးရာ (၂၆) လမ်း၊ (၇၁) လမ်းထောင့် မြို့တော်ဝန်ရေးကစားမဏ္ဍပ်တွင် ရေကစားနေသူ မပုလဲထံမှ GH အမျိုးအစား အဖြူရောင်ဟန်းဆက်တစ်လုံးနှင့် ငွေသားတို့ကို နှိုက်ယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ၎င်းအား တိုင်းဒေသကြီးရဲတပ်ဖွဲ့ မှုခင်းအကူတပ်ဖွဲ့ခွဲမှ ရဲအုပ်ဌေးလင်းနိုင်က အမှတ်(၃)နယ်မြေ ရဲစခန်းတွင် တရားလိုပြုလုပ်၍ တိုင်ကြားခဲ့ရာ (ပ) ၂၀၃/၂၀၁၈၊ ပြစ်မှုပုဒ်မ-၃၇၉/၅၄တို့ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**





# မောင်တောမြို့ ရခိုင်ရိုးရာသင်္ကြန်ပွဲတော် ဒုတိယနေ့စည်ကား

**မောင်တော ဧပြီ ၁၈**
ရခိုင်ပြည်နယ် မောင်တောမြို့ ရခိုင်ရိုးရာသင်္ကြန်ပွဲတော် ဒုတိယနေ့ကို ယနေ့ စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပသည်။

ယနေ့ နံနက်ခင်းတွင် မောင်တောမြို့နှင့်ဝန်းကျင်တစ်ဝိုက် မြူနှင်းများ ထူထပ်စွာ ကျဆင်းခဲ့ပြီး မိုးဖွဲများရွာချခဲ့သဖြင့် ဖျော်ဖြေရေးအစီအစဉ်များကို မွန်းလွဲပိုင်းမှသာ ပြန်လည်စတင်ခဲ့သော်လည်း ရန်ကုန်မြို့မှ ဖိတ်ကြားထားသော အနုပညာရှင်များ၊ ရခိုင်နာမည်ကြီးအဆိုတော်များ၊ ရေကစားသူများနှင့် သင်္ကြန်ချစ်ပရိသတ်များဖြင့် စည်ကားခဲ့သည်။

"ဒီဒေသရဲ့ ချစ်စရာခလေ့က မဟာသင်္ကြန်ရက်တွေမှာ ပျို့မေတွေ နံ့သာသွေးပြီး ရလာတဲ့နံ့သာရည်တွေနဲ့ ဘုရားဆင်းတုတော်တွေကို ရေသပ္ပာယ်ပြီးမှ လူငယ်တွေ နှစ်ဆန်း ၁ ရက်နေ့မှသာ ရေကစားကြတဲ့အတွက် ပိုပြီးပျော်စရာကောင်းပါတယ်၊ သင်္ကြန်ရက်ကို ကြာကြာခံစားရသလိုပဲ၊ ပြီးခဲ့တဲ့မတ်လက အသချေ်ရဲ့ ခိုးလိုးခုလုစီးရီးနဲ့ဆို တေးစီးရီးနှစ်ခွေ ထုတ်ထားပါတယ်၊ အားပေးပါဦး၊ နှစ်သစ်မှာ ပရိသတ်အားလုံး ရွှင်လန်းချမ်းမြေ့ပါစေလို့ဆုတောင်းပါတယ်" ဟု တေးသံရှင် ပြုံးအသချေ်က ပြောသည်။

မောင်တောသင်္ကြန် ဒုတိယနေ့တွင် ဖိတ်ကြားထားသော မြန်မာတေးသံရှင်များနှင့် နာမည်ကြီးရခိုင်တေးသံရှင်များက ပျော်ရွှင်စွာသီဆိုဖျော်ဖြေခဲ့ကြသည်။

"စစ်တွေမှာ အားပါးတရဖျော်ဖြေပြီး ဒီမောင်တောမှာဆက်ပျော်တာပါ၊ မနှစ်ကထက် ဒီနှစ်သင်္ကြန် မောင်တောမှာ ပိုစည်ကားတာ တွေ့ရပါတယ်၊ ဒီလိုထူးထူးခြားခြား နှစ်ဆန်း ၁ ရက်မှသာ ကျင်းပတဲ့ပွဲလေးမို့ ပိုပျော်ပါတယ်၊ တေးစီးရီးအနေနဲ့ တစ်ကိုယ်တော်တစ်ခွေ၊ စုပေါင်းတစ်ခွေထုတ်ထားပါတယ်၊ အားလုံး နှစ်သစ်မှာ ပျော်ရွှင်နိုင်ပါစေ"ဟု ရခိုင်တေးသံရှင် ဝင်းကိုခိုင်က အမှတ်တရစကားပြောသည်။

မောင်တောမြို့ဒေသတွင်း သင်္ကြန်ပွဲတော်ကို မြို့တွင်း၌သာမက မောင်တောမြို့ ကျေးလက်ဒေသများတွင်ပါ မိသားစုမဏ္ဍပ်များဆောက်၍ တစ်ဦးချင်းသော်လည်းကောင်း၊ အစုအဖွဲ့များဖြင့်သော် လည်းကောင်း ပျော်ရွှင်စွာ ဆင်နွှဲကြကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-**
**တင်စိုး၊ အောင်ကျော်ဦး**



# အင်းတော်မြို့နယ်တွင် ငွေကျပ်သိန်း ၂၂၀၀ တန်ဖိုးရှိ ဘိန်းဖြူမှုန့်များ သိမ်းဆည်းရမိ



**အင်းတော် ဧပြီ ၁၈**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်တွင် ဧပြီ ၁၈ ရက် ညနေ ၃ နာရီခွဲက ငွေကျပ်သိန်း ၂၂၀၀ တန်ဖိုးရှိ ဘိန်းဖြူမှုန့်များ သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မူးယစ်တပ်ဖွဲ့စု(၆) ကသာမှ တပ်ဖွဲ့ဝင်များသည် ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုကားလမ်းမနှင့် နန့်မကျိုင်းကျေးရွာ သွားလမ်းဆုံ မိုင်တိုင်(၂၃၄)တွင် သတင်းအရ စောင့်ဆိုင်းနေစဉ် အင်းတော်မှ အားဟောင်း(၂၂) နှစ်မောင်းနှင်လာသည့် ယာဉ်အမှတ် (YGN/ 6G---)နံပါတ်ပါ SURF အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်ရှာဖွေရာ ယာဉ်နောက်ခန်း အဖုံးနှင့် တံခါးရွက်များအတွင်း သို၀ှက်၍ သယ်ဆောင်လာသည့် ဘိန်းဖြူမှုန့်ဆပ်ပြာခွက် ၂၂၀ (အလေးချိန် ၂၂၀၀ ဂရမ်) ခန့်မှန်းတန်ဖိုးငွေကျပ်သိန်း ၂၂၀၀ အား သိမ်းဆည်းရမိခဲ့သည်။

အဆိုပါ ဘိန်းဖြူမှုန့်များ သယ်ဆောင်ရာတွင် ပူးပေါင်းပါဝင်သူ နှစ်ဦးဖြစ်သည့် သက်နိုင်ဦး(ခ)ခိုင်ထူး (၂၅)နှစ်နှင့် မမေသဲနု(၂၄)နှစ်တို့ နှစ်ဦးသည် ဘိန်းဖြူမှုန့်များ ရှာဖွေစစ်ဆေးနေစဉ် HERO ANBO-125 အမျိုးအစား မော်တော်ဆိုင်ကယ် ဖြင့် ရောက်ရှိလာသဖြင့် မူးယစ်ဆေးဝါး သယ်ဆောင်သူများ ဖြစ်ကြသည့် အားဟောင်း၊ သက်နိုင်ဦး(ခ)ခိုင်ထူး၊ မမေသဲနုတို့အား အင်းတော်မြို့မ ရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# သင်္ကြန်ကာလအတွင်း မန္တလေးဆေးရုံကြီးသို့ ရောက်ရှိလာသော အတွင်းလူနာနှင့် သေဆုံးသူ ယခင်နှစ်ထက် လျော့နည်း

**မန္တလေး ဧပြီ ၁၈**
ယခုနှစ် သင်္ကြန်ကာလအတွင်း မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးသို့ ရောက်ရှိလာသော လူနာများအနက် အတွင်းလူနာအဖြစ် ကုသမှုခံယူသူဦးရေနှင့် သေဆုံးသူဦးရေမှာ ယခင်နှစ်ထက် လျော့နည်းခဲ့ကြောင်း အဆိုပါဆေးရုံကြီးမှ ဆေးလုပ်ငန်းဆက်ဆံရေးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းလွင်က ပြောသည်။

ယမန်နှစ်သင်္ကြန်ကာလအတွင်းက မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးသို့ ရောက်ရှိလာသည့် လူနာ ၈၃၀ အနက် အတွင်းလူနာအဖြစ် ကုသမှုခံယူသူ ၃၃၀၊ ပြင်ပလူနာ ၄၈၃ ဦးနှင့် သေဆုံးပြီးမှ ရောက်ရှိလာသူ ၁၇ ဦးရှိခဲ့ပြီး ယခုနှစ်တွင် ရောက်ရှိလာသူ ၆၉၁ ဦးအနက် အတွင်းလူနာအဖြစ် ၁၉၂ ဦး၊ ပြင်ပလူနာအဖြစ် ၄၉၁ ဦးနှင့် သေဆုံးပြီးမှ ရောက်ရှိလာသူ ရှစ်ဦးသာရှိခဲ့သဖြင့် ယခင်နှစ်ထက် သိသာစွာလျော့နည်းကျဆင်းသွားကြောင်း သိရသည်။

"ဒီနှစ်မှာ ကျွန်တော်တို့ ဆေးရုံကြီးမှာ သင်္ကြန်မတိုင်ခင် တစ်လအလိုကတည်းက သင်္ကြန်မှာ အဖြစ်များတဲ့ လူနာတွေကို ကုသမယ့်ကုသဆောင်တွေကို ကြိုတင်ပြင်ဆင်ထားပါတယ်၊ ဝန်ထမ်းအင်အား၊ ဆေးဝါး၊ ရောဂါရှာဖွေရေးနဲ့ လိုအပ်တဲ့ သွေး၊ အောက်ဆီဂျင်စက်တွေ၊ တွန်းလှည်း၊ ဗီးချဲ၊ ချွဲစုပ်စက်တွေနဲ့ လူနာတင်ယာဉ်တွေကို အဆင်သင့်ပြင်ဆင်ထားရှိတယ်၊ ဒါ့အပြင် ပရဟိတအဖွဲ့တွေကလည်း သင်္ကြန်တွင်းမှာ ကူညီနိုင်ဖို့အတွက် ကျွန်တော်တို့ ဆေးရုံကြီးရဲ့ အဓိကတာဝန်ရှိသူတွေနဲ့ ကြိုတင်တွေ့ဆုံညှိနှိုင်းမှုတွေ ပြုလုပ်ခဲ့တယ်၊ မြန်မာနိုင်ငံလူမှုကယ်ဆယ်ရေးအဖွဲ့က လူအင်အား ၁၀၀ ကျော်နဲ့ ကား ခုနစ်စီး၊ မဏိဇလလူမှုကူညီရေးအသင်းက လူ ၄၀ ကျော်နဲ့ ကား ၁၀ စီး၊ One to One ပြည်သူ့ကူညီရေးပရဟိတအသင်းမှ လူအင်အား ၄၀ ကျော်တို့က စုပေါင်းပြီး ကျွန်တော်တို့ဆေးရုံကြီးမှာ အချိန်ပြည့်စောင့်ဆိုင်းကာ ကာယ၊ ဉာဏ၊ လုပ်အားဒါနတွေနဲ့ တတ်နိုင်သလောက် ပံ့ပိုးကူညီမှုတွေ ဆောင်ရွက်ပေးတဲ့အတွက်လည်း ကုသမှုအပိုင်းမှာ အထောက်အကူအများကြီးရတာကြောင့် ဆေးရုံကြီးကိုယ်စား ကျေးဇူးတင်ကြောင်း ပြောလိုပါတယ်"ဟု ၎င်းကပြောသည်။

မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးသို့ သင်္ကြန်ကာလအတွင်း ရောက်ရှိလာသောလူနာများမှာ မန္တလေးခရိုင်မြို့နယ်သာမက အနီးအနားရှိ မြို့နယ်များနှင့် အခြား တိုင်းဒေသကြီးနှင့်ပြည်နယ်တို့မှ လူနာများလည်း လွှဲပြောင်းရောက်ရှိလာသူများဖြစ်ကြောင်းနှင့် သင်္ကြန်ကာလအတွင်း မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးသို့ နှစ်အလိုက် တက်ရောက်ကုသမှုစာရင်းများအနေဖြင့် ၂၀၁၅ ခုနှစ်တွင် လူဦးရေ ၇၅၀ နှင့် သေဆုံးသူ ၂၈ ဦး၊ ၂၀၁၆ ခုနှစ်တွင် လူဦးရေ ၇၀၀ ကျော်နှင့် သေဆုံးပြီးမှ ရောက်ရှိလာသူ ၁၆ ဦးနှင့် ၂၀၁၇ ခုနှစ်တွင် လူဦးရေ ၈၁၃ ဦးနှင့် သေဆုံးပြီးမှ ရောက်ရှိလာသူ ၁၇ ဦးရှိခဲ့ကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

## ခရမ်းလွန်ရောင်ခြည်အန္တရာယ် သတိပေးနှိုးဆော်ချက်

ခရမ်းလွန်ရောင်ခြည် လတ်တလောထိတွေ့မှုကြောင့် နေလောင်ခြင်း၊ အသားအရောင် ညိုမည်းလာခြင်းတို့ ဖြစ်စေနိုင်ပြီး ထိတွေ့မှုကာလကြာသောအခါ မျက်စိတိမ်စွဲခြင်း၊ အရေပြားများ အရွယ်မတိုင်ခင် အိုမင်းရင့်ရော်ခြင်း၊ ခုခံအားကျဆင်းခြင်း၊ အရေပြားကင်ဆာဖြစ်ခြင်း စသည့်ဆိုးကျိုးများကို ဖြစ်ပေါ်စေနိုင်ပါသည်။

သို့ဖြစ်ပါ၍ အောက်ပါအတိုင်း သတိပြုကာကွယ်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၁။ ခရမ်းလွန်ရောင်ခြည် မြင့်မားစွာကျရောက်နိုင်သည့် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီခန့်အတွင်းတွင် နေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှ ရှောင်ကြဉ်ပါ။
၂။ အပြင်ထွက်ရန် လိုအပ်ပါက မိမိအသားကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့စေရန် မျက်နှာ၊ လည်ပင်းနှင့် ပခုံးတို့ပါ လုံခြုံသော ထီး၊ ဦးထုပ် စသည်တို့ကို ဆောင်းသွားပါ။
၃။ အဝတ်လွတ်ကင်းနေသောလက်၊ လည်ပင်းနှင့် ပခုံးစသည့်နေရာများကို သနပ်ခါးထူထူ(သို့) SPF ၁၅+ ပါဝင်သော နေရောင်ခံလိမ်းဆေးကို နေရောင်ခြည်ထဲမထွက်မီ ၁၅ မိနစ်ခန့် ကြိုလိမ်းပါ။ နေရောင်ခံလိမ်းဆေး တစ်ခါလိမ်းပြီး နှစ်နာရီကြာပြီးတိုင်း တစ်ခါထပ်၍ လိမ်းပေးပါ။
၄။ ခရမ်းလွန်ရောင်ခြည်သည် မျက်စိကိုလည်း ထိခိုက်စေနိုင်သဖြင့် ခရမ်းလွန်ရောင်ခြည်ကို ၉၉ ရာခိုင်နှုန်းအထိ အကာအကွယ်ပေးနိုင်သည့် နေကာမျက်မှန်ကို တပ်ဆင်သင့်ပါသည်။
၅။ ခရမ်းလွန်ရောင်ခြည် အလွယ်တကူမဖောက်နိုင်သော ချည်သား ထူထူပွပွ အဝတ်အထည်များကို ဝတ်ဆင်ပါ။
၆။ ဆီးချိုရောဂါ၊ နှလုံးရောဂါရှိသူများ၊ အရက်အလွန်အကျွံ သောက်သုံးသူများ၊ ကလေးငယ်များနှင့် သက်ကြီးဘိုးဘွားများသည် ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကို ပိုမိုခံစားရနိုင်သဖြင့် အထူးဂရုပြုဆင်ခြင်ရန် လိုအပ်ပါသည်။
၇။ ကလေးငယ်များသည် လူကြီးများထက် ခရမ်းလွန်ရောင်ခြည်အန္တရာယ်၏ ဆိုးကျိုးများကို ပိုမိုထိခိုက်ခံစားရနိုင်သဖြင့် အထူးဂရုပြုကာကွယ်ရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

မူးယစ်ကိုပစ် ပန်းတိုင်သစ်
စိတ်သစ်လူသစ် ဘဝသစ်

## အပူဒဏ်အန္တရာယ် သတိပြုဖွယ်

ကာယလုပ်သားများ၊ လယ်သမားများ၊ အငှားယာဉ်မောင်းသူများ၊ အားကစားသမားများနှင့် နေရောင်အောက်တွင် သွားလာလှုပ်ရှားနေရသူများ

၁။ ပူပြင်းသောနေရောင်အောက်တွင် ပင်ပန်းစွာအလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းတို့ကို တတ်နိုင်သမျှ ရှောင်ကြဉ်ပါ။

၂။ ပူပြင်းသည့်နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန် လိုအပ်ပါကလည်း အရိပ်လုံလောက်စွာရရှိနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းသွားပါ။ အရိပ်ရအေးမြသည့် နေရာများတွင် မကြာခဏအနားယူပါ။

၃။ အဖြူရောင် (သို့မဟုတ်) အရောင်ဖျော့သော ပွပွ ချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။

## တာချီလိတ်မြို့၌ သေနတ်ဖြင့် ပစ်ခတ်ခံရ၍ လူတစ်ဦးသေဆုံး

**တာချီလိတ် မေ ၁၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ မယ်ခေါင်ရပ်ကွက်နေ ဦးယောဟန်မှာ ယနေ့နံနက် ၁၁ နာရီခွဲခန့်က ၎င်း၏ နေအိမ်ခြံဝင်းအတွင်း သေနတ်ဖြင့် ပစ်ခတ်ခံရ၍ သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ တာချီလိတ်မြို့ မယ်ခေါင်ရပ်ကွက် တောကော့(တွင်း)သွားပတ်လမ်း၌ သေနတ်ပစ်ခတ်မှုဖြစ်ပွားကြောင်း သတင်းအရ အခင်းဖြစ်ပွားရာသို့ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးထိန်ဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သန်းနိုး၊ တာချီလိတ်မြို့မရဲစခန်းမှူး ဒုတိယရဲမှူး မျိုးခိုင်နှင့် တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ နေအိမ်ခြံဝင်း ဝင်ပေါက်အနီးတွင် နန့်ယွန်းစေတနာ ကုမ္ပဏီပိုင်ရှင် ဦးယောဟန်သည် ရင်ဘတ်တွင် သေနတ်ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိရပြီး သေဆုံးသူ၏ အနီးတွင် (USA – 9mm Luger) အမျိုးအစား ကျည်ခွံ လေးခုအား တွေ့ရှိရကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်တွင် သေနတ်ဖြင့် ပစ်ခတ်သွားသူအား အမြန်ဆုံး ဖမ်းဆီးရမိရေး အမှုဖွင့် စုံစမ်းစစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**



## ရေတာရှည်မြို့နယ်တွင် မိုးသက်လေပြင်းတိုက်ခတ်၊ မိုးသီးများကျဆင်းခြင်းကြောင့် ရိတ်သိမ်းခါနီး နွေစပါးစိုက်ဧက ၁၂၀ ကျော် ထိခိုက်ခဲ့

**ရေတာရှည် မေ ၁၈**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း မေ ၁၇ ရက် ညနေပိုင်းက နေရာကွက်၍ မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး လေပြင်းများတိုက်ခတ်ခဲ့ရာ လူနေအိမ်များ ထိခိုက်ပျက်စီးခြင်း၊ သစ်ပင်ကြီးများ ပြိုလဲခြင်းနှင့် ရိတ်သိမ်းခါနီး နွေစပါးစိုက်ခင်းများစွာ မိုးသီးများထိမှန်မှုကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ရာ ယနေ့မွန်းလွဲပိုင်းတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြို့နိုင် ဦးဆောင်သော မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီက ထိခိုက်ပျက်စီးခဲ့သော လူနေအိမ်များနှင့် နွေစပါးစိုက်ခင်းများအား ကွင်းဆင်းကြည့်ရှုခဲ့သည်။

နွေစပါးစိုက်ခင်းများစွာ ထိခိုက်မှုဖြစ်ပေါ်လျက်ရှိရာ ကွင်းကြီးကျေးရွာ ပတ်ဝန်းကျင်ရှိ ကွင်းအမှတ်(၆၂၆)တွင် တောင်သူ ၃၄ ဦး စိုက်ပျိုးထားသော ရင့်မှည့်နေသည့် နွေစပါးစိုက်ဧကပေါင်း ၁၂၄ ဧက မှာ မိုးသီးများ ထိမှန်မှုကြောင့် စပါးအနှံများကြွေကျ ကုန်သဖြင့် တစ်ဧက ၁၀ တင်းပင်ထွက်ရှိတော့မည်မဟုတ်ကြောင်း ကွင်းကြီးကျေးရွာနေ တောင်သူများက ပြောသည်။

"လေတိုက်နှုန်းကလည်း ကြောက်ခမန်းလိလိပါပဲ၊ အနောက်တောင်ဘက်ကနေ ဖြတ်တိုက်တာ၊ မိုးသီးတွေဆိုလောက်စာလုံး သုံးလုံးစာလောက်ကိုရှိတယ်၊ အပြင်လည်း မထွက်ရဲဘူး၊ မှန်လိုက်ရင် မသက်သာဘူး၊ ဝက်ခြံအမိုးတွေလန်ပြီး ဝက်တွေကို မိုးသီးမှန်လို့ လန့်ပြီး ထွက်ပြေးကုန်တာ၊ ဝက်လေးကောင်က တစ်ကောင်ပဲ ပြန်တွေ့သေးတယ်၊ သုံးကောင်ပျောက်နေတယ်" ဟု ကွင်းကြီးကျေးရွာနေ ကိုကျော်မိုးက ပြောသည်။

အလားတူ ထန်းကုန်းကျေးရွာနှင့် သပြေတန်းကျေးရွာ အကြားရှိ စပါးစိုက်ခင်းများ၊ ကုန်းကြီးကျေးရွာနှင့် ပြီစုတ်ကျေးရွာအကြားရှိ စပါးစိုက်ခင်းများမှာ အခင်းလိုက်လဲကျကာ အနှံများ ရေမြုပ်ခြင်းနှင့် သီးလုံးများပြတ်ကျသည့်အတွက် ထွက်နှုန်းများစွာ ကျဆင်းနိုင်ကြောင်း ဒေသခံများက ပြောသည်။

"စပါးနှံတွေ ရေမြုပ်ကုန်ရင် ရေကို အမြန်ထုတ်ဖို့လိုတယ်၊ ရေကုန်သွားရင် အပင်ပြန်ထနိုင်တာပေါ့"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးဝင်းမြင့်က ပြောသည်။

တောင်သူများ၏ ဆုံးရှုံးပျက်စီးမှုအခြေအနေကို တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြို့နိုင်က သုံးသပ်ပြောကြားသည်။

**ကိုလွင်(ဆွာ)**

## ဒီးမော့ဆိုမြို့နယ်တွင် လေပြင်းတိုက်ခတ်ပြီး လူနေအိမ်အချို့ ပျက်စီး

**ဒီးမော့ဆို မေ ၁၈**

ကယားပြည်နယ် လွိုင်ကော်ခရိုင် ဒီးမော့ဆိုမြို့နယ် ဒေါဖုကျေးရွာအုပ်စုနှင့် ငွေတောင်ကျေးရွာအုပ်စုတို့၌ မေ ၁၇ ရက် မွန်းလွဲ ၁ နာရီခွဲခန့်က လေပြင်းတိုက်ခတ်ပြီး လူနေအိမ်များ၊ စာသင်ကျောင်းနှင့် စပါးကျီများ ပျက်စီးပြီး သစ်ပင်သစ်ကိုင်းများ ကျိုးကျမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်တွင် ဒေါဖုကျေးရွာအုပ်စု ဒေါဖုကျေးရွာ၌ နေအိမ် ၁၂ လုံး အမိုးလန်ခြင်း၊ နေအိမ်အကာ တစ်လုံး ပျက်ကျခြင်း၊ စပါးကျီ သုံးလုံး ပျက်စီးခြင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်း အမိုးလန်ခြင်း၊ ဆိုင်းဘုတ်လဲကျခြင်း၊ အလံတိုင်ကျိုးကျခြင်း၊ ဒေါပဲဒူကျေးရွာ၌ လူနေအိမ် သုံးလုံး အမိုးလန်ခြင်း၊ မူကြိုကျောင်း အမိုးလန်ခြင်း၊ ဘိုးလျားကျေးရွာ၌ လူနေအိမ်တစ်လုံး အမိုးလန်ခြင်း၊ ငွေတောင်ကျေးရွာအုပ်စု ဒေါခလိုက်လင်းကျေးရွာ၌ လူနေအိမ်နှစ်လုံး အမိုးလန်ခြင်း စုစုပေါင်း လူနေအိမ် ၁၉ လုံး၊ စပါးကျီသုံးလုံး၊ စာသင်ကျောင်း တစ်ကျောင်းနှင့် မူကြိုကျောင်း တစ်ကျောင်းတို့ ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

အလားတူ မေ ၁၇ ရက် မွန်းလွဲ ၁ နာရီခန့်တွင် စံပြ(၆)မိုင်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများတွင် မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ မိုးသီးများ ကြွေကျခြင်း ဖြစ်ပွားခဲ့ပြီး လူနှင့်တိရစ္ဆာန် ထိခိုက်ခြင်းမရှိကြောင်း သိရသည်။

လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးနေမှုများကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဘော်ရယ်စိုးဝေနှင့်အဖွဲ့ဝင်များက မေ ၁၈ ရက် နံနက် ၇ နာရီခွဲတွင် သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကာ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက သစ်ပင်သစ်ကိုင်းများ ကျိုးကျနေမှုကို ဖယ်ရှားရှင်းလင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**





## ထားဝယ်မြို့တွင် ငါးဖမ်းစက်လှေတစ်စင်း ကမြောကင်းတံတားနှင့် ငြိနေ

**ထားဝယ် မေ ၁၈**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ကမြောကင်းတံတား၌ မေ ၁၈ ရက် မွန်းတည့် ၁၂ နာရီတွင် ငါးဖမ်းစက်လှေတစ်စင်း ကမြောကင်းတံတားတိုင်နှင့် ငြိနေသောကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ 'ကောင်းကောင်းမြတ်' ငါးဖမ်းစက်လှေသည် ထားဝယ်မြို့ ဥသျှစ်ပင်(?)... ဥသျှရံတိုးချဲ့ရပ်ကွက် ကမ်းနားလမ်းရှိ ဦးစံညွန့်လှေဆိပ်၌ ရပ်နားထားရာ မေ ၁၈ ရက် ညသန်းခေါင်တွင် ကြိုးပြတ်၍ တိမ်းမှောက်ပြီး ထားဝယ်မြစ်ချောင်းအတွင်း မျောပါ နေသဖြင့် နံနက် ၉ နာရီခန့်က 'အောင်ကောင်းမြတ်ထွန်း' ငါးဖမ်းစက်လှေက လိုက်လံဆယ်ယူခဲ့ရာ မွန်းတည့် ၁၂ နာရီခန့်တွင် ပန်ကာအတွင်းသို့ ကြိုးဝင်သွားသောကြောင့် ငါးပိုက်လှေနှစ်စင်းလုံး မောင်းနှင်မရဘဲ ရေစီးနှင့်အတူ ထားဝယ်မြစ်ချောင်းအတွင်း ဆက်လက်မျောပါသွားရာ 'အောင်ကောင်းမြတ်ထွန်း' ငါးဖမ်းစက်လှေက ကမြောကင်းတံတားတိုင်နှင့် ငြိနေပြီး လူတစ်ဦးတစ်ယောက်မှ ထိခိုက်မှုမရှိကြောင်း သိရသည်။

ယင်းနောက် မီးသတ်တပ်ဖွဲ့၊ ဇမ္ဗူသီရိအရေးပေါ်ကူညီရေးအဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့နှင့် ဒေသခံစက်လှေများက ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်နေပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်နှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှုခဲ့ပြီး မွန်းလွဲ ၂ နာရီခွဲခန့် ရေကျချိန်တွင် ဒေသခံစက်လှေများက ဆွဲထုတ်နိုင်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မြန်မာ့ရုပ်မြင်သံကြား

**၁၉-၅-၂၀၁၈ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ Breakfast News
၇း၃၅ NRC အစီအစဉ် "ဆပ်ဝါရိတ်သိမ်းခြင်း"
၈း၃၅ "နိုင်ငံတော်အစိုးရ၏ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ" (ပြည်ထောင်စုလွှတ်တော်)
၈း၅၅ "နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ" (ပြည်ထောင်စုရှေ့နေချုပ်ရုံး)
၉း၄၀ ASEAN Spotlight (Part-23)
၁၀း၃၀ အလုပ်သမားရေးရာအစီအစဉ်
၁၁း၄၀ ဘဝထဲကဝတ္ထု၊ဝတ္ထုထဲကဘဝ "ဆေးပေးမီးယူ" (ဦးဝင်းမြိုင်၊ ဒေါ်ဝါဝါ၊ ပန်သုမြင့်မိုရ်၊ ပြည့်ဖြိုး၊ မကြည်ဌေး) [ဒါရိုက်တာ-သိမ်းစိုး (သီဟရတနာ)]
၁၂း၃၀ မြန်မာဇာတ်လမ်းတွဲ "ကြမ္မာနွံ" (အပိုင်း-၁၁) (မင်းဦး၊ ဖိုးသောကြာ၊ စုလှိုင်နှင်း၊ စိုးစန္ဒာကျော်၊ ဇော်ဇော်) (ဒါရိုက်တာ-အောင်ဩဘာ)
၁၃း၁၅ ငြိမ်းချမ်းရေးဂီတပွဲတော် ထုတ်လွှင့်မှုအစီအစဉ် (Level-1)(နေပြည်တော်) (ဒုတိယပိုင်း)
၁၄း၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ "တရားရှင်နှင့် ဓားဘုရင်" "နောက်ဆုံးရင်သွေး" (အပိုင်း-၄)
၁၅း၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ"(အပိုင်း-၂)

**ညပိုင်း**

၁၆း၃၅ "ရှမ်းပြည်နယ်တောင်ပိုင်း ခရီးသွားမြှင့်တင်ရေး" (အပိုင်း-၈)
၁၇း၁၅ NHK အစီအစဉ် " Mathematic " (ကျွန်ုပ်တို့နေထိုင်တဲ့ စက်ဝိုင်းလို လုံးဝန်းတဲ့ ကမ္ဘာကြီး)
၁၇း၃၅ လူမှုစီးပွားမြင်ကွင်းများ
၁၈း၃၅ မျက်မှောက်ရေးရာအဖြာဖြာ
၁၉း၁၅ မြန်မာဇာတ်လမ်းတွဲ "ကြမ္မာနွံ" (အပိုင်း-၁၂) (မင်းဦး၊ ဖိုးသောကြာ၊ စုလှိုင်နှင်း၊ စိုးစန္ဒာကျော်၊ ဇော်ဇော်) (ဒါရိုက်တာ-အောင်ဩဘာ)
၂၀း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ "နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ" (ပြည်သူ့လွှတ်တော်)
-"နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ" (လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန)
-America's Got Talent
-နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြွေးရာဇဝင်" (အပိုင်း-၂၅)
-မှတ်မှတ်ထင်ထင် မြန်မာ့ရုပ်ရှင် (အပိုင်း-၁) (ဒါရိုက်တာ-ကြည်စိုးထွန်း)
-အစီအစဉ်ပြီး၏။

## မက်ပီနဲ့ သီယာဂိုအယ်လ်ကန်တာရာမှာ ဂွါဒီယိုလာရဲ့ နွေစျေးကွက်အတွက် အဓိကပစ်မှတ်ဖြစ်နေ


ပီအက်စ်ဂျီကစားသမား မက်ပီနဲ့ ဘိုင်ယန်မြူးနစ်ကစားသမား သီယာဂိုအယ်လ်ကန်တာရာတို့ဟာ နွေရာသီအပြောင်းအရွှေ့စျေးကွက်မှာ မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာ ခေါ်ယူဖို့ပစ်မှတ်ထားနေတဲ့ အဓိက ကစားသမားတွေဖြစ်လို့လာပါတယ်။

မန်စီးတီးအသင်းဟာ သူတို့ရဲ့ ပထမအသင်းအတွက် အဓိကအားထားရတဲ့ ကစားသမား သုံးဦးအထိခေါ်ယူဖို့ စီစဉ်နေတာဖြစ်ပြီး ပရီမီယာလိဂ်ချန်ပီယံဆုဖလားကို ကာကွယ်နိုင်ဖို့ အသင်းကို ထပ်မံအင်အားဖြည့်တင်းရန် ပေါင်သန်း ၂၀၀ အထိသုံးစွဲမယ်လို့လည်း နည်းပြ ဂွါဒီယိုလာက ဆိုထားပါတယ်။

ခရစ္စတယ်ပဲလေ့တောင်ပံကစားသမား ဇာဟာကို ခေါ်ယူဖို့ မန်စီးတီးအသင်း ပစ်မှတ်ထားခဲ့ပေမယ့် လက်ရှိအချိန်မှာတော့ မက်ပီနဲ့ အယ်လ်ကန်တာရာတို့ကို ခေါ်ယူဖို့ပစ်မှတ်ထားလာချိန်မှာတော့ ဇာဟာအနေနဲ့ မန်စီးတီးအသင်းရဲ့ မူလပစ်မှတ်ကနေ သွေဖည်လို့သွားခဲ့တာဖြစ်ပါတယ်။

၂၀၁၈ ရုရှားကမ္ဘာ့ဖလားပြိုင်ပွဲဟာ ဇွန် ၁၄ ရက်မှာ စတင်မှာဖြစ်တာကြောင့် နွေရာသီအပြောင်းအရွှေ့စျေးကွက်ကာလမှာ အချိန်ကာလတိုနေတယ်လို့ဆိုကာ ကစားသမားခေါ်ယူမှုကို စောစီးစွာစတင်မယ်လို့လည်း ဂွါဒီယိုလာက ဆိုခဲ့ပါတယ်။

နည်းပြဂွါဒီယိုလာဟာ သီယာဂိုအယ်လ်ကန်တာရာကို ဘာစီလိုနာအသင်းမှာရော ဘိုင်ယန်မြူးနစ်အသင်းမှာပါ ကိုင်တွယ်ခဲ့တာဖြစ်တာမို့ အဓိကပစ်မှတ်ထားနေတာဖြစ်ပြီး လက်ရှိကွင်းလယ်ပိုင်းမှာလည်း ဒေးဗစ်ဆေးလ်ဗား၊ ဖာနန်ဒင်ဟိုနဲ့ ယာယာတိုရေးတို့ကလည်း အသက်(၃၀)အရွယ်ရှိနေတာကြောင့်ဖြစ်ပါတယ်။



## အာဂျင်တီးနားလူငယ်ကစားသမားကို ခေါ်ယူခဲ့ခြင်းကြောင့် စျေးကွက်နှစ်ခုမှာ ကစားသမားခေါ်ယူမှုပိတ်ပင်ခံရမည့်အရေး ရှောင်ရှားနိုင်မည်ဟု မန်စီးတီး ယုံကြည်

မန်စီးတီးအသင်းဟာ အာဂျင်တီးနားလူငယ်ကစားသမားတစ်ဦးကို ခေါ်ယူစာချုပ်ခဲ့တာကြောင့် အပြောင်းအရွှေ့စျေးကွက်နှစ်ခုမှာ ကစားသမားခေါ်ယူမှုပိတ်ပင်ခံရမယ့်အရေးကို ရှောင်ရှားနိုင်လိမ့်မယ်လို့ ယုံကြည်နေပါတယ်။

မန်စီးတီးအသင်းအနေနဲ့ အာဂျင်တီးနားလူငယ်ကစားသမား ဘင်ဂျာမင်ဂါရီကို အသက်(၁၅)နှစ်အရွယ်မှာ ခေါ်ယူဖို့ချဉ်းကပ်ခဲ့တာဖြစ်ပြီး အသက်(၁၆)နှစ်ပြည့်ခဲ့ချိန်မှာ အဲဒီလူငယ်တောင်ပံကစားသမားကို စာချုပ်ချုပ်ဆိုခေါ်ယူခဲ့တာဖြစ်ပါတယ်။

ဒါပေမယ့် ဘင်ဂျာမင်ဂါရီကို ခေါ်ယူဖို့ချဉ်းကပ်ခဲ့တာတွေ၊ စာချုပ်ချုပ်ဆိုခေါ်ယူခဲ့တာတွေဟာ မန်စီးတီးအသင်းအနေနဲ့ ကစားသမားခေါ်ယူမှုဆိုင်ရာမှာ ကျင့်ဝတ်နဲ့ မညီညွတ်ဘူးလို့ အာဂျင်တီးနားကလပ် ဗီလက်ဇ်ဆာဖလီးလ်အသင်းက အခိုင်အမာပြောကြားခဲ့ပါတယ်။

အဲဒီကိစ္စနဲ့ ပတ်သက်ပြီးတော့လည်း အားကစားဆိုင်ရာစီရင်ဆုံးဖြတ်ခွင့်ရှိတဲ့ခုံရုံး(စီအေအက်စ်)က လာမည့်ရက်ပိုင်းအတွင်း ဆုံးဖြတ်ချက်တစ်ရပ်ကို ထုတ်ပြန်တော့မှာဖြစ်ကြောင်း သတင်းတွေထွက်ပေါ်နေပါတယ်။

မန်စီးတီးအသင်းဟာ အသက်(၁၆)နှစ်အရွယ်သာရှိသေးတဲ့ ကစားသမားကို ခေါ်ယူခဲ့တာကြောင့် ဖီဖာက ထုတ်ပြန်ထားတဲ့ အသက်(၁၈)နှစ်အောက် နိုင်ငံတကာကစားသမားခေါ်ယူမှုဆိုင်ရာ စည်းမျဉ်းကို ဖောက်ဖျက်ရာလည်း ရောက်နေပါတယ်။

အဲဒီလို ဖီဖာရဲ့စည်းမျဉ်းတွေဖောက်ဖျက်ခဲ့တာကြောင့် အက်သလက်တီကိုမက်ဒရစ်အသင်း၊ ဘာစီလိုနာအသင်းနဲ့ ရီးယဲလ်မက်ဒရစ်အသင်းတို့ဟာ အပြောင်းအရွှေ့စျေးကွက်နှစ်ခုအထိ ကစားသမားခေါ်ယူမှုပိတ်ပင်ခံခဲ့ရတာဖြစ်ပါတယ်။

အက်သလက်တီကိုမက်ဒရစ်အသင်းဟာ ဖီဖာရဲ့စည်းမျဉ်းနဲ့ မညီခဲ့တာကြောင့် ၂၀၁၇ ခုနှစ် ဇန်နဝါရီအပြောင်းအရွှေ့စျေးကွက်နဲ့ နွေရာသီစျေးကွက်မှာ ကစားသမားခေါ်ယူမှု ပိတ်ပင်ခံခဲ့ရတဲ့အပြင် ဒဏ်ကြေးငွေအဖြစ် ယူရို ၄၄၀၀၀၀ ဒဏ်ရိုက်ခံခဲ့ရပါတယ်။

အဲဒီလိုပဲ ဘာစီလိုနာအသင်းလည်း ၂၀၁၅ ခုနှစ် ဇန်နဝါရီအပြောင်းအရွှေ့စျေးကွက်နဲ့ နွေရာသီစျေးကွက်မှာ ကစားသမားခေါ်ယူမှုပိတ်ပင်ခံခဲ့ရတဲ့အပြင် ဒဏ်ကြေးငွေအဖြစ် ယူရို ၃၀၀၀၀၀ ဒဏ်ရိုက်ခံခဲ့ရတာဖြစ်ပါတယ်။ ဘာစီလိုနာအသင်းဟာ အသက် (၁၈)နှစ်အောက်လူငယ်ကစားသမားတစ်ဦးကိုခေါ်ယူခဲ့တာကြောင့် ကျခံ ရမယ့် ကစားသမားခေါ်ယူမှုပိတ်ပင်ခြင်းကို ရှောင်ရှားနိုင်ဖို့လျှောက်လဲချက်တင်ခဲ့ပေမယ့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)နဲ့ အားကစားဆိုင်ရာစီရင်ဆုံးဖြတ်ခွင့်ရှိတဲ့ခုံရုံး(စီအေအက်စ်)တို့က ပယ်ချခဲ့တာဖြစ်ပါတယ်။

ရီးယဲလ်မက်ဒရစ်အသင်းကတော့ ၂၀၁၇ ခုနှစ် ဇန်နဝါရီအပြောင်းအရွှေ့စျေးကွက်တစ်ခုတည်းသာ ကစားသမားခေါ်ယူမှုပိတ်ပင်ခံခဲ့ရတာဖြစ်ပြီး ဒဏ်ကြေးအဖြစ် ယူရို ၁၉၀၀၀၀ ဒဏ်ရိုက်ခံခဲ့ရတာဖြစ်ပါတယ်။

မန်စီးတီးအသင်းအနေနဲ့ လူငယ်တောင်ပံကစားသမား ဘင်ဂျာမင်ဂါရီကို ခေါ်ယူဖို့အတွက် မန်ချက်စတာမြို့ခံပြိုင်ဘက် မန်ယူအသင်း၊ စပိန်လာလီဂါရဲ့ ထိပ်တန်းကလပ် ဘာစီလိုနာအသင်းတို့နဲ့ အပြိုင်ကမ်းလှမ်းခဲ့တာဖြစ်ပြီး အဲဒီနှစ်သင်းကို ကျော်ဖြတ်ကာ ခေါ်ယူနိုင်ခဲ့တာလည်းဖြစ်ပါတယ်။

အဲဒီလိုခေါ်ယူနိုင်ခဲ့ပေမယ့် ဖီဖာရဲ့စည်းမျဉ်းနဲ့ မညီတာကြောင့် ကစားသမားခေါ်ယူမှုပိတ်ပင်ခံရမယ်လို့ သတင်းတွေထွက်ပေါ်နေပေမယ့် မန်စီးတီးအသင်းကတော့ အဲဒီကစားသမားခေါ်ယူမှုကြောင့် စျေးကွက်နှစ်ခုမှာ ကစားသမားခေါ်ယူမှုပိတ်ပင်ခံရခြင်းကနေ ကင်းလွတ်ခွင့်ရလိမ့်မယ်လို့ ယုံကြည်နေပါတယ်။

လက်ရှိမှာလည်း မန်စီးတီးအသင်းဟာ ပရီမီယာလိဂ်ချန်ပီယံဖြစ်ထားတာကြောင့် လာမယ့်ဘောလုံးရာသီအတွက် ကစားသမားခေါ်ယူမှုအတွက် ငွေကြေးမြောက်မြားစွာအသုံးပြုမယ်လို့ ဆိုထားတာဖြစ်ပြီး အခုလို စျေးကွက်နှစ်ခုမှာ ကစားသမားခေါ်ယူမှုပိတ်ပင်ခံရမယ်ဆိုရင်တော့ နည်းပြဂွါဒီယိုလာရဲ့ မျှော်လင့်ချက်လည်း သဲထဲရေသွန်သလို ပျောက်ဆုံးသွားရတော့မှာဖြစ်ပါတယ်။

ငွေကြယ် - ရေးသားသည်

## ဘောလုံးလောကသတင်းတိုများ

- ❖ လီဗာပူးအသင်းနည်းပြ ကလော့သည် နာပိုလီအသင်းမှ ပိုလန်ကွင်းလယ်ကစားသမား ဇီလင်စကီအား ခေါ်ယူရန်စိတ်ဝင်စားလျက်ရှိပြီး ၂၀၁၆ ခုနှစ်အတွင်းကလည်း အဆိုပါကစားသမားကို ခေါ်ယူရန် ကြိုးပမ်းခဲ့ကြောင်း သိရသည်။
- ❖ ဘာစီလိုနာကွင်းလယ်ကစားသမား အင်နီယေစတာသည် နွေရာသီအပြောင်းအရွှေ့ကာလတွင် ဘာစီလိုနာအသင်းမှ ထွက်ခွာကာ တရုတ်စူပါလိဂ်သို့ ပြောင်းရွှေ့ကစားမည်ဖြစ်ကြောင်း သိရသည်။
- ❖ အက်သလက်တီကိုမက်ဒရစ်တိုက်စစ်မှူး ဖာနန်ဒိုတောရက်စ်သည် တရုတ်စူပါလိဂ်မှ ကမ်းလှမ်းလာမှုကို ငြင်းပယ်ကာ အမေရိကန်ရှိ မေဂျာလိဂ်သို့ ပြောင်းရွှေ့ကစားရန် ဆန္ဒရှိနေကြောင်း သိရသည်။
- ❖ စပါးအသင်းသည် ဘယ်လ်ဂျီယံကွင်းလယ်ကစားသမား ဒမ်ဘီလီကို အသင်းမှ ရောင်းထုတ်သွားမည်ဖြစ်ပြီး အဆိုပါကစားသမားနေရာတွင် အခြားသောကစားသမားနှစ်ဦးဖြင့် အစားထိုးရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။



## ရာသီကုန်တွင် မန်ယူအသင်းမှ ထွက်ခွာမည်ဟု ဒါမီယန် အရိပ်အမြွက်ပြောကြား

မန်ယူကစားသမား ဒါမီယန်သည် အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းက ခေါ်ယူရန်စိတ်ဝင်စားနေခြင်းကြောင့် မန်ယူအသင်းမှ ထွက်ခွာမည်ဟု အရိပ်အမြွက်ပြောကြားခဲ့သည်။

အသက်(၂၈)နှစ်အရွယ် ဒါမီယန်သည် အိုးထရက်ဖို့ဒ်တွင် ပုံမှန်ပွဲထွက်ကစားခွင့်ပျောက်ဆုံးနေခြင်းကြောင့် အသင်းမှ ထွက်ခွာရန်စီစဉ်နေပြီး ကွင်းလယ်ကစားသမားပေါ့ဘာ၊ တိုက်စစ်မှူး မာရှယ်နှင့် နောက်တန်းကစားသမား ဒါလေဘလိုင်းတို့နှင့်အတူ မန်ယူအသင်းကို စွန့်ခွာသွားဖွယ်ရှိနေကြောင်း သိရသည်။

ဒါမီယန်သည် ၂၀၁၅ ခုနှစ် ဇူလိုင်လအတွင်းက တိုရီနိုအသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့ကြေးပေါင် ၁၂ ဒသမ ၇ သန်းဖြင့် ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး ယခုနှစ်ဘောလုံးရာသီပရီမီယာလိဂ်ပြိုင်ပွဲတွင် နှစ်ပွဲသာကနဦးပွဲထွက်ကစားခွင့်ရရှိခဲ့ကာ ပြိုင်ပွဲအရပ်ရပ်တွင် ၁၉၆ မိနစ်သာလျှင် ကစားခွင့်ရရှိခဲ့သူဖြစ်သည်။ ထို့ကြောင့် ဂျူဗင်တပ်အသင်းကလည်း မန်ယူအသင်းနှင့်အတူ လက်ရှိဘောလုံးရာသီ ကုန်ဆုံးပါက ဒါမီယန်ကို အီတလီမြေသို့ ပြန်လည်ခေါ်ယူမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

"ဂျူဗင်တပ်အသင်းဟာ ကမ္ဘာမှာ အင်အားအကြီးမားဆုံးကလပ်အသင်းတွေထဲက တစ်ခုပါ၊ အဲဒီလိုအသင်းတစ်သင်းက ခေါ်ယူဖို့ပြင်ဆင်လာတဲ့အတွက် ဂုဏ်ယူမိပါတယ်၊ အခုအခွင့်အရေးဟာ ဂျူဗင်တပ်အသင်းနဲ့အတူ အရေးပါတဲ့ဆုဖလားတွေကို ရယူနိုင်ဖို့ ဖန်တီးပေးနိုင်မှာဖြစ်ပါတယ်"ဟု ဒါမီယန်က ဆိုခဲ့သည်။



# နှစ်သစ်ကို စိတ်သစ်နှင့် စတင်လိုက်ပါ (သို့မဟုတ်) နှစ်သစ်ဒိုင်ယာရီ

သရက်တန်းစိုးရွှေ(စိတ်ပညာ)

တစ်နှစ်ပြောင်းလဲလာခဲ့ပါချေပြီ။ နှစ်ဟောင်းကာလအတွင်း အောင်မြင်ခြင်း၊ ဆုံးရှုံးခြင်း၊ ဝမ်းနည်းခြင်း၊ ပူဆွေးခြင်းများမှအစ ခံစားမှုရသမျိုးစုံကို ခံစားတွေ့ကြုံခဲ့ပြီးဖြစ်ပေလိမ့်မည်။ မကောင်းသောအကျင့်များ ကျင့်သုံးမိခြင်းဆိုသော အမှားများအတွက် နောင်တတို့ဖုံးလွှမ်းခဲ့သည့် နေ့စွဲတို့ကို ကျော်လွှားလွန်မြောက်ခဲ့သည်ဟုလည်း မှတ်ယူနိုင်ပေသည်။ နှစ်သစ်ကူးပြောင်းလာခြင်း၊ နှစ်ဟောင်းကို ထားခဲ့ခြင်းများနှင့်အတူ မကောင်းသော အကျင့်များ၊ မကောင်းသော လေလွင့်မှုများ၊ မကောင်းသော ပြုမှုလုပ်ဆောင်မှုများ အားလုံးကို ကျော်ခိုင်းကာ ကောင်းမှုများဆီသို့ ဦးတည်လျှောက်လှမ်းရမည့်ကာလပင်ဖြစ်သည်။ အဟောင်းကို ဖက်တွယ်ကာ အမှားနယ်တွင်သာ ဆက်လက်ကျင်လည်နေမည်ဆိုပါက နှစ်သစ်ကူးပြောင်းလာခြင်းက ကိုယ်နှင့်မဆိုင်သကဲ့သို့ဖြစ်သွားမည်ဖြစ်သည်။ သို့အတွက် နှစ်သစ်ကို စိတ်သစ်နှင့် စတင်ဖို့ပြင်ဆင်ကာ နှစ်သစ်ဒိုင်ယာရီကို စတင်ရေးမှတ်ဖို့ ပြင်ဆင်ကြရတော့မည်ဖြစ်သည်။

**ဘဝခရီးကိုစတင်**

နှစ်သစ်ရောက်လာခြင်းနှင့်အတူ စိတ်ဓာတ်အသစ်၊ ကောင်းမြတ်သော ခံယူမှုအသစ်များဖြင့် ဘဝသစ်တစ်ဖန် မွေးဖွားရမည်ဖြစ်သည်။ တိုးတက်ခြင်းများဆီလျှောက်လှမ်းနိုင်ရန်အတွက် မိမိကိုယ်တိုင် မိမိစိတ်ပိုင်းဆိုင်ရာ ခံယူချက်များမှ စတင်ပြုပြင်ရပေလိမ့်မည်။ ကောင်းသော နှစ်သစ်ဆီသို့ချီတက်မည်ဆိုသော ခံယူချက်နှင့်အတူ အခြားကောင်းမွန်သည့် ရည်မှန်းချက်ပန်းတိုင်များကို ချမှတ်ကာ လက်တွေ့လုပ်ဆောင်ရမည်ဖြစ်သည်။ ဘဝခရီးသွား လူသားတစ်ဦးအနေဖြင့် ရည်မှန်းချက် ကင်းမဲ့နေသမျှ ပဲ့မပါသော သင်္ဘောပေါ် လိုက်ပါခြင်းနှင့်အလားသဏ္ဌာန်တူကာ ဘယ်ဆီဘယ်ကမ်း ဘယ်လမ်းအတိုင်းသွားရမည်မသိဘဲ အောင်မြင်ခြင်းတို့နှင့် ဝေးကွာသွားနိုင်ပေသည်။ သို့အတွက် တိကျသော ရည်မှန်းချက်နှင့်အတူ ဘဝခရီးကို စတင်သင့်လှပေသည်။

ရေနစ်နေသည့်လူသား လေကိုရှူရရေးကိုသာပြင်းပြင်းပြပြ ပထမဦးစားပေး ကြိုးစားနေမည်ဖြစ်သည်။ ထို့အတူပင် အစာငတ်နေသည့်လူသား အစာစားရရေးကိုသာ အားထားနေပေလိမ့်မည်။ ထို့နည်းတူပင် အောင်မြင်မှုများကို ပိုင်ဆိုင်လိုသည့် လူသားတစ်ဦးအတွက် ပြင်းပြသော အောင်မြင်လိုစိတ်ကို စွဲမြဲစွာထားရင်း နှစ်သစ်ကို အကျင့်ကောင်း၊ လုပ်ဆောင်မှုကောင်းတို့ဖြင့် ဖြတ်သန်းရမည်ဖြစ်သည်။ အောင်မြင်မှုလမ်းစဉ်တိုင်း အရိုးဖြောင့်ဆုံးသော အခြေခံနည်းလမ်းများကို အခြေပြုရစမြဲပင်ဖြစ်သည်။ အရိုးဆုံးများသည်ပင် တစ်ခါတစ်ရံ အဆန်းဆုံးဖြစ်နေပေသည်။ အောင်မြင်မှုခရီးလမ်းတွင် အဓိက လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်နှင့်ခံယူရမည့် သဘောထားများမှာ ရိုးဖြောင့်ကာ အသုံးဝင်လှပေသည်။ လွယ်သည်ဟု မဆိုသာသည့်တိုင်အောင် တိုးတက်အောင်မြင်ရေးအတွက် ဆေးဖက်ဝင်နေတတ်ပေသည်။ ထိုအရာမှာ ခိုင်မာသော ဆုံးဖြတ်ချက်ကို ချမှတ်ကာ မျှော်လင့်ခြင်းများ၊ အကောင်းမြင်ခြင်းများဖြင့် ရှင်သန်နေထိုင်ကြိုးစားရေးပင်ဖြစ်သည်။ နှိမ့်ချတတ်သည်ဆိုသော စိတ်ထားကောင်းကိုအဖော်ပြုကာ ရိုးသားဖြောင့်မတ်ခြင်းများဖြင့် မိမိ၏ ကိုယ်ပိုင်ပုံရိပ်၊ ကိုယ်ပိုင်သမိုင်းကို ရေးထိုးရမည်ဖြစ်သည်။ ကောင်းသောမျှော်လင့်ခြင်းများဖြင့် အကောင်းဆုံးသော လုပ်ဆောင်မှုများကို လုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်သည်။

> “ကြိုးစားခြင်းဆိုသော အပြုအမူကောင်းများဖြင့် အောင်မြင်ခြင်းသစ်ပင်ကို စိုက်ပျိုး. . . တစ်နေ့ချင်းစီ တိုးတက်အောင် လုပ်ဆောင်ခြင်းဖြင့် စိုက်ပျိုးထားသောအပင်ကို ရေလောင်း၊ ပေါင်းသင် လုပ်ပေးနေရမည်မှာ အောင်မြင်လိုသူတိုင်း လိုက်နာရမည့် အရာများ. . .”

သည်းခံခြင်းဆိုသော စိတ်ထားကောင်းများဖြင့် အခွင့်အလမ်းကောင်းများကို ဖမ်းဆုပ်နိုင်အောင် အသင့်ပြင်ထားရမည်ဖြစ်သည်။ ကြိုးစားခြင်းဆိုသောအပြုအမူကောင်းများဖြင့် အောင်မြင်ခြင်းသစ်ပင်ကို စိုက်ပျိုးရပေလိမ့်မည်။ တစ်နေ့ချင်းစီတိုးတက်အောင် လုပ်ဆောင်ခြင်းဖြင့် စိုက်ပျိုးထားသော အပင်ကိုရေလောင်း၊ ပေါင်းသင်လုပ်ပေးနေရမည်မှာ အောင်မြင်လိုသူတိုင်းလိုက်နာရမည့် အရာများပင်ဖြစ်သည်။ သေချာပါသည်။ ထိုသို့သော လုပ်ဆောင်မှုများကို တစိုက်မတ်မတ်လုပ်ကိုင်နေသူတစ်ဦးအတွက် အနာဂတ်ကာလတွင် အောင်မြင်ခြင်းအသီးအပွင့်များကို ခူးဆွတ်ရမည်မှာ သေချာလှပေသည်။

လူတစ်ဦးအတွက် ပညာမျိုးစုံတတ်နေသည့်တိုင်အောင် တစ်ကြိမ်တွင် တစ်ခုကိုသာ အာရုံစိုက်လုပ်ကိုင်ရစမြဲပင်ဖြစ်သည်။ မိမိကိုယ်သာ ကိုးကွယ်ရာဆိုသော စကားနှင့်အညီ အခက်အခဲဟူသည် အောင်မြင်မှု လမ်းခရီးမှ ပန်းကလေးများဟုပင် မှတ်ယူရင်ဆိုင်ရပေလိမ့်မည်။ အခက်အခဲတိုင်း၏ အခြားတစ်ဖက်တွင် စွမ်းရည်တိုးတက်စေသည့် အာနိသင်များရှိနေပေသည်။ အခက်အခဲတိုင်းသည် အတွေ့အကြုံကောင်းများစွာကို လက်ဆောင်ပေးတတ်ပေသည်။ ထိုလက်ဆောင်များကို အကောင်းဆုံးအသုံးချရန်မှာမိမိ၏တာဝန်သာလျှင်ဖြစ်သည်။ လူသားတိုင်းတွင် မတူညီသောစွမ်းအားများ ရှိနေမြဲပင်ဖြစ်သည်။ မိမိစွမ်းအားမိမိစွမ်းဆောင်ချက်ကို မသိသလိုဖြစ်နေ၍သာ အောင်မြင်မှုမရရှိခြင်းဖြစ်သည်။ မိမိစွမ်းဆောင်မှုကို သိရှိအသုံးချနိုင်သမျှ အောင်မြင်မှုပန်းကို လှမ်းကိုင်နိုင်မည်ဖြစ်သည်။ သို့အတွက် မိမိကိုယ်မိမိ ပြန်လည်ဆန်းစစ်ကာ အကောင်းဆုံးသော အစွမ်းအစတို့ကို နှစ်သစ်တွင် ဖော်ထုတ်လုပ်ဆောင်ရမည်ဖြစ်သည်။

**အချိန်ကိုကောင်းစွာအသုံးချသင့်**

ရှုံးနိမ့်မှုတစ်ခုကြုံတိုင်း သင်ခန်းစာတစ်ခုကို လက်ဆောင်ရယူလိုက်ပါ။ စတင်လှမ်းလိုက်သည့်ခြေလှမ်းများအတွက် နောက်ပြန်လှည့်ခြင်းဆိုသည်ကို မရှိစေရန် ကြိုးစားရမည်ဖြစ်သည်။ ရုန်းကန်လှုပ်ရှားခြင်းများထဲမှ ခွန်အားများကို ထုတ်ယူရင်း မဖြစ်နိုင်ဘူးဆိုသည့်စကားလုံးကို မိမိအသိအတွင်းမှ ခေတ္တဖယ်ထုတ်ကြရမည်ဖြစ်သည်။ နှစ်သစ်ရောက်ခဲ့ပါချေပြီ။ စိတ်ကို ညစ်ထေးစေသော အကျိုးမရှိသည့်အတင်းအဖျင်းစကားများကိုနားမထောင်ဘဲ အချိန်ကိုကောင်းစွာအသုံးချသင့်လှပေသည်။ ဂျပန်နိုင်ငံတွင် အသုံးများကာ လက်တွေ့လည်းအောင်မြင်မှုရရှိစေသည့် Kaizen(ခိုင်ဇန်)ဟုခေါ်သည့် စဉ်ဆက်မပြတ် တိုးတက်အောင်လုပ်နည်းကို နှစ်သစ်တွင် စွဲစွဲမြဲမြဲအသုံးပြုရမည်ဖြစ်သည်။ ထိုနည်းမှာ မိမိကိုယ်တိုင် လက်ရှိလုပ်ဆောင်နေသောလုပ်ငန်းကို တစ်နေ့ နည်းနည်းစီတိုးတက်အောင်ပြုလုပ်သည့်နည်းပင်ဖြစ်သည်။ သို့အတွက် နှစ်သစ်တွင် နှစ်ဟောင်းမှမကောင်းသော အကျင့်ဟောင်းများကို လက်ပြနှုတ်ဆက်ကာ နှစ်သစ်ကို စိတ်သစ်ဖြင့်စတင်ရင်း နှစ်သစ်ဒိုင်ယာရီကို စတင်ရေးသင့်လှပါပေသည်။ ။

## မောက်မယ်တွင် သက်ကြီးပူဇော်ပွဲ ကျင်းပ



**မောက်မယ် ဧပြီ ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ် မင်္ဂလာသီရိမြို့လယ် ဓမ္မာရုံ၌ မြို့နယ်စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးဇော်နိုင်ဦးဆောင်၍ နှစ်စဉ်ကျင်းပမြဲဖြစ်သော အသက် ၇၅ နှစ်အထက် သက်ကြီးပူဇော်ပွဲကို ဧပြီ ၁၇ ရက် နံနက် ၈ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းငေါင်းဆိုင်ဟိန်း၊ ရပ်မိရပ်ဖများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကန်တော့ပြီး မြို့နယ်အတွင်းရှိ အသက် ၇၅ နှစ်အထက် သက်ကြီးဘိုးဘွား ၅၀ တက်ရောက်ကြောင်းသိရသည်။

**စိုင်းမျိုးသန့်(ပြန်/ဆက်)**

## စစ်ကိုင်းမြို့တွင် စုပေါင်းငါးလွှတ်ပွဲ ကျင်းပ

**စစ်ကိုင်း ဧပြီ ၁၈**

စစ်ကိုင်းခရိုင် စီမံခန့်ခွဲမှုကော်မတီ၏ ဦးဆောင်ကြီးကြပ်မှုဖြင့် စုပေါင်းငါးလွှတ်ပွဲအခမ်းအနားကို ဧပြီ ၁၇ ရက် နံနက် ၈ နာရီက ပိုးတန်းရပ်ကွက် ကမ်းနားလမ်း ဧရာဝတီမြစ်ဘေး စက်လှေဆိပ်တွင် ကျင်းပခဲ့ကြောင်းသိရသည်။

“ငါးမျိုးစုံ အကောင်ရေ ၂၀၀၀၀ ကို ခရိုင်စီမံခန့်ခွဲမှုကော်မတီ၏ ကြီးကြပ်မှုဖြင့် စုပေါင်းငါးလွှတ်ပွဲပြုလုပ်တာပါ၊ ယခင်နှစ်တွေမှာတော့ အခုလိုမလုပ်ဖြစ်ခဲ့ဘူး၊ ဒီနှစ်မှာတော့ ထူးခြားမှုဖြစ်အောင် ကုသိုလ်ဒါနအဖြစ်ပြုလုပ်တာပါ၊ နောင်နှစ်တွေမှာလည်း ဆက်တိုက်လုပ်ဖြစ်မှာပါ၊ မြို့တွင်းမှာလည်း ဆရာတော်ကြီးများ ပင့်ဖိတ်ပြီး လှည့်လည်ကာ ပရိတ်တရားတော်များလည်း ရွတ်ဖတ်ပူဇော်ပေးခဲ့ပါတယ်”ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။

ငါးလွှတ်ပွဲအခမ်းအနားသို့ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဇော်တင်မိုး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သိန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဒေါ်စုမြတ်ထက်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများ၊ မြို့အထောက်အကူပြုအဖွဲ့များ၊ မြို့မိ မြို့ဖများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်၍ စုပေါင်းငါးလွှတ်ပေးခဲ့ကြကြောင်းသိရသည်။

**ဇော်မြင့်နိုင်(ပြန်/ဆက်)**



## နွေရာသီ သောက်သုံးရေပြတ်လပ်သည့် ကျေးရွာများသို့ သောက်သုံးရေများ သွားရောက်ဖြန့်ဝေ



**လပွတ္တာ ဧပြီ ၁၈**

နွေရာသီ သောက်သုံးရေပြတ်လပ်သည့် ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်အတွင်းရှိ ကျေးရွာများအား လပွတ္တာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ စီစဉ်ကြီးကြပ်မှုဖြင့် ကျေးရွာများသို့အရောက် မော်တော်ယာဉ်၊ စက်လှေများဖြင့် သောက်သုံးရေများ သွားရောက်ဖြန့်ဝေပေးလျက်ရှိရာ ဧပြီ ၁၂ ရက် နံနက်ပိုင်းတွင် လပွတ္တာမြို့နယ် မောင်းဒီးကျေးရွာအုပ်စု ပိတောက်ကုန်းကျေးရွာသို့ သောက်သုံးရေဂါလန် ၂၄၀၀ အား မြို့နယ်မီးသတ်ဦးစီးဌာနနှင့် ပူးပေါင်း၍ သွားရောက်ဖြန့်ဝေပေးနိုင်ခဲ့ကြောင်းသိရသည်။

နွေရာသီ သောက်သုံးရေပြတ်လပ်သည့် လပွတ္တာနှင့် ပြင်စလူမြို့များအတွင်းရှိ ကျေးရွာများသို့ လပွတ္တာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များ၊ မီးသတ်ဦးစီးဌာန၊ စေတနာရှင်ပြည်သူ များနှင့် အသင်းအဖွဲ့များ ပူးပေါင်း၍ သောက်သုံးရေများ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မောင်ဇော်**

# မန္တလေးတိုင်းဒေသကြီး၌ ဝန်ထမ်းအိမ်ရာတိုက်ခန်း ၂၄၈ ခန်း တည်ဆောက်ပေးမည်

**မန္တလေး ဧပြီ ၁၈**
မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ရှစ်ခုတွင် လာမည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်ခြောက်လဘတ်ဂျက်၌ နိုင်ငံ့ဝန်ထမ်းအိမ်ရာတိုက်ခန်းပေါင်း ၂၄၈ ခန်းကို တိုင်းဒေသကြီး မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက အကောင်အထည်ဖော် တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း အဆိုပါဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသက်နိုင်က ပြောသည်။

အဆိုပါ အိမ်ရာတိုက်ခန်းများကို မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မိုးကုတ်၊ မိတ္ထီလာ၊ ကျောက်ပန်းတောင်း၊ သာစည်၊ မလှိုင်၊ ရမည်းသင်း၊ မြင်းခြံနှင့် ညောင်ဦးမြို့နယ်တို့တွင် တည်ဆောက်ပေးသွားမည်ဖြစ်ပြီး ဆက်လက်၍လည်း လက်ရှိတာဝန်ထမ်းဆောင်နေသည့် နိုင်ငံ့ဝန်ထမ်းများ၊ ကုမ္ပဏီဝန်ထမ်းများ၊ ဝင်ငွေနည်းပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအတွက် အရောင်းအိမ်ရာများကိုလည်း ထပ်မံတည်ဆောက်ပေးရန် စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။

"ကျွန်တော်တို့ဌာနက နိုင်ငံ့ဝန်ထမ်းတွေ နေရေးအဆင်ပြေစေဖို့အတွက် အိမ်ရာတွေ တည်ဆောက်ပေးနေပါတယ်၊ ဒါ့အပြင် အရောင်းအိမ်ရာတွေကိုလည်း တည်ဆောက်ဖို့ အစီအစဉ်ရှိပါတယ်၊ အဲဒီ အရောင်းအိမ်ရာတွေကို အကောင်အထည်ဖော် ဆောင်ရွက်တဲ့အခါမှာ အငြိမ်းစားဝန်ထမ်းတွေအတွက် ဦးစားပေးဆောင်ရွက်သွားမှာပါ" ဟု ၎င်းက ပြောသည်။

လက်ရှိတွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၌ ပြည်ထောင်စု အစိုးရဘတ်ဂျက်နှင့် တိုင်းဒေသကြီး အစိုးရ ဘတ်ဂျက် စုစုပေါင်း ငွေကျပ် ၁၀ ဘီလီယံ သုံးစွဲ၍ အောင်မြင်မန္တလာ နိုင်ငံ့ဝန်ထမ်းအိမ်ရာကို မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် မဲကင်းကုန်းကျေးရွာအနီးရှိ မြေ ၃၃ ဒသမ ၂၂ ဧကပေါ်တွင် တိုက်ခန်းပေါင်း ၅၀၀ တည်ဆောက်ပေးလျက်ရှိပြီး ၎င်းတို့အနက် တိုင်းဒေသကြီး အစိုးရဘတ်ဂျက်ဖြင့် တည်ဆောက်သည့် တိုက်ခန်းပေါင်း ၂၆၀ မှာ ၉၅ ရာခိုင်နှုန်းနှင့် အစိုးရဘတ်ဂျက်ဖြင့် တည်ဆောက်သည့် တိုက်ခန်းပေါင်း ၂၄၀ မှာ ၃၈ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း လက်ရှိအချိန်၌ နိုင်ငံ့ဝန်ထမ်း ၅၆၁၂၆ ဦးရှိသော်လည်း ၎င်းတို့အတွက် အိမ်ရာ နေရာချထားပေးနိုင်မှုမှာ ၄ ဒသမ ၉ ရာခိုင်နှုန်းသာရှိသောကြောင့် တိုင်းဒေသကြီးအစိုးရအဖွဲ့က အိမ်ရာများ ပိုမိုတည်ဆောက်ပေးနေကြောင်း သိရသည်။

**မင်းထက်အောင်**
**(မန်းကိုယ်ပွား)**



## သဖန်းဆိပ်ဆည်တွင် သင်္ကြန်ကာလအပြီး စုပေါင်းအမှိုက်ကောက် သန့်ရှင်းရေးဆောင်ရွက်

**ကျွန်းလှ ဧပြီ ၁၈**
စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်သဖန်းဆိပ်ဆည်တွင် သင်္ကြန်ကာလအပြီး လူငယ်လူရွယ်များစုပေါင်း၍ အမှိုက်ကောက် သန့်ရှင်းရေး ဆောင်ရွက်ကြသည်။

သဖန်းဆိပ်ဆည်တွင် သင်္ကြန်ကာလ၌ ရေကစားကြသူများနှင့် အပန်းဖြေသူများပြားကြောင်း၊ နေရာအနှံ့ အမှိုက်များ ရှုပ်ပွနေကြောင်း၊ ဆည်ကိုလည်း တန်ဖိုးထားစေလိုကြောင်း၊ သဘာဝပတ်ဝန်းကျင်ကိုလည်း ထိန်းသိမ်းရာရောက်သည့်အတွက် သန့်ရှင်းရေးဆောင်ရွက်ခြင်းဖြစ်ကြောင်း ပရဟိတစိတ်ရှိသူ လူငယ်တစ်ဦးက ပြောသည်။

ထိုသို့ အမှိုက်ကောက်သန့်ရှင်းရေး ဆောင်ရွက်ရာတွင် ပရဟိတစိတ်ရှိကြသည့် မြို့ပေါ်လူငယ်များ၊ သဖန်းဆိပ်ဆည်မှ တာဝန်ရှိသူများ၊ ဆည်ပတ်ဝန်းကျင်အနီးရှိ ဒေသခံပြည်သူများစုပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။ **မျိုးဝင်းညို(ကျွန်းလှ)**

## ပေါင်းလောင်းမြစ်ကမ်းတစ်လျှောက် အပန်းဖြေရေကစားသူများဖြင့်စည်ကား

**နေပြည်တော် ဧပြီ ၁၈**
မြန်မာ့ရိုးရာ သင်္ကြန်ပွဲတော်ပြီးဆုံးပြီဖြစ်၍ ၁၃၈၀ ပြည့်နှစ် မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ ပေါင်းလောင်းမြစ်ကမ်း တစ်လျှောက်တွင် အနယ်နယ်အရပ်ရပ်မှ လာရောက်အပန်းဖြေသူ ထောင်ပေါင်းများစွာတို့ဖြင့် စည်ကားလျက် ရှိသည်။


နေပြည်တော်ရှစ်မြို့နယ်အပါအဝင် အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသူများသည် ပေါင်းလောင်းမြစ်ဆိပ် အပန်းဖြေနေရာသို့ မြန်မာနှစ်သစ်ကူးနှစ်ဆန်း ၁ ရက်နေ့တွင် မော်တော်ယာဉ်၊ ဆိုင်ကယ်များဖြင့် လာရောက်အပန်းဖြေအနားယူကြသည်။

"နှစ်စဉ် နှစ်ဆန်း ၁ ရက်နေ့ရောက်တိုင်း မြစ်ကမ်းတစ်လျှောက် အပန်းဖြေလာရောက်ရင်း ရေကစားတဲ့သူတွေအလွန်ပေါများတယ်၊ နေပြည်တော်တင်မကဘဲ အနယ်နယ်အရပ်ရပ်မှဘုရားဖူးရင်းလာရောက် အပန်းဖြေသူများလည်းရှိတယ်" ဟု ဒေသခံတစ်ဦးကပြောသည်။ ပေါင်းလောင်းမြစ်သို့ အပန်းဖြေလာရောက်လည်ပတ်သူများသည် ပေါင်းလောင်းမြစ်ဖျားအလှရှုခင်းများ၊ စိမ်းလန်းစိုပြည်သာယာ သည့် သဘာဝတောတောင် အလှရှုခင်းများကိုလည်း တစ်ဝကြီးကြည့်ရှုခံစားကြသည်။

ဒေသခံများနှင့် အနယ်နယ်အရပ်ရပ်မှ မြစ်ကမ်းတစ်လျှောက်လာရောက်အပန်းဖြေ ရေကစားသူများ မြစ်အတွင်းရေနစ်သူမရှိစေရန်အတွက် ဇေယျာသီရိမြို့နယ်မီးသတ်တပ်ဖွဲ့မှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမျိုးသူရဝင်းနှင့် တပ်ဖွဲ့ဝင်များ ဦးဆောင်၍ ဇေယျာသီရိမြို့နယ် ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့၊ မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့တို့ပူးပေါင်းကာ မော်တော်ဘုတ်ဖြင့်လှည့်လည် စောင့်ရှောက်ကြီးကြပ်ခြင်းများ ပြုလုပ်လျက်ရှိသည်။ စောင့်ရှောက်ကြီးကြပ်မှုတွင် မြစ်ကမ်းတစ်လျှောက် ရေနက်ပိုင်းသို့ ကူးခတ်မှု မရှိစေရေး၊ အထွေထွေ အန္တရာယ်များ ကျရောက်လာမှုမရှိစေရန် ကြိုတင်ကာကွယ်ပေးခြင်းနှင့် အန္တရာယ်ကျရောက်လာပါက အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်နိုင်စေရေး၊ အပန်းဖြေသူများ အေးချမ်းပျော်ရွှင်စွာဆော့ကစားနိုင်ရေးတို့ဖြစ်ကြောင်း သိရသည်။

ဇေယျာသီရိမြို့နယ် လေ့ခွင်းတောင် ပေါင်းလောင်းမြစ်ကမ်းတစ်လျှောက် မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် အပန်းဖြေလာရောက်လည်ပတ်သူများသည် အေးချမ်းပျော်ရွှင်စွာလာရောက် အပန်းဖြေမှုကြောင့် ဘေးအန္တရာယ်ကင်းရှင်းပြီး တစ်နှစ်ထက်တစ်နှစ်ပိုမိုစည်ကားလျက်ရှိသည်။

**ထွန်းလင်း(ပြန်/ဆက်)**



## မန်းရွှေစက်တော်ဘုရား ဗုဒ္ဓပူဇနီယပွဲတော် ပိတ်ပွဲနေ့တွင် မန်းဆည်တော်၌ လာရောက်အပန်းဖြေသူများဖြင့် စည်ကား



**မင်းဘူး ဧပြီ ၁၈**
မကွေးတိုင်းဒေသကြီး မင်းဘူး (စကု) မြို့နယ်တွင် နှစ်စဉ်ကျင်းပလျက်ရှိသည့် မန်းရွှေစက်တော်ရာဘုရား ဗုဒ္ဓပူဇနီယဘုရားပွဲတော်ကို ယခုနှစ်တွင်လည်း စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပြီး (ဧပြီ ၁၇ ရက်) သင်္ကရာဇ် ၁၃၈၀ ပြည့်နှစ် မြန်မာနှစ်ဆန်း ၁ ရက် နံနက်ပိုင်းက မန်းရွှေစက်တော်ရာဘုရား ဗုဒ္ဓပူဇနီယပွဲတော် ပိတ်ပွဲ အခမ်းအနားကို ကျင်းပသည်။

မန်းရွှေစက်တော်ရာ ဗုဒ္ဓပူဇနီယ ဘုရားပွဲတော် ပိတ်ပွဲနေ့တွင် မင်းဘူး (စကု) မြို့နယ် အိုင်းမကျေးရွာအနီး မန်းဆည်တော်တွင် လာရောက် အပန်းဖြေကြသည့် ပြည်တွင်းဘုရားဖူးဧည့်သည်များဖြင့် အထူးစည်ကားလျက်ရှိသည်ကို တွေ့မြင်ခဲ့ရသည်။

"ကျွန်တော်တို့ မိသားစုက ပခုက္ကူမြို့က လာကြတာပါ၊ မြန်မာနှစ်ဆန်း ၁ ရက်နေ့ဖြစ်တာကြောင့် မိသားစုတွေ မန်းရွှေစက်တော်ကို ဘုရားဖူးထွက်လာကြတာဖြစ်ပါတယ်၊ မနက်ပိုင်းက မန်းရွှေစက်တော်ကို ဘုရားဖူးခဲ့ပြီးပါပြီ၊ အခု အပြန်မှာရောက်ဖူးအောင်လို့ဆိုပြီး မန်းဆည်တော်ကို ဝင်ရောက်အနားယူ အပန်းဖြေတာပါ၊ ဒီကိုရောက်တော့ ကျွန်တော်တို့လိုပဲ လာရောက်အနားယူတဲ့ ပြည်တွင်းဘုရားဖူးဧည့်သည်တွေ စည်ကားနေတာတွေ့ရတော့ အလွန်ကို ပျော်သွားပါတယ်၊ နောက်ပြီး ဒီ ဆည်တော်မှာက ရွှေစက်တော်လို ရေချိုးရတာ အန္တရာယ် မရှိတော့ ရေချိုးရာမှာလည်း ကလေး၊ လူကြီးတွေ ဆည်တော်မန်းချောင်းအတွင်း ပြည့်နှက်နေတာပါပဲ၊ ပျော်ဖို့ အလွန်ကောင်းပါတယ်၊ နောက်နှစ်တွေကျရင်လည်း အခုလိုပဲ လာပြီး အပန်းဖြေ အနားယူဦးမှာပါ" ဟု ပခုက္ကူမြို့မှ ဘုရားဖူးလာရောက်သည့် အမျိုးသားတစ်ဦးက ပြောသည်။

"ကျွန်မတို့ အိုင်းမကျေးရွာအနီး မန်းဆည်တော်က နှစ်စဉ်နှစ်တိုင်း မန်းရွှေစက်တော်ရာဘုရား ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပချိန်တိုင်း ပြည်တွင်းဘုရားဖူး ဧည့်သည်တွေ နေ့စဉ် လာရောက် အပန်းဖြေ အနားယူကြတာများလို့ အလွန်စည်ကားပါတယ်၊ ပြည်တွင်းဘုရားဖူးဧည့်သည်တွေကလည်း မန်းရွှေစက်တော် ဘုရားဖူးလာပြီဆိုရင် အပြန်မှာ ကျွန်မတို့ရွာနားက မန်းဆည်တော်ကို လာပြီး အနားယူ အပန်းဖြေပြီးမှ ပြန်ကြတာများပါတယ်၊ အခုလို ပြည်တွင်းဘုရားဖူးဧည့်သည်တွေ လာရောက်မှုများတဲ့အတွက် ကျွန်မတို့ကျေးရွာအပြင် မန်းဆည်တော်နဲ့နီးတဲ့ ကျေးရွာတွေက ဒေသခံပြည်သူတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိပြီး မိသားစုအတွက် နေ့စဉ်ဝင်ငွေရလို့ အဆင်ပြေစေပါတယ်၊ ကျွန်မတို့ မန်းဆည်တော်ကလည်း မန်းရွှေစက်တော်ရာဘုရား ဗုဒ္ဓပူဇနီယပွဲတော်ကို အမှီပြုပြီး ဖွင့်တာဖြစ်လို့ ရွှေစက်တော်ဘုရားပွဲပြီးတာနဲ့ ဆည်တော်ဟာလည်း ပိတ်တာဖြစ်ပါတယ်၊ ဒီနေ့ဆိုရင် မန်းရွှေစက်တော်ဘုရားပွဲ ပိတ်သိမ်းပွဲဖြစ်လို့ ကျွန်မတို့ ဆည်တော်ကလည်း ပိတ်တော့မယ့် နောက်ဆုံးနေ့ပဲဖြစ်ပါတယ်။ နောက်ဆုံးနေ့ဖြစ်တာကြောင့် မန်းဆည်တော်မှာ မနက်ပိုင်းကစပြီး ညနေပိုင်းအထိ လာရောက်အပန်းဖြေ အနားယူတဲ့သူတွေ ကြိတ်ကြိတ်တိုးစည်ကားပါတယ်၊ ကျွန်မတို့လည်း ဈေးရောင်းကောင်းလို့ တွက်ခြေကိုက်ပြီး ပျော်ရပါတယ်" ဟု အိုင်းမကျေးရွာမှ တစ်ပိုင်တစ်နိုင် ဖွင့်လှစ်ရောင်းချသည့် ထူးမြတ်သူစားသောက်ဆိုင်ပိုင်ရှင်က ပြောသည်။ **ရဲဝင်းနိုင် (ညောင်ဦး)**



# မဟာသင်္ကြန်ကာလအတွင်း ပြည်တွင်းပြည်ပမှ ခရီးသွားများ ကယားပြည်နယ်သို့ လာရောက်လည်ပတ်မှု ယခင်နှစ်ထက် ပိုမိုများပြား

**လွိုင်ကော် မေ ၁၈**

၂၀၁၈ ခုနှစ် မဟာသင်္ကြန်ကာလအတွင်း ကယားပြည်နယ်သို့ ရပ်ဝေးရပ်နီးနှင့် ပြည်တွင်း၊ ပြည်ပခရီးသွားများ လာရောက်လည်ပတ်မှုမှာ ယခင်နှစ်ကထက် ပိုမိုများပြားလာကြောင်း သိရသည်။

ခရီးသွားဧည့်သည်များမှာ ကယားပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးမှ အထင်ကရနေရာများဖြစ်သည့် လွိုင်ကော်မြို့ကျက်သရေဆောင် သီရိမင်္ဂလာ တောင်တော် (တောင်ကွဲစေတီ)၊ မြို့နာမ်စေတီ၊ သဘာဝလိုဏ်ဂူများဖြစ်သည့် အောင်သပြေဂူ၊ လွယ်တမူဂူနှင့် ထူးခြားဆန်းပြားပြီး ပဟေဠိများဖြင့် ပြည့်နှက်နေကာ ခေါင်းတလားများတည်ရှိရာ ကြွတ်ဂူ၊ လောပိတရေတံခွန် အလှအပများ၊ ထီးစဲခါးရေတံခွန်၊ ရာဇဝင်ထဲက ဒွေးမယ်နော် ညီအစ်မ ခုနစ်ဖော်တို့ မြူးထူးပျော်ပါးရေဆော့ကစားလေ့ရှိသည့် ကန်ခုနစ်ဆင့်နှင့် ငွေတောင်ဆည်တို့တွင်အပန်းဖြေခြင်း၊ ရေကစားခြင်း၊ ထီးပွင့်ကန် စသည့်အထင်ကရ နေရာများသို့ ဘုရားဖူးရင်းအပန်းဖြေကြကြောင်း သိရသည်။ ထို့အပြင် ဖရူဆိုမြို့နယ် မော်သီဒိုကျေးရွာအနီး ထီးပရူနူလိုဏ်ဂူအား သွားရောက်လေ့လာကြကြောင်း သိရသည်။

ထို့အပြင် ကယန်းလူမျိုးတို့တည်ရှိရာ ကယန်းရွာဖြစ်သည့် ပန်ပက်ကျေးရွာတွင် မှီတင်းနေထိုင်ကြသည့် ကယန်း(ပဒေါင်)တိုင်းရင်းသားလူမျိုးတို့၏ နေထိုင်မှုဓလေ့စရိုက်များ၊ ရှေးဟောင်းကယားများ၏ ရိုးရာဓလေ့များ လေ့လာကြပြီး အမှတ်တရဓာတ်ပုံရိုက်ကူးကာ ကယန်းတိုင်းရင်းသားတို့၏ ရိုးရာဓလေ့ဖြစ်သော အမှတ်တရလက်ဆောင်ပစ္စည်းများကို ဝယ်ယူကြကြောင်းသိရသည်။

**ကိုစိုင်း (လွိုင်ကော်)**



ဟင်္သာတမြို့ရှိ တန်ခိုးကြီးဘုရား ပုထိုး စေတီများတွင် (မေ ၁၇ ရက်) မြန်မာနှစ်ဆန်း ၁ ရက်နေ့က နယ်ပယ်ဒေသအသီးသီးမှ ဘုရားဖူးပြည်သူများဖြင့် နေ့ရောညပါ စည်ကားများပြားခဲ့ကြောင်းသိရသည်။ **ကျော်ကျော်(ပြန်/ ဆက်)**




ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် ဆုတောင်းပြည့်မယ်လမု စေတီတော်မြတ်ကြီးတွင် မြန်မာနှစ်ဆန်း ၁ ရက်နေ့၌ ရပ်နီးရပ်ဝေးမှ ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြပြီး အလှူရှင်များကလည်း စတုဒိသာများဖြင့်ဧည့်ခံ ကျွေးမွေးခဲ့ကြောင်း သိရသည်။ **၁၁၈**



# ရေတာရှည်မြို့နယ်တွင် လေပြင်းများတိုက်ခတ်၍ မိုးသီးများ ကွမ်းသီးလုံးအရွယ်ကျရောက်သဖြင့် နေအိမ်ခြောက်လုံးပျက်စီး

**ရေတာရှည် မေ ၁၈**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် မေ ၁၇ ရက် ညနေ ၄ နာရီ ၄၅ မိနစ်ခန့်က မိုးသက်လေပြင်းများတိုက်ခတ်ခဲ့ပြီး ကွမ်းသီးလုံးအရွယ်ရှိ မိုးသီးများကျရောက်သဖြင့် ဆွာမင်းလမ်းကျေးရွာအုပ်စု သစ်ယာကုန်းကျေးရွာ၊ ကုန်းကြီးကျေးရွာအုပ်စု ကြို့ပင်ထိုက်ကျေးရွာ၊ ဇလုပ်ကြီးကျေးရွာအုပ်စု ဇလုပ်ကြီးရွာမ၊ ဇလုပ်ကြီး(ရွာသစ်)၊ ထန်းကုန်းကျေးရွာတို့တွင် နေအိမ်များ အမိုးလန်ခြင်း၊ ထရံများကွာကျ ခြင်း၊ သစ်ပင်ကြီးများပိမိခြင်းနှင့် လမ်းမီးတိုင်များပြိုလဲခြင်းတို့ ဖြစ်ပေါ်ခဲ့ကြောင်း မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးမြို့နိုင်က ပြောကြားသည်။

မိုးသက်လေပြင်းတိုက်ခတ်ချိန် ခဏတာဖြစ်ပေါ်ခဲ့သော်လည်း သိုင်းဝကျေးရွာအုပ်စုနှင့် ဇလုပ်ကြီးကျေးရွာအုပ်စုများတွင် ကွမ်းသီးလုံးအရွယ်အစားခန့် မိုးသီးများကျရောက်ခဲ့ပြီး အနှံထွက်ဆဲနှင့် အနှံများငိုက်နေသော စပါးခင်းများ ပြားကပ်နေအောင်လဲကျကုန်သည်ကို တွေ့ရှိရသည်။ "အခုချိန်မှာ စပါးပင်တွေလဲကုန်တာကြောင့် အထွက်နှုန်းကို ထိခိုက်မှာ စိုးရိမ်ရတယ်၊ အပင်တွေအားတိတ်သွားတာပေါ့"ဟု ထန်းကုန်းကျေးရွာဒေသခံတစ်ဦးက ပြောသည်။

"ကျွန်တော်တို့ သုံးယောက်ထိုင်စကားပြောနေတုန်း မိုးသက်လေပြင်းတွေတိုက်လာတာ အတော့်ကိုပြင်းတယ်၊ မကြာလိုက်ဘူး ဝုန်းဆို မန်ကျည်းပင်ကြီးလဲကျတာ အိမ်အလယ်တည့်တည့်ပဲ၊ ကျွန်တော်တို့ ကံကောင်းလို့လွတ်သွားတာ"ဟု သစ်ယာကုန်းကျေးရွာနေသူ တစ်ဦးက ကိုယ်တိုင်ကြုံတွေ့ရပုံကိုရှင်းလင်းပြောကြားသည်။

သဘာဝဘေးဒဏ်ခံခဲ့ကြရသောကျေးရွာများအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြို့နိုင်နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုခဲ့ပြီး လိုအပ်သောထောက်ပံ့မှုများအမြန်ဆုံးရရှိနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**ကိုလွင်(ဆွာ)**

# ပုလဲမြို့၌ သက်ကြီးဘိုးဘွားများ ကန်တော့ပွဲကျင်းပ

**ပုလဲ မေ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့ ပုလဲရတနာခန်းမ၌ မေ ၁၇ ရက် နံနက် ၆ နာရီခွဲက ၁၃၈၀ ပြည့်နှစ် မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် သက်ကြီးဘိုးဘွားများ ကန်တော့ပွဲ အခမ်းအနားကို ကျင်းပသည်။

သက်ကြီးဘိုးဘွားကန်တော့ပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးတိုးတိုးဝင်းနှင့် ဌာနဆိုင်ရာများ၊ အလှူရှင်များ၊ လူမှုရေးအသင်းအဖွဲ့များက အသက် ၈၀ နှင့်အထက် သက်ကြီးဘိုးဘွား ၆၀တို့အား တစ်ဦးလျှင် အလှူငွေ ကျပ် ၁၀၀၀၀ နှုန်းနှင့် လှူဖွယ်ပစ္စည်းများဖြင့် ကန်တော့ခဲ့ပြီး သက်ကြီး ဘိုးဘွားများ ကိုယ်စား အဘိုး ဦးသိန်းအောင်က ဆုပေးစကားပြောကြားခဲ့ကြောင်း သိရသည်။ **မင်းခန့်စိုး(ဧယျာမြေ)**

# မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ပြီးမြောက်ချိန် ချင်းတောင်–ကလေး–မုံရွာ–မန္တလေး–ရန်ကုန် ခရီးစဉ်ပြန်လည်ပြေးဆွဲ

**ကလေး မေ ၁၈**

ကလေးခရိုင် ကလေးမြို့၏ မြန်မာ့ရိုးရာမဟာ အတာသင်္ကြန်ပြီးမြောက်ချိန် မြန်မာသင်္ကြန် ကာလ ကလေး- မုံရွာ- မန္တလေး- ရန်ကုန်ယာဉ်လိုင်းများပုံမှန်ပြေးဆွဲမှုရပ်နားရာမှ မေ ၁၈ ရက်(မြန်မာနှစ်သစ်ကူး နှစ်ဆန်း ၂ ရက်နေ့)မှစတင်ကာ မော်တော်ယာဉ်လိုင်းများပြန်လည်ပြေးဆွဲ၍ ခရီးသွားပြည်သူများ များပြားလျက်ရှိကြောင်း သိရသည်။

ကလေးမြို့၊ မန္တလေးမြို့နှင့် ရန်ကုန်မြို့အပါအဝင် ချင်းပြည်နယ်အတွင်းရှိမြို့နယ်များသို့ ယာဉ်လိုင်းပေါင်း ၅၀ ကျော်မှ ယာဉ်အစီးရေ ၁၀၀ နီးပါး နေ့စဉ်ပြေးဆွဲလျက်ရှိကြောင်း၊ ကလေးမြို့ကိုအခြေပြုပြေးဆွဲသည့် ခရီးသည်တင်ယာဉ်များသည် ဧပြီလဆန်းပိုင်း သင်္ကြန်မတိုင်မီ ကာလမှအစပြု၍ အကြောင်းအမျိုးမျိုးဖြင့် ခရီးသွားလာမှုများပြားကြောင်း၊ မြန်မာ့ရိုးရာအတာသင်္ကြန်အပြီး၌လည်း ယာဉ်လက်မှတ်များ ကြိုတင်ဖြတ်ထားမှုတို့ကြောင့် ခရီးသည်ရရှိမှုများပြားကြောင်း၊ တက်လမ်းအဆင့်မြင့်ခရီးသည်တင်ယာဉ်လိုင်းမှာ မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် စတင်ပြေးဆွဲကြောင်း ကလေးမြို့ပုဂ္ဂလိကမော်တော်ယာဉ်များ စနစ်တကျပြေးဆွဲရေးကော်မတီဥက္ကဋ္ဌ ဦးစိုးဝင်းက ပြောကြားသည်။




"သင်္ကြန်မတိုင်မီကာလနဲ့ သင်္ကြန်ပွဲတော်အပြီးမှာတော့ ကိုယ့်ရပ်ကိုယ့်ရွာ၊ ကိုယ့်မြို့ ကိုယ့်ဒေသနဲ့ ကိုယ့်လုပ်ငန်းတာဝန်တွေ ပြန်လည်ထမ်းဆောင်ကြဖို့ ချင်းတောင်- ကလေး- မုံရွာ- မန္တလေး- ရန်ကုန်ပြေးဆွဲတဲ့ ယာဉ်တွေ နှစ်တိုင်းခရီးသည်ပြည့်တာများတယ်၊ ယာဉ်လက်မှတ်တွေ ကြိုဖြတ်နေရတယ်"ဟု မိမိဒေသသို့ သင်္ကြန်ရုံးပိတ်ရက်အတွင်း ခေတ္တပြန်ရောက်သည့် ခရီးသွားပြည်သူတစ်ဦးက ပြောသည်။

ကလေး- မုံရွာ- မန္တလေးဆက်သွယ်ရာတွင် နွေဦးကာလ ချင်းတွင်းမြစ်ရေ နည်းပါးမှုကြောင့် ချင်းတွင်းရေကြောင်းမှ ခရီးသွားလာသူ နည်းပါးပြီး ကလေးမြို့အခြေပြုကားလမ်းမှ သွားလာသူများပြားကြောင်း၊ ကလေး- ကလေးဝ- ယာကြီးလမ်းနှင့် ကလေး- ကလေးဝ- မဟာမြိုင်-ရေဦး-မန္တလေးလမ်းတို့မှာလည်း သင်္ကြန်ကာလ မိုးအနည်းငယ်ရွာသွန်းမှုကြောင့် လမ်းကြောင်း စိတ်မချရကြောင်း၊ ကလေး- ဂန့်ဂေါပတ်လမ်းမှာ လမ်းကြောရှည်လျားသော်လည်း ရာသီမရွေး တောင်ပြိုလမ်းပျက်စီးမှု မရှိခြင်းတို့ကြောင့် ခရီးသည်တင် မော်တော်ယာဉ်လိုင်းများ အသွားအလာများပြားလျက်ရှိကြောင်း High Class အဆင့်မြင့်ခရီးသည်တင် ယာဉ်လိုင်းမှ တာဝန်ရှိသူတစ်ဦး၏ပြောပြချက်အရ သိရသည်။ **ချင်းတွင်းသား**

*နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန်ထိန်းကျောင်းဆောင်ရွက်သည်ဟု ဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့်စပ်ဆိုင်သော ဆောင်းပါးများကို ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင် ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။ (စာတည်းအဖွဲ့)*

# စီရင်ထုံးဆုဖြင့်နှစ်သစ်ကိုကြို



**မောင်စာဂ**

၁. ၄. ၂၀၁၈ ရက်နေ့က စီရင်ထုံးပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့သည့် ပညာဒါနကုသိုလ်ပြုလုပ်ခဲ့သည်။ ဒုတိယရှေ့နေချုပ်(ငြိမ်း) ဝဏ္ဏကျော်ထင် ဦးခင်မောင်အေး B.Sc, B.L, B.C.S ( Sr. branch) Advocate and Notary Public နှင့် ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူး (ငြိမ်း) များ တက်ရောက်၍ ဆုများချီးမြှင့်ခဲ့သည်။ ဆုရရှိသူ ၁၈ ဦးတို့က ပျော်ရွှင်စွာဖြင့် ဆုများလက်ခံရယူခဲ့ကြသည်။ မြန်မာနှစ်သစ်ကူးအကြို ဤသို့ ပညာဒါနပြုခွင့်ရသည့်အတွက် ဝမ်းသာကြည်နူးခဲ့ရသည်။

### ပြိုင်ပွဲပြုလုပ်ရခြင်းမှာ

စာရေးသူသည် ၇-၁၀-၁၉၇၃ ရက်နေ့မှစ၍ ယခင်ဗဟိုဥပဒေရုံး၊ ယခုရှေ့နေချုပ်ရုံးတွင် ဥပဒေဝန်ထမ်းအဆင့်(၄)အဖြစ် စတင်တာဝန်ထမ်းဆောင်ကာ ဆင့်ကဲဆင့်ကဲရာထူးတာဝန်များ တိုး၍တိုး၍ ထမ်းဆောင်ခွင့်ရခဲ့သည်။ ဥပဒေအသိပညာ၊ အတွေ့အကြုံများ လေ့လာသင်ယူဆည်းပူးခွင့်ရခဲ့သည်။ ဆရာများ၏ သွန်သင်ဆုံးမ၊ ပဲ့ပြင်လမ်းညွှန်မှုများကိုခံယူခဲ့ရသည်။ အငြိမ်းစားယူခဲ့ပြီးနောက် ဥပဒေအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခွင့်ရလာသည်။ နိုင်ငံတော်နှင့် ရှေ့နေချုပ်ရုံးတို့၏ ကျေးဇူးတရားတွေကိုသိမြင်လာသည်။ ပြန်လည်၍ ကျေးဇူးဆပ်ခဲ့ချင်သည်။ မည်သို့ကျေးဇူးဆပ်ရမည်ကိုစဉ်းစားသည့်အခါ ကနဦးအနေဖြင့် "မောင်စာဂဆု"စီရင်ထုံးပြိုင်ပွဲ ကျင်းပပေးပြီး ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်ဥပဒေအရာရှိများကို မြေတောင်မြှောက်အားပေးချီးမြှင့်ခြင်း ပြုလုပ်လျှင် သင့်မည်တွေးထင်မိ၍ ဤသို့စီရင်ထုံးပြိုင်ပွဲ ပြုလုပ်ခဲ့ရခြင်းဖြစ်သည်။

### စီရင်ထုံးများကို ရွေးချယ်ခဲ့ရခြင်းမှာ

စီရင်ထုံးဟူသည် အမြင့်ဆုံးတရားရုံး၏ စီရင်ဆုံးဖြတ်ချက်ဖြစ်သည်။ အမြင့်ဆုံးတရားရုံး၏ စီရင်ချက်တိုင်းသည်လည်း စီရင်ထုံးမဖြစ်ပေ။ နောင်ကြုံတွေ့လာရမည့် မှုခင်းများတွင် ဥပဒေအချက်အလက်၊ အကြောင်းခြင်းရာအချက်အလက်များနှင့်စပ်လျဉ်း၍ အားကိုးအားထားပြုရမည့် လမ်းညွှန်ဆုံးဖြတ်ချက်များပါဝင်သည့် စီရင်ချက်များကို စိစစ်ရွေးချယ်ပြီး စီရင်ထုံးပြုသည့်အခါ ထိုစီရင်ချက်များသည် စီရင်ထုံးအဖြစ် ရောက်ရှိသွားသည်။

စီရင်ထုံးများကို နှစ်အလိုက် ပြုစုထုတ်ဝေသည်။ တစ်နှစ်အတွင်း အမြင့်ဆုံးတရားရုံးက ဆုံးဖြတ်ခဲ့သော စီရင်ချက်များအားလုံးထဲမှ စီရင်ထုံးပြုစုရေးအဖွဲ့က စိစစ်ရွေးချယ်ခြင်းဖြစ်သည်။ စီရင်ထုံးများကို Judge-made law သို့မဟုတ် Case Law ဟူ၍ခေါ်ကြသည်။ ဥပဒေကဲ့သို့ အာနိသင်ရှိသည်။ ဥပဒေ၏ အကိုင်းအခက်များဖြစ်သည်။ တရားစစ်ဆေးစီရင်ကြားနာမှုတစ်လျှောက်လုံးတွင် စီရင်ထုံးများ၏အရေးပါမှုသည် ရှင်သန်နေသည်။

မူလမှုများ စစ်ဆေးကြားနာနေစဉ်အတွင်း နှစ်ဖက်အမှုသည်များအကြား အငြင်းပွားမှုပေါ်ပေါက်လာသည့်အခါ ဥပဒေပြဋ္ဌာန်းချက်သာမက စီရင်ထုံးများကိုပါ အသုံးပြုတင်ပြကြရသည်။ အမှုစစ်ဆေးခြင်းပြီးမြောက်၍ အပြီးသတ်လျှောက်လဲချက်များ၊ ပြင်ဆင်မှု၊ အယူခံမှုများတွင် လျှောက်လဲချက်များ ပေးရသည့်အခါ စီရင်ထုံးများသည် မပါလျှင်မပြီး၊ အဆုံးစွန်တရားရုံးက စီရင်ချက်အမိန့်ချမှတ်ရာတွင် ဥပဒေအချက်အလက်၊ အကြောင်းခြင်းရာ အချက်အလက်များအပြင် စီရင်ထုံးများကိုပါ ကိုးကားဖော်ပြ၍ အဆုံးအဖြတ်ပြုကြသည်။

တရားခွင်ကို စစ်မြေပြင်နှင့်ပမာပုံပြုဆိုပါရစေ။ စစ်မြေပြင်တွင် နှစ်ဖက်ရင်ဆိုင်တိုက်ခိုက်ရာ၌ စစ်နည်းဗျူဟာကြွယ်ဝမှုနှင့် မိမိစစ်သည်လက်နက်အင်အားကို မှန်ကန်စွာအသုံးချတတ်မှုသည် အရေးပါသည့် အချက်ဖြစ်သည်။ ထို့အတူ တရားခွင်တွင် နှစ်ဖက်အကျိုးဆောင်ရှေ့နေကြီးများ စကားစစ်ထိုးရာ၌ စကားပရိယာယ်ကြွယ်ဝဖို့လိုသလို အဓိကလက်နက်အင်အားဖြစ်သည့် ဆိုင်ရာဆိုင်ရာ ဥပဒေနှင့် စီရင်ထုံးများကို နှံ့စပ်ပိုင်နိုင်တတ်သိလိမ္မာ ကျွမ်းကျင်စွာဖြင့် ထုတ်နုတ်အသုံးချတတ်ဖို့ရန် လွန်စွာအရေးကြီးလှသည်။ အပြန်အလှန် လျှောက်လဲချေပခြင်းများအတွက် အဓိကလက်နက်မှာ ဥပဒေအပေါ် တတ်သိနားလည်မှုနှင့်အတူ လက်နက်ကြီးပစ်ကူအားဖြည့်သုံးသည့်အလား ဆိုင်ရာစီရင်ထုံးများကို ကျွမ်းကျင်ပိုင်နိုင်စွာ ကိုးကားနိုင်သူက အောင်ပွဲရမည်မှာ ထင်ရှားသည်။

ဤသို့သောအခြေအနေတွင် ဥပဒေကိုပိုင်ရမည်။ စီရင်ထုံးကိုနိုင်ရမည်။ ဥပဒေ မပိုင်လျှင်၊ စီရင်ထုံး မနိုင်လျှင် အမှုမကိုင်နှင့်ဟုပင် ဆိုရကောင်းအံ့ထင်သည်။ ထို့ကြောင့် စီရင်ထုံးများကို ရွေးချယ်၍ မောင်စာဂဆု စီရင်ထုံးပြိုင်ပွဲ ပြုလုပ်ပေးရခြင်းဖြစ်သည်။

### ဥပဒေများကခေတ်အကြောင်းပြောနေသည်

ဥပဒေများက ခေတ်အကြောင်းပြောနေသည်။ ခေတ်အလိုက် ခေတ်နှင့်အညီ ဥပဒေဆိုသည် ပြဋ္ဌာန်းပေါ်ပေါက်လာရသည်။ ဥပဒေများကိုလေ့လာကြည့်လိုက်သည်နှင့် ထိုခေတ်ထိုအခါက ခေတ်အခြေအနေကို သိနိုင်သည်။ ထို့အတူ စီရင်ထုံးများက တရားစီရင်ရေးသမိုင်းကြောင်းကို ပြောနေသည်။ မှန်ကန်သော စီရင်ထုံးများ၊ အားကိုးအားထားပြုထိုက်သော စီရင်ထုံးများပေါ်ထွန်းနေမည်ဆိုလျှင် တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်နေမည်ဖြစ်သည်။ ထို့ကြောင့် စီရင်ထုံးများသည် အရေးပါသည်။ ယခုကဲ့သို့ စီရင်ထုံးပြိုင်ပွဲပြုလုပ်ပေးရသည်ကို အထူးဝမ်းမြောက်မိသည်။ မှန်ကန်သော စီရင်ထုံးများ၊ အားကိုးအားထားပြုထိုက်သောစီရင်ထုံးများ ဖြစ်ထွန်းပေါ်ပေါက်လာအောင် ကြိုးစားအားထုတ်ကြပါဟု စီရင်ထုံးပြိုင်ပွဲ ဆုချီးမြှင့်ပြိုင်ပွဲ၌ ဝဏ္ဏကျော်ထင် ဆရာဦးခင်မောင်အေးက အဖွင့်အမှာစကားပြောကြားရာတွင် တိုက်တွန်းပြောကြားခဲ့သည်။

ထို့ပြင် ဝဏ္ဏကျော်ထင် ဆရာဦးခင်မောင်အေးက မိမိသည် ဥပဒေစာမေးပွဲဖြေဆိုစဉ်က တရားမ ဘာသာတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြောင်း၊ ဂုဏ်ထူးရရှိခဲ့သည့်အကြောင်းမှာ တရားမစီရင်ထုံးများကို မှန်မှန်ကန်ကန် ဖော်ပြဖြေဆိုနိုင်ခဲ့၍ဖြစ်ကြောင်း၊ ရာဇဝတ်ပြစ်မှုဘာသာရပ် ဂုဏ်ထူးဘာကြောင့် မရသလဲဟု မေးမြန်းကြည့်သည့်အခါ စီရင်ထုံးများ လွဲမှားခဲ့၍ဖြစ်သည်ကိုသိရကြောင်း၊ ထိုခေတ် ထိုခါကတည်းက စီရင်ထုံးများကို အလေးထားခဲ့ကြောင်းပြောကြားသည်။ ဆက်လက်၍ ဆရာက ၎င်းဒုတိယရှေ့နေချုပ်တာဝန်ထမ်းဆောင်ခဲ့စဉ် စီရင်ထုံးအသစ်များပေါ်ထွန်းအောင် ကြိုးစားအားထုတ်ခဲ့ကြောင်း၊ မှတ်မိသမျှပြောရလျှင် မီးလင်းရွှေအမှုကိစ္စသည် အားကိုးအားထားပြုထိုက်သည့် စီရင်ထုံးတစ်ခုဖြစ်ခဲ့ကြောင်း ပြောကြားသည်။

ဆရာသည် ကရင်ပြည်နယ် အတွင်းဝန်ကလေးနှင့် အလုပ်သမားဝန်ကြီးဌာန အတွင်းဝန်ကလေးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသည်။ ထို့နောက် ကချင်ပြည်နယ် ပြည်သူ့ကောင်စီတရားသူကြီးအဖွဲ့ ဥက္ကဋ္ဌ (နှစ်ကြိမ်)၊ ဗဟိုတရားရုံး ညွှန်ကြားရေးမှူးချုပ်၊ တရားရုံးချုပ်တရားသူကြီး၊ ဒုတိယရှေ့နေချုပ်၊ ထိုမှတစ်ဖန် တရားရုံးချုပ်တရားသူကြီးအဖြစ် တာဝန်များထမ်းဆောင်ခဲ့သည်။ ပထမအကြိမ် လွှတ်တော်ကာလတွင်လည်း စာနယ်ဇင်းကောင်စီ(ယာယီ) ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သေးသည်။ ဆရာ၏ အတွေ့အကြုံ၊ အသိပညာဗဟုသုတများသည်ကား ကြီးမားလှပေသည်။ ဖော်ပြ၍မကုန်နိုင်အောင်ပါပင်။ ယနေ့ဆရာသည် အသက် (၈၆) နှစ် အရွယ်ဖြစ်သည်။ ဆရာ၏အသိပညာ၊ အတွေ့အကြုံများသည် ရှင်သန်နေဆဲဖြစ်သည်။ ဆရာ၏လက်အောက်တွင် နှစ်ပေါင်းများစွာနီးနီးကပ်ကပ် ပညာများသင်ယူခွင့်ရခဲ့သည့်အတွက် ကျေးဇူးကြီးမားလှသည်။ အမြဲထာဝရ ဂါရဝပြုနေပါသည်။

### စီရင်ထုံးများကိုဖတ်ရတာပျော်စရာပါ

စီရင်ထုံးပြိုင်ပွဲကို ၁၈-၃-၂၀၁၇ ရက်နေ့က ပြုလုပ်ခဲ့သည်။ ယင်းမတိုင်မီ ၁၀ လခန့်က ကြိုတင်၍ အသိပေးထားခဲ့သည်။ ရှေ့နေအချို့၊ တရားရေးဝန်ထမ်းအချို့ကလည်း ဝင်ရောက်ယှဉ်ပြိုင်လိုကြောင်း ဆန္ဒပြုကြသည်။ သို့ရာတွင် ပထမဦးဆုံးကျင်းပရခြင်းဖြစ်၍ အတွေ့အကြုံမရရှိသေးသည်နှင့် လက်ခံပေးခဲ့ရခြင်းမရှိပါ။ နောင်နှစ်များတွင်ပါဝင်နိုင်အောင် စီစဉ်ပါမည်ဟူ၍ ပြန်လည်ပြောပြခဲ့ရသည်။

ပြိုင်ပွဲများကျင်းပပြီးနောက် ဖြေဆိုထားချက်များကို အဆင့်မြင့်ဥပဒေအရာရှိများ (ဦးသန်းဌေးနှင့်အဖွဲ့) က စနစ်တကျ မှန်မှန်ကန်ကန်စစ်ဆေးမှုပြုခဲ့သည်။ စီရင်ထုံးတစ်ရာအထက် မှန်ကန်စွာဖြေဆိုနိုင်သူ သုံးဦး၊ တစ်ရာနှင့် ခုနစ်ဆယ်အထက် မှန်ကန်စွာဖြေဆိုနိုင်သူ ငါးဦး၊ ခုနစ်ဆယ်အောက် ငါးဆယ်အထက်မှန်ကန်စွာဖြေဆိုနိုင်သူ ဆယ်ဦးရှိခဲ့သည်။ ဝမ်းမြောက်စရာပါပင်။

စီရင်ထုံးများကိုဖတ်ရတာပျော်စရာကောင်းပါတယ်၊ ဝါသနာလည်းပါပါတယ်။ စီရင်ထုံးတစ်ခု ဖတ်ပြီးရင် သက်ဆိုင်ရာဥပဒေပြဋ္ဌာန်းချက်များကိုပါ ဖတ်ဖြစ်ပါတယ်ဟူ၍ စီရင်ထုံးပြိုင်ပွဲတွင် ပထမရရှိခဲ့သည့် ဥပဒေအရာရှိတစ်ဦးဖြစ်သူ ဒေါ်ပိုးအိလွင်ကပြောပါသည်။ ဒေါ်ပိုးအိလွင်သည် စီရင်ထုံး အရေအတွက် ၁၁၆ ခုကို မှန်မှန်ကန်ကန်ရေးပြနိုင်သည်။ စီရင်ထုံး၏ဆိုလိုရင်းအဓိပ္ပာယ်ကိုလည်း ရှင်းရှင်းလင်းလင်း ရေးသားနိုင်သည်။ စီရင်ထုံးပါဆုံးဖြတ်ချက်ကို ကောင်းမွန်သဘောပေါက်နားလည်သည်ကို သူမ၏ရေးသားဖော်ပြချက်များက ပေါ်လွင်နေသည်။

စီရင်ထုံး ၁၁၆ ခုကို ခုနှစ်မလွဲ၊ စာမျက်နှာမလွဲ၊ အဓိပ္ပာယ်ကောက်ယူချက်မလွဲ ဘာကြောင့်ဖော်ပြနိုင်ရသလဲ၊ ဘယ်လိုကျက်မှတ်ထားသလဲ မေးကြည့်တော့ ခုနှစ်တစ်ခုကိုမှတ်သားပြီး ခုနှစ်အလိုက် စီရင်ထုံးများကို မှတ်သားထားခဲ့ကြောင်းပြောသည်။ ဖခင်ဖြစ်သူကလည်း ဥပဒေအရာရှိ၊ မိခင်ဖြစ်သူကလည်း ဥပဒေအရာရှိ ရာထူးအဆင့်မြင့်မြင့်တွင် တာဝန်ထမ်းဆောင်ခဲ့သည့် မိဘနှစ်ပါးမှမွေးဖွားသော သမီးတစ်ဦးဖြစ်သည်။ မိခင်၊ ဖခင်၏ ဥပဒေအမွေကို ကောင်းစွာဆက်ခံရယူနိုင်သည့် မျိုးဆက်သစ် ဥပဒေအရာရှိတစ်ဦးပါလားဆိုပြီး ဂုဏ်ယူမိသည်။

### ဆုများချီးမြှင့်ခြင်း

စီရင်ထုံးတစ်ရာအထက်ရရှိပြီး ပထမဆုရရှိသူကို ဆုချီးမြှင့်ငွေ ငါးသိန်းကျပ်၊ ဒုတိယရရှိသူ လေးသိန်းကျပ်၊ တတိယရရှိသူ သုံးသိန်းကျပ်ချီးမြှင့်ခဲ့သည်။ တစ်ရာနှင့် ခုနစ်ဆယ်အထက်ရရှိသူ ငါးဦးအနက် ပထမရရှိသူကို ဆုချီးမြှင့်ငွေ နှစ်သိန်းကျပ်၊ ဒုတိယရရှိသူကို ငွေကျပ်တစ်သိန်းခွဲ၊ တတိယရရှိသူကို ငွေကျပ်တစ်သိန်းနှင့် ကျန်နှစ်ဦးကို ငွေကျပ်ခုနစ်သောင်းခွဲစီ ဆုချီးမြှင့်ခဲ့သည်။ ခုနစ်ဆယ်အောက်ရရှိသူ ဆယ်ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ငါးသောင်းစီ ချီးမြှင့်ခဲ့သည်။ တစ်ဦးစီ တစ်ဦးစီအတွက်လည်း ဥပဒေစာအုပ်အချို့ကို ချီးမြှင့်ငွေများနှင့်အတူ ပေးအပ်ခဲ့သည်။

### ပညာဒါနပါဝင်အားပေးကြသည်

ဆုများချီးမြှင့်ရာတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်ချိုအုန်းနှင့် ဦးစိုးသိန်းတို့က ငွေကျပ်ခြောက်သိန်း၊ ဦးတင်ထွန်း ညွှန်ကြားရေးမှူးချုပ် (ငြိမ်း) ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံးနှင့် ဇနီး ဒေါ်အေးမြတ်မြတ်ဝင်းတို့က ငွေကျပ်ငါးသိန်း၊ ထို့ပြင် တရားလွှတ်တော်ရှေ့နေ ဦးမောင်မောင်ဝင်းက ရာဇသတ်ကြီးစာအုပ်နှစ်ဆယ် ပညာဒါနပါဝင်၍ ကုသိုလ်ယူခဲ့ကြသည်။ စီရင်ထုံးပြိုင်ပွဲဖြေဆိုသည့်နေ့က လိုအပ်သည်များအသုံးပြုနိုင်ရန် ငွေကျပ်တစ်သိန်းကို ဦးညီညီအောင် (အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး) က ကုသိုလ်ပါရမီ ဖြည့်ဆည်းပေးခဲ့သည်။ စေတနာရှေ့ထား၍ ပညာပါရမီ ဖြည့်ဆည်းပေးခဲ့ကြသည်ကို ကျေးဇူးအထူးတင်နေပါသည်။

### ကြည်နူးစရာဥပဒေပညာ

စီရင်ထုံးပြိုင်ပွဲတွင် ဆုငွေများရရှိ၍မဟုတ်။ ဤသို့ဖြေဆိုနိုင်ကြ၍ ဂုဏ်ပြုချီးမြှင့်ခံရသည်ကို ဝမ်းသာသောအပြုံးများနှင့် ပျော်ရွှင်နေကြသည်ကို တွေ့ရသည်။ မိမိတို့ကိုယ်ကို ယုံကြည်စိတ်ချရမှု ရှိလာသည်။ ပို၍အားထုတ်ကြိုးစားချင်စိတ်တွေ ဖြစ်လာရသည်ဟု ပြိုင်ပွဲဝင်တစ်ဦးကပြောသည်။ ဆုချီးမြှင့်ပွဲသို့ ကြွရောက်လာကြသူအပေါင်းကလည်း ဤမြင်ကွင်းကိုကြည့်ကာ ပီတိဖြစ်စရာ ဝမ်းမြောက်စရာပါပဲဟူ၍ ပြောကြဆိုကြသံများလှိုင်ခဲ့သည်။ မိမိသည်လည်း ဥပဒေပညာဒါနပြုရသည့်အပေါ် ကြည်နူးပီတိဖြစ်ရသည်။ မိမိလုပ်ဆောင်ခဲ့မှုအပေါ် ကျေနပ်အားရခဲ့သည်။ နှစ်စဉ်နှစ်စဉ် ကျင်းပသွားမည်ဟု ရည်ရွယ်ထားသည့်အတိုင်း နောင်နှစ်တွင် မည်သို့မည်ပုံဆောင်ရွက်ပေးရမည်ကို တွေးနေမိသည်။

### အစဉ်လေ့လာဥပဒေပညာ

စီရင်ထုံးပြိုင်ပွဲ ဝင်ရောက်ဖြေဆိုသွားခဲ့ကြသော မျိုးဆက်သစ် သားငယ်၊ သမီးငယ်များကို တိုက်တွန်းခဲ့သည်ကား၊ ယခုမိမိတို့လေ့လာမှတ်သား ကျက်မှတ်၍ဖြေဆိုသွားသော စီရင်ထုံးများသည်ကား တန်ဖိုးကြီးမားလှပေသည်။ ရထား၊ ကျက်ထား၊ မှတ်သားထားသမျှကို မေ့ပျောက် မသွားပါစေနှင့်၊ အမြဲဆင်ခြင်ပွားများနေပါ။ စီရင်ထုံး၏ဆိုလိုရင်းအဓိပ္ပာယ်ကို ပို၍ရှင်းရှင်းလင်းလင်း သိနိုင်အောင် လေ့လာသုံးသပ်ပါ။ မိမိက စီရင်ထုံး၏နောက်ကို လိုက်သွားရန်မဟုတ်ပါ။ မူရင်းဥပဒေ ပြဋ္ဌာန်းချက်ကို ပစ်ပယ်မသွားပါနှင့်။ မူရင်းဥပဒေပြဋ္ဌာန်းချက်ကသာ အဓိကဖြစ်သည်ကို စွဲစွဲမြဲမြဲမှတ်သားထားရပါမည်။ စီရင်ထုံးများ ကွဲလွဲမှုရှိတတ်သည်ကိုသတိမူပါ။ စီရင်ထုံးတစ်ခုကိုတစ်ခုက လွှမ်းမိုးသွားတတ်သည်။ ဖျက်သိမ်းခဲ့ရတတ်သည်ကိုလည်း သိထားရပါမည်။ "သုံးတတ်လျှင်ဆေး၊ မသုံးတတ်လျှင်ဘေး" ဟူ၍ ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား) ဆရာဦးကျော်အေးက မိန့်ကြားဖူးသည်။ မှုခင်းဖြစ်ရပ်တွင်ပေါ်ပေါက်နေသော ဥပဒေပြဿနာ၊ အကြောင်းခြင်းရာ ပြဿနာများအတွက် စီရင်ထုံးများကို မှန်မှန်ကန်ကန် ကောင်းစွာအသုံးချတတ်ပါက ဆေးဖြစ်သည်။ လွဲမှားချွတ်ချော်စွာ အသုံးပြုလျှင် ဘေးဖြစ်လိမ့်မည်ကို သတိထားရပါမည်။ ဥပဒေသည် လေ့လာဆည်းပူး၍ မကုန်နိုင် အစဉ်လေ့လာနေရမည့် ဥပဒေပညာဟုဆိုရပါမည်။

### တစ်နိုင်တစ်ပိုင်မှသည်

ဥပဒေသမားပီပီ ဥပဒေပညာကိုချစ်မြတ်နိုးသည်။ ဥပဒေပညာ ရှင်သန်နေစေချင်သည်။ အချိန်ရှိခိုက်ဖြစ်ပေါ်လာသောဆန္ဒကို အကောင်အထည်ဖော်နိုင်ရန် တစ်နိုင်တစ်ပိုင် စီမံဆောင်ရွက်လိုက်ရခြင်းဖြစ်သည်။ နှစ်စဉ်နှစ်စဉ် ဆောင်ရွက်သွားရန် ရည်ရွယ်သည်။ တစ်နိုင်တစ်ပိုင်မှသည် ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ဆောင်ရွက်သွားနိုင်ရန်ဆန္ဒရှိသည်။ ဥပဒေအသိပညာပေးပိုင်ခွင့်ရှိသူများနှင့် ပေးနိုင်သူများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားနိုင်ကြခြင်းဖြင့် ဥပဒေစိုးမိုးကာ ဥပဒေအသိပညာ ထာဝစဉ်ရှင်သန်နေမည်ဟု ယုံကြည်မိပါကြောင်း။

- **ဥပဒေ၊ စီရင်ထုံးများကို မှန်မှန်ကန်ကန် အသုံးချခြင်းဖြင့် တရားစီရင်ရေးမဏ္ဍိုင် ကြံ့ခိုင်စေရေး ပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ကြပါစေ၊**
- **ဥပဒေပညာရပ်ဖြင့် လောကကောင်းကျိုး သယ်ပိုးဆောင်ရွက်နိုင်ကြပါစေ။**

# ဘေဘုတ်ရဲ့ ကမ္ဘာ့ထိပ်တန်းတေးအယ်လ်ဘမ် ငါးခုစာရင်းတွင် ကေပေါ့ပ်တေးအယ်လ်ဘမ် လေးခုပါဝင်



နိုင်ငံတကာတေးဂီတဝက်ဘ်ဆိုဒ်တစ်ခုဖြစ်တဲ့ ဘေဘုတ်ရဲ့ ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း ရောင်းအားအကောင်းဆုံး တေးအယ်လ်ဘမ်စာရင်းကို ထုတ်ဖော်ပြသခဲ့ရာ ယင်းစာရင်းရဲ့ ထိပ်တန်းငါးခုစာရင်းမှာ ကေပေါ့ပ်တေးဂီတအဖွဲ့တွေရဲ့ တေးအယ်လ်ဘမ်လေးခုက နေရာယူထားတာကိုတွေ့ရကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ယင်းစာရင်းရဲ့ ထိပ်တန်းတေးအယ်လ်ဘမ်လေးခုဟာ ကေပေါ့ပ်တေးဂီတအဖွဲ့သုံးဖွဲ့ရဲ့ တေးအယ်လ်ဘမ်တွေဖြစ်နေတာကို တွေ့ရပါတယ်။ ယင်းတေးဂီတအဖွဲ့တွေကတော့ “BTS”၊ “EXO-CBX”နဲ့ “TWICE”တို့ ဖြစ်ကြပါတယ်။

“BTS”ရဲ့ တေးအယ်လ်ဘမ် “Love Yourself: Her” ကတော့ စာရင်းရဲ့ထိပ်ဆုံးမှာ နေရာရနေတာ ဖြစ်ပါတယ်။ “Love Yourself: Her”ဟာ စတင်ထုတ်လွှင့်ခဲ့ပြီးနောက် သီတင်းပတ်အတော်ကြာ နံပါတ်တစ်နေရာမှာ ရောက်ရှိနေခဲ့ပြီး နောက်ပိုင်းမှာ ထိပ်ဆုံးမှဆင်းခဲ့ရကာ ပြီးခဲ့တဲ့သီတင်းပတ်အတွင်းမှာတော့ ယင်းတေးဂီတဇယားကို ပြန်လည်ဦးဆောင်နိုင်ခဲ့တာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ သီတင်းပတ်ကတော့ အဆိုပါတေးအယ်လ်ဘမ်ကို ထုတ်လွှင့်ခဲ့တာ သီတင်းပတ် ၃၀ မြောက်လည်း ဖြစ်ပါတယ်။

“EXO”ရဲ့ အဖွဲ့ခွဲတစ်ခုဖြစ်တဲ့ “EXO-CBX ”ရဲ့ မီနီတေးအယ်လ်ဘမ် “ Blooming Days” ကတော့ တေးဂီတဇယားမှာ နံပါတ်နှစ်နေရာမှာ ရပ်တည်ခဲ့တာပါ။ ပြီးခဲ့တဲ့ သီတင်းပတ်အတွင်းမှာမှ စတင်ထုတ်လွှင့်ခဲ့တဲ့ အဆိုပါတေးအယ်လ်ဘမ်မှာပါဝင်တဲ့ ခေါင်းစီးတေးကတော့ “Blooming Day”ဖြစ်ပြီး အလွန်ကို အောင်မြင်ခဲ့တဲ့ တေးသီချင်းဖြစ်ပါတယ်။

တောင်ကိုရီးယားရဲ့ အကျော်ကြားဆုံးသော အမျိုးသမီးတေးဂီတအဖွဲ့ဖြစ်တဲ့ “TWICE”ရဲ့ တေးအယ်လ်ဘမ်ကတော့ တေးဂီတဇယားမှာ နံပါတ်သုံးနေရာမှာ ရှိနေခဲ့တာပါ။ “What Is Love?” လို့ အမည်ရတဲ့ အဆိုပါတေးအယ်လ်ဘမ်ကတော့ မီနီတေးအယ်လ်ဘမ်ဖြစ်ပြီး ခေါင်းစီးတေးကတော့ အယ်လ်ဘမ်အမည်နဲ့ အတူတူပင် ဖြစ်ပါတယ်။

“BTS”ရဲ့ ဂျပန်တေးအယ်လ်ဘမ်ကတော့ နံပါတ်လေးနေရာကို ရခဲ့ပါတယ်။ ယင်းတေးအယ်လ်ဘမ်ကတော့ “Face Yourself ”လို့အမည်ရပြီး ပြီးခဲ့တဲ့သီတင်းပတ်ဟာ ဒုတိယမြောက်သီတင်းပတ်အဖြစ် ထုတ်လွှင့်ခဲ့တာ ဖြစ်ပါတယ်။

## Top Social Artist ဆုအတွက် လျာထားခံရတဲ့ BTS



တောင်ကိုရီးယားရဲ့ ကမ္ဘာကျော်အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ “BTS”ဟာ မကြာမီကျင်းပသွားမယ့် အမေရိကန်တေးဂီတထူးချွန်ဆုပေးပွဲတစ်ပွဲဖြစ်တဲ့ “Billboard Music Awards”မှာ “Top Social Artist”ဆုအတွက် အမည်စာရင်းလျာထားဖော်ပြခြင်းခံထားရကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အဆိုပါဆုအတွက် လျာထားခံခဲ့ရတာဟာ “BTS”အတွက်တော့ ဒုတိယအကြိမ်မြောက် ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၇ ခုနှစ်အတွင်း ကျင်းပခဲ့တဲ့ အဆိုပါဆုပေးပွဲမှာလည်း “BTS”ဟာ “ Top Social Artist ”အတွက် လျာထားခံခဲ့ရပြီး ဆုပေးပွဲနေ့မှာလည်း ယင်းထူးချွန်ဆုကို ဆွတ်ခူးနိုင်ခဲ့ပါတယ်။ ပြီးခဲ့တဲ့နှစ်ဆုပေးပွဲမှာ “BTS”ဟာ ကမ္ဘာကျော်တေးသံရှင်တွေဖြစ်ကြတဲ့ ဂျက်စတင်ဘီဘာ၊ ဆယ်လီနာဂိုမက်ဇ်၊ အရီရန်နာဂရန်းဒ်နဲ့ ဆွမ်မန်းဒပ်စ်တို့နဲ့အပြိုင် ဆန်ခါတင်စာရင်းဝင်ခဲ့ရာမှ ထူးချွန်ဆုကို ဆွတ်ခူးနိုင်ခဲ့တာ ဖြစ်ပါတယ်။

ပြီးခဲ့တဲ့ ဧပြီ ၁၇ ရက်မှာ ပြုလုပ်ခဲ့တဲ့ တိုက်ရိုက်ထုတ်လွှင့်မှုအတွင်း ဘေဘုတ်က ယခုနှစ်ရဲ့ဆုပေးပွဲမှာလည်း “BTS”ဟာ “Top Social Artist”အတွက် ဆန်ခါတင်စာရင်းဝင်ကြောင်း ထုတ်ဖော်ပြောကြားခဲ့တာ ဖြစ်ပါတယ်။ ဒီနှစ်မှာတော့ အဆိုပါတေးဂီတအဖွဲ့နဲ့အပြိုင် အမည်စာရင်းတင်သွင်းဖော်ပြခြင်းခံထားရတဲ့ တေးသံရှင်တွေကတော့ ဂျက်စတင်ဘီဘာ၊ အရီရန်နာဂရန်းဒ်၊ ဒေမီလိုဗားတိုးနဲ့ ဆွမ်မန်းဒပ်စ်တို့ ဖြစ်ကြပါတယ်။

# လီဂျွန်ဆပ်နှင့် ကမ်ဂျီဝန်တို့ကို ပြန်လည်တွဲဖက်တွေ့မြင်ရဦးမည်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ ဇာတ်ဆောင်တွေဖြစ်ကြတဲ့ မင်းသား လီဂျွန်ဆပ်နဲ့ မင်းသမီး ကမ်ဂျီဝန်တို့ဟာ လတ်တလောမှာတော့ ရုပ်သံဇာတ်လမ်းတွဲတစ်ခုမှာ တွဲဖက်ပါဝင်ကြဖို့ရာ သက်ဆိုင်ရာနဲ့ ဆွေးနွေးညှိနှိုင်းမှုတွေ ပြုလုပ်နေပြီဖြစ်ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။ သူတို့နှစ်ဦးဟာ လွန်ခဲ့တဲ့ ခုနှစ်နှစ်ခန့်က အတူတွဲဖက်သရုပ်ဆောင်ခဲ့ကြဖူးသူတွေဖြစ်တာကြောင့် ခုနှစ်နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် သူတို့အတွဲကို ပြန်လည်တွေ့မြင်နိုင်မယ့် အခွင့်အရေးပေါ်လာခဲ့တာလည်း ဖြစ်ပါတယ်။



ပြီးခဲ့တဲ့ ဧပြီ ၁၇ ရက်မှာတော့ ကြယ်ပွင့်နှစ်ဦးရဲ့ အေဂျင်စီတွေဖြစ်ကြတဲ့ အမ်ဘီကေနဲ့ ကင်းကောင်အန်တာတိန်းမန့်တို့က ရုပ်သံဇာတ်လမ်းတွဲသစ် “See You Again”မှာ နှစ်ဦးသား တွဲဖက်ပါဝင်ကြဖို့ရာ ကမ်းလှမ်းခံထားရတာဖြစ်ပြီး လက်ရှိမှာတော့ သရုပ်ဆောင်တွေက လက်ခံစဉ်းစားပေးနေကြကြောင်း ထုတ်ဖော်ပြောကြားခဲ့တာ ဖြစ်ပါတယ်။ ဒါပေမယ့် လက်ရှိအချိန်အထိတော့ နှစ်ဦးစလုံးက လက်ခံခြင်း ရှိ၊ မရှိ တရားဝင် ထုတ်ဖော်ပြောကြားခဲ့ခြင်း မရှိသေးကြောင်းလည်း သိရပါတယ်။

“See You Again”ကိုတော့ ထုတ်လွှင့်ခဲ့ပြီးဖြစ်တဲ့ “Oh My Venus” ဇာတ်လမ်းတွဲရဲ့ ဇာတ်ညွှန်းရေးဆရာက တာဝန်ယူရေးသားပေးမှာဖြစ်ပါတယ်။ ဒီဇာတ်လမ်းတွဲမှာတော့ အမျိုးသားငယ်တစ်ဦးနဲ့ အမျိုးသမီးတစ်ဦးအကြားက အချစ်ဇာတ်လမ်းကို ပုံဖော်သွားမှာဖြစ်ပါတယ်။

လီဂျွန်ဆပ်နဲ့ ကမ်ဂျီဝန်တို့ဟာ အမ်ဘီစီရုပ်သံလိုင်းက ရိုက်ကူးထုတ်လွှင့်ခဲ့ပြီး ၂၀၁၁ ခုနှစ်အတွင်း ထုတ်လွှင့်ခဲ့တဲ့ ဇာတ်လမ်းတွဲ “High Kick 3”မှာ ခေါင်းဆောင်တွေအဖြစ် ပါဝင်ခဲ့ကြတာဖြစ်ပါတယ်။ “Oh My Venus” ဇာတ်လမ်းတွဲကို လက်ခံရိုက်ကူးပေးပါက သူတို့နှစ်ဦးဟာ ခုနစ်နှစ်တာကာလအတွင်း ပထမဆုံးအကြိမ် ပြန်လည်တွေ့ဆုံကြမှာ ဖြစ်ပါတယ်။

လီဂျွန်ဆပ် နောက်ဆုံးရိုက်ကူးခဲ့တဲ့ ဇာတ်လမ်းတွဲကတော့ “Hymn of Death”ဖြစ်ပြီး ကမ်ဂျီဝန်အနေနဲ့ကတော့ “Detective K: Secret of the Living Dead”မှာ ပါဝင်ထားတာဖြစ်တယ်လို့လည်း သိရပါတယ်။

# လူမှုကွန်ရက်မီဒီယာပေါ် ပြန်လည်တက်လှမ်းလာတဲ့ အရီရန်နာဂရန်းဒ်

အမေရိကန်ပေ့ါပ်ကြယ်ပွင့် အရီရန်နာဂရန်းဒ်ဟာ လူမှုကွန်ရက်မီဒီယာနဲ့ လနဲ့ချီကာ ကင်းကွာနေခဲ့ရာမှ လတ်တလောမှာတော့ ပြန်လည်အသုံးပြုလာတာ တွေ့ရပါတယ်။ လွန်ခဲ့တဲ့ ငါးလခန့်က နောက်ဆုံးအသုံးပြုခဲ့ပြီးနောက် လတ်တလောမှာတော့ ပေ့ါပ်ကြယ်ပွင့်က သူ့ရဲ့တွစ်တာစာမျက်နှာပေါ်ကနေ တစ်ဆင့် ပရိသတ်တွေနဲ့ တွေ့ဆုံခဲ့တာပါ။ ဒီလို တွစ်တာပေါ် ပြန်လည်တက်လှမ်းလာတဲ့ အရီရန်နာဂရန်းဒ်ဟာ သူ့ရဲ့တေးသီချင်းသစ်တွေနဲ့ပတ်သက်ပြီး ပရိသတ်ကိုအသိပေးလိုတာကြောင့် ပြန်လည်အသုံးပြုခြင်းဖြစ်ကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အရီရန်နာဂရန်းဒ်ဟာ သူ့ရဲ့တွစ်တာစာမျက်နှာပေါ်မှာ ငိုနေတဲ့မျက်နှာပုံ အီမိုဂျီလေးတွေကို ဖော်ပြခဲ့ပါတယ်။ အဲဒီနောက်မှာတော့ ငိုကြွေးဖို့ မျက်ရည်မကျန်တော့ကြောင်း စာသားအချို့ ရေးသားဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။

ပေ့ါပ်ကြယ်ပွင့်ရဲ့ မန်နေဂျာဖြစ်သူကလည်း သူ့ရဲ့ဖော်ပြချက်တွေကို ကိုးကားကာ လာမယ့်သောကြာနေ့အတွက် အစီအစဉ်တွေရေးဆွဲဖို့ရာ လိုအပ်နေပြီဖြစ်ကြောင်း ရေးသားဖော်ပြခဲ့ပါတယ်။ ဒါကြောင့် ပရိသတ်တွေက အရီရန်နာဂရန်းဒ်အနေနဲ့ တေးသီချင်းသစ်အတွက် ပြင်ဆင်နေပြီဖြစ်ကြောင်း ဝေဖန်ခဲ့ကြပါတယ်။ အချို့သောပရိသတ်တွေကတော့ အရီရန်နာဂရန်းဒ်ရဲ့ တေးသီချင်းသစ်အတွက် ကြိုဆိုကြောင်းနဲ့ လူမှုကွန်ရက်မီဒီယာကို ပြန်လည်အသုံးပြုတဲ့အတွက် ဝမ်းသာကြောင်း ရေးသားဖော်ပြခဲ့ကြတာကိုလည်း တွေ့ရပါတယ်။



အေးပြည့် - စုစည်းသည်

# တာချီလိတ်၌ သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ပွဲနှင့် ဗီဇိတာဒါန ငါးလွှတ်ပွဲကျင်းပ

**တာချီလိတ် ဧပြီ ၁၈**

မြန်မာသက္ကရာဇ် ၁၃၈၀ ပြည့်နှစ် နှစ်ဆန်း ၁ ရက် (ဧပြီလ ၁၇ ရက်) နံနက် ၇ နာရီက ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ မယ်ခေါင်ရပ်ကွက်ရှိ မယ်ခေါင်ရေချောင်းတွင် ဗီဇိတဒါန ငါးလွှတ်ပွဲကို ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ဗီဇိတဒါန ငါးလွှတ်ပွဲတွင် ရှမ်းပြည်နယ် စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွံဆိုင်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဌေးဝင်း၊ စစ်ဗျူဟာအဖွဲ့(အခြေချ)တာချီလိတ်မှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး အေးမင်းဦး၊ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေနှင့် ဌာနဆိုင်ရာများ၊ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းသန့်နှင့် အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက တီလားဖီးယားငါး၊ ငါးခူနှင့် ရွှေဝါငါးကြင်း အကောင်ရေ ၁၅၀၀၀ ကျော်ကို ဗီဇိတဒါနကုသိုလ်ပြုစုပေါင်းလွှတ်ပေးကြသည်။

ဆက်လက်၍ အသက် ၈၀ နှင့်အထက် သက်ကြီးဘိုးဘွား ၁၂၅ ဦးအား ပူဇော်ကန်တော့ပွဲပြုလုပ်ရာ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ နိုင်ငံရေးပါတီများနှင့် စေတနာရှင်အလှူရှင်များက စုပေါင်းလှူဒါန်းသည့် ငွေကျပ် ၇၆၃၀၀၀၀ ကျော်နှင့် စားသောက်ဖွယ်ရာများကို တက်ရောက်လာသူများက ထောက်ပံ့ပေးရာ အဘိုးအဘွားများကိုယ်စား အဘွားဒေါ်တင်မြက ဆုတောင်းမေတ္တာပို့သစကား ပြန်လည်ပြောကြားသည်။

ယင်းနောက် အဘိုး အဘွားများအား ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျန်းမာရေး စောင့်ရှောက်မှုပေးကာ နေ့လယ်စာဖြင့် ကျွေးမွေးညှော်ခံခဲ့ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**





# နှစ်သစ်ကူးမင်္ဂလာပွဲအဖြစ် သံဃာအပါး ၅၀၀ ကျော်အား ဆွမ်းဆန်စိမ်းလောင်းလှူ

**ဆီဆိုင် ဧပြီ ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော နှစ်သစ်ကူးမင်္ဂလာပွဲအဖြစ် သံဃာအပါး ၅၀၀ ကျော်အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဧပြီ ၁၇ ရက် နံနက် ၅ နာရီခွဲက ဇ၀နာရာမစာသင်ကျောင်းတိုက်မှ မြို့မဈေးတစ်ပတ်လှည့်၍ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

ဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့ မြို့နယ်အတွင်းရှိ ဇ၀နာရာမစာသင်ကျောင်းတိုက်၊ ဥတ္တရာရုံစာသင်ကျောင်းတိုက်၊ သာသနာလင်္ကာရစာသင်ကျောင်းတိုက်တို့မှ ရဟန်း၊ သံဃာပေါင်း ၅၁၂ ပါးတို့ ကြွရောက်ချီးမြှင့်ပေးခဲ့သည်။

အဆိုပါ ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အုန်းလွင်နှင့် တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပရဟိတအသင်းများ၊ မြို့ပေါ်ရပ်ကွက်များရှိ ဒေသခံပြည်သူများအပါအဝင် ရပ်နီးရပ်ဝေးမှ စေတနာရှင်၊ အလှူရှင်ပြည်သူများက ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းအမျိုးမျိုးကို လောင်းလှူခဲ့ကြကြောင်း သိရသည်။

**ခွန်ရဲထွေး(ဆီဆိုင်)**

# စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဗီဇိတဒါန ငါးလွှတ်ပွဲကျင်းပ

**မုံရွာ ဧပြီ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ မြန်မာနှစ်ဆန်း ၁ ရက်နေ့ ဗီဇိတဒါနငါးလွှတ်ပွဲကို မုံရွာမြို့ ချင်းတွင်းမြစ်ကမ်းဇက်ဆိပ်တွင် ဧပြီ ၁၇ ရက် နံနက် ၈ နာရီက ကျင်းပသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဇနီးများ၊ တာဝန်ရှိသူများက ငါးမြစ်ချင်းကောင်ရေ ၅၀၀၀၀၊ ရွှေဝါငါးကြင်း ၁၅၀၀၀၀၊ ထိုင်းငါးခုံးမ ၁၀၀၀၀၀ စုစုပေါင်းကောင်ရေ ၃၀၀၀၀၀ ကို ချင်းတွင်းမြစ်အတွင်းသို့ ဗီဇိတဒါနအဖြစ် ဘေးမဲ့ သက်လွှတ်ကုသိုလ်ပြုပေးခဲ့သည်။

အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့်ဇနီး၊ တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်ဇနီးများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူးနှင့်ဇနီး တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့မိမြို့ဖများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် ဗီဇိတဒါနအဖြစ် ငါးလွှတ်ပွဲများ၊ နွားဘေးမဲ့လွှတ်ပွဲ၊ သီတင်းသီလဆောက်တည်ခြင်း၊ သက်ကြီးပူဇော်ပွဲများကျင်းပခြင်း၊ သက်ကြီးဘိုးဘွားများကိုခေါင်းလျှော်ပေးခြင်း၊ခြေသည်း၊ လက်သည်းညှပ်ဒါနပြုခြင်း၊ စေတီ၊ ဘုရားကျောင်းကန်များတွင် သန့်ရှင်းရေး ပြုလုပ်ပေးခြင်း၊ ရပ်ကွက်၊ ကျေးရွာများနှင့် ဌာနဆိုင်ရာများရှိ အချက်အချာနေရာများတွင် အန္တရာယ်ကင်းပရိတ်ရွတ်ဖတ်ခြင်းများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**




# နတ်မဟုတ်ကလေးရွာတွင် လူငယ်များစုပေါင်းပြီး သီတင်းသီလဆောက်တည်သူများအား ကုသိုလ်ရေးဆောင်ရွက်ပေး

**အင်းတော် ဧပြီ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် နတ်မဟုတ်ကလေးရွာတွင် နှစ်ဆန်း ၁ ရက် နံနက်ပိုင်းတွင် လူငယ်များက သီတင်းသီလဆောက်တည်သူများကို ရေချိုး၊ ခေါင်းလျှော်၊ အုန်းဆီလိမ်း၊ ခြေသည်း၊ လက်သည်းညှပ်ပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

"ကျွန်မတို့ရွာမှာ ဒီလိုနှစ်ဆန်း ၁ ရက် ရောက်ပြီဆိုရင် လူငယ်တွေစုပေါင်းပြီး ဘုန်းကြီးကျောင်းမှာ သီလဆောက်တည်ကြတဲ့ လူကြီးမိဘတွေကို ရေချိုး၊ ခေါင်းလျှော်ပေးခြင်း၊ ဆံပင်ညှပ်ပေးတာတွေ လုပ်ဆောင်ပေးပါတယ်။ ကျွန်မတို့ လူငယ်တွေဟာ နှစ်စဉ်နှစ်တိုင်း နှစ်ဆန်း ၁ ရက်မှာ ရှေးရှေးကတည်းက လက်ဆင့်ကမ်းယူလာခဲ့တာ ယနေ့ထိပါ၊ ဒါဟာကောင်းမှုကုသိုလ်တစ်ခုဖြစ်သလို ရိုးရာအမွေအနှစ်တစ်ရပ်လည်းဖြစ်တယ်၊ ဂုဏ်လည်းယူပါတယ်လို့" နတ်မဟုတ်ကလေးရွာနေ မသန်းသန်းဆင့်က ပြောသည်။

"မနက်အစောပိုင်းက လူငယ်တွေစုပြီး တောထဲမှာ နှစ်သစ်ပန်းခူးခဲ့ကြပါတယ်၊ ညနေကျရင် နှစ်သစ်ပန်းအလှူကို ဘုန်းကြီးကျောင်းမှာ လှည့်လည်ပူဇော်မှာဖြစ်ပါတယ်၊ ဒီလိုမျိုး လူငယ်တွေစုပေါင်းပြီး ကောင်းမှုကုသိုလ်တွေပြုလုပ်ဆောင်ရွက်တာဟာ ကျွန်တော်တို့ရွာရဲ့ ရှေးဟောင်းရိုးရာအမွေအနှစ်တစ်ခုကို ရရှိထားသလိုခံစားရပါတယ်၊ စည်းလုံးခြင်း စုပေါင်းပြီး လုပ်ဆောင်တတ်ခြင်း၊ တစ်ဦးအပေါ်တစ်ဦး အလေးထားချစ်ခင်တတ်ခြင်းတွေကို ပွားများစေပါတယ်လို့" နတ်မဟုတ်ကလေးရွာ လူငယ်ခေါင်းဆောင် ဦးထွန်းနွဲ့က ပြောသည်။

"လူငယ်လေးတွေ ခုလိုစည်းစည်းလုံးလုံးနဲ့ လူကြီးသူမတွေကို ခေါင်းလျှော်၊ ရေချိုးပြုလုပ်ပေးတာဟာ ကုသိုလ်လည်းရသလို ရိုးရာအမွေအနှစ်ကို ထိန်းသိမ်းတာလည်းဖြစ်ပါတယ်" ဟု ဦးသန်းလွင်က ပြောသည်။

အဆိုပါ ကုသိုလ်ရေး လုပ်ငန်းများကို နတ်မဟုတ်ကလေးရွာ လူငယ်များက နှစ်စဉ်နှစ်ဆန်း ၁ ရက်နေ့တိုင်း ဘုန်းကြီးကျောင်းတွင် သီလဆောက်တည်ကြသူများကို ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

**မောင်ချစ်လင်း (အင်းတော်)**



# မြန်မာနှစ်ဆန်း၁ရက်နေ့ ဗီဇိတဒါနငါးဘေးမဲ့လွှတ်သူများပြား

**မန္တလေး ဧပြီ ၁၈**

၁၃၈၀ ပြည့်နှစ် မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် မန္တလေးမြို့တော်သူ၊ မြို့တော်သားများ ဗီဇိတဒါန ငါးဘေးမဲ့လွှတ်ခြင်း ကောင်းမှုကုသိုလ်ပြုနိုင်ရေးအတွက် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးရှေ့ မင်္ဂလာတံတားအနီး ကျုံးတောင်ဘက်နှင့် အရှေ့ဘက်တို့တွင် ရွှေဝါငါးကြင်း၊ မြက်စားငါးကြင်း၊ ငါးမြစ်ချင်း ငါးများအား နံနက် ၇ နာရီမှစတင်၍ ငါးလုပ်ငန်းဦးစီးဌာနနှင့် ပုဂ္ဂလိက ငါးကန်များမှ ဈေးနှုန်းချိုသာစွာရောင်းချပေးသည်။

"မြန်မာနှစ်ဆန်း ၁ ရက်နေ့ အခါသမယမှာ သက်စေ့ငါးလွှတ်လိုသူတွေရှိတယ်၊ နှစ်စဉ်နှစ်တိုင်းလည်း ကျုံးပတ်လည်မှာ မိသားစုလိုက်ငါးလွှတ်လေ့ရှိတယ်၊ ဗီဇိတဒါန ငါးလွှတ်လိုသူတွေ အဆင်ပြေအောင် အောက်ဆီဂျင်ထည့်ထားတဲ့ ငါးသားပေါက်တွေကို တစ်အိတ်လျှင်အကောင်ကြီး ကျပ် ၁၀၀၀ နှုန်း၊ အကောင်သေး ကျပ် ၅၀၀ နှုန်းနဲ့ ရောင်းချပေးပါတယ်"ဟု သရက်ကုန်းငါးလုပ်ငန်းစခန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြန်မာတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာအရ မြန်မာနှစ်ဆန်း ၁ ရက် အခါသမယတွင် မကောင်းမှုများမှ ကင်းလွတ်ရန်ရည်မှန်း၍ သက်လွှတ်ပွဲများ ကျင်းပလေ့ရှိရာ ငါးများအပြင်၊ စာကလေး၊ ကြက်တူရွေး၊ ချိုးငှက်၊ခိုစသည့်ငှက်များနှင့် ရပ်ကွက်အလိုက် ဆိတ်၊ သိုး၊ နွားများကိုလည်း ဘေးမဲ့ရုံများသို့ သွားရောက်၍ ဗီဇိတဒါနသက်လွှတ်ကုသိုလ်ပြုကြကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

# အိမ်မဲမြို့၌ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ စည်ကားသိုက်မြိုက်စွာကျင်းပ



**အိမ်မဲ မေ ၁၈**
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်တွင် မြို့နယ်လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို နှစ်စဉ် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ မေ ၁၇ ရက် မွန်းလွဲ ၂ နာရီက အကြိမ် (၁၁၀) မြောက် ဆွမ်းဆန်စိမ်း လောင်းလှူပွဲကို ကျင်းပခဲ့ကြောင်း သိရသည်။

ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို အိမ်မဲမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းနှင့် သီလရှင်စာသင်တိုက်များအပါ အဝင် ကျောင်းတိုက်ပေါင်း ၁၈၉ ကျောင်းရှိ ရဟန်းသံဃာ နှင့် သီလရှင်ပေါင်း ၁၂၀၀ ကျော်တို့က အိမ်မဲမြို့ ရေသိုး ညောင်ဝိုင်းကျေးရွာ အောင်သိပ္ပံစာသင်တိုက်မှစတင်၍ အိမ်မဲမြို့ကမ်းနားလမ်းတစ်လျှောက် ကန်ကြီးဒေါင့်ကုန်း ကျေးရွာအထိ ဆွမ်းဆန်အလှူခံခဲ့ကြရာ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များ၊ ကျေးရွာများ၊ ရပ်ကွက်များအတွင်းရှိ ပြည်သူများက စေတနာသဒ္ဓါတရားထက်သန်စွာဖြင့်ဝတ္ထု ငွေများ၊ စာရေးတံမဲများ၊ ဆွမ်း၊ ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်၊ ဆပ်ပြာမှုန့်အစရှိသည့် လှူဖွယ်ပစ္စည်းများကို လောင်းလှူခဲ့ကြကြောင်းသိရသည်။

အိမ်မဲမြို့တွင် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို နှစ်စဉ် သင်္ကြန်အတက်နေ့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပ ခဲ့ရာ ယခုနှစ်တွင် ဆွမ်းဆန်များ သင်္ကြန်ရေမစိုစေရန် အတွက် (နှစ်ဆန်းတစ်ရက်နေ့) မေ ၁၇ ရက်သို့ ပြောင်း ရွှေ့ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# နွေရာသီ၌ ခရီးသည်လိုက်ပါစီးနင်းမှု လျော့နည်းသော်လည်း ရေယာဉ်လိုင်းများကို ကုန်သွယ်ရေးအတွက် အားထားနေရ



**ဝါးခယ်မ မေ ၁၈**
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မ မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုအသီးသီးသို့ နေ့စဉ် ခုတ်မောင်းပြေးဆွဲလျက်ရှိသော ရေယာဉ်လိုင်းများကို ကျေးရွာအုပ်စုများမှ စီးပွားရေးလုပ်ငန်းရှင်များ၊ မြို့ပေါ်ရှိ စီးပွားရေးလုပ်ငန်းရှင်များကပါ ကုန်သွယ် ရေးအတွက် အဓိကအားထား အသုံးပြုလျက်ရှိကြောင်း သိရသည်။

ဝါးခယ်မမြို့နယ်အတွင်း လမ်းပန်းဆက်သွယ်မှုများ ပိုမိုတိုးတက်ကောင်းမွန်လာမှုကြောင့် ကုန်းလမ်း ဆက်သွယ်ရေးတွင် ကား၊ ဆိုင်ကယ်၊ ဒိန်းဒေါင်းများ ဖြင့်သာ သွားလာမှုများရှိကြောင်း၊ နွေအခါတွင် ရေယာဉ်လိုင်းများ၌ ခရီးသည်စီးနင်းလိုက်ပါမှု လျော့ ကျတတ်ပြီး မြစ်ဝကျွန်းပေါ် ဒေသဖြစ်သည့်အတွက် အချို့ကျေးရွာအုပ်စုများသို့ ရေယာဉ်လိုင်းဖြင့်သာ ဆက်သွယ်သွားလာနိုင်ကြောင်း သိရသည်။

ယခုလိုနွေရာသီတွင် ကျေးရွာများမှ တောင်သူ လယ်သမားများ၏ ဒေသထွက်သီးနှံများ၊ ဒေသထွက် ကုန်များကို တင်ပို့ရောင်းချရာတွင် လည်းကောင်း၊ မြို့ပေါ်ရှိ စီးပွားရေးလုပ်ငန်းရှင်များက အိမ်ဆောက် ပစ္စည်းများ၊ လူသုံးကုန်များ၊ စားသောက်ကုန်ပစ္စည်း များကို ကျေးရွာများသို့ သယ်ယူပို့ဆောင်ရာတွင် လည်းကောင်း အဆိုပါ ရေယာဉ်လိုင်းများကိုအားထား နေရကြောင်း သိရသည်။

“မိုးတွင်းကျရင်တော့ ကိုယ်တိုင်ဈေးတက်ဝယ်တာ မျိုးတို့၊ ဈေးမှာတာတို့နဲ့ ခရီးသည်ကော၊ ကုန်ပစ္စည်း ကောရပါတယ်၊ အခုလိုနွေရာသီကျတော့ တချို့ဆိုရွာ က ဆိုင်ကယ်နဲ့ ဈေးတက်ဝယ်တယ်၊ သူတို့ဝယ်တဲ့ ကုန်ပစ္စည်းတွေ ကျွန်တော်တို့နဲ့ ပြန်ထည့်ပေးတာ မျိုး ရှိတယ်၊ ခရီးသည်လိုက်ပါမှု လျော့သွားတာမျိုးပဲ ရှိတာပါ၊ ကုန်ပစ္စည်းသယ်ယူပို့ဆောင်တာတော့ ရေ ယာဉ်လိုင်းတွေကိုပဲ အသုံးပြုကြတာများပါတယ်” ဟု ရေယာဉ်လုပ်ငန်းလုပ်ကိုင်သူ ဦးထွန်းဝင်းက ပြော သည်။

**လွမ်းသီဟ(ဝါးခယ်မ)**

# ကော့သောင်းမြို့တွင် ဇီဝိတဒါနငါးလွှတ်ပွဲနှင့် သက်ကြီးပူဇော်ကန်တော့ပွဲ အခမ်းအနား ကျင်းပ

**ကော့သောင်း မေ ၁၈**
ကော့သောင်းမြို့ မြန်မာသက္ကရာဇ် ၁၃၈၀ ခုနှစ်၊ နှစ်ဆန်း တစ်ရက် နေ့ ဇီဝိတဒါနငါးလွှတ်ပွဲ အခမ်းအနားကို ကော့သောင်းမြို့ ဘုရင့်နောင် အမှတ်(၂)ဆိပ်ကမ်းတံတား၌ မေ ၁၇ ရက်နံနက် ၇ နာရီက ကျင်းပ သည်။

တက်ရောက်လာကြသော ဧည့်သည်တော်များက ပင်လယ်ရေငန်ငါး များဖြစ်ကြသည့် ကျောက်ငါး၊ ကကတစ်ငါး၊ ကကပေါင်းငါးနှင့် ကဏန်း များကို ဇီဝိတဒါနအဖြစ် ပင်လယ်အတွင်းသို့ ဘေးမဲ့လွှတ်ပေးကြ သည်။

အခမ်းအနားသို့ တိုင်းဒေသကြီး သယံဇာတနှင့်သဘာဝပတ်ဝန်း ကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမြင့်မောင်၊ အမျိုးသားလွှတ်တော်၊ ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ်များနှင့် ကော့သောင်းခရိုင် အုပ်ချုပ်ရေးမှူး ဦးနေဦးနှင့်ဇနီး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ အသင်း အဖွဲ့များမှ တာဝန်ရှိသူများတက်ရောက်ကြသည်။

ဆက်လက်၍ နံနက် ၈ နာရီတွင် မြန်မာနှစ်ဆန်း ၁ ရက်နေ့ ကုသိုလ်ဒါနအဖြစ် သက်ကြီးဘိုးဘွားများ ပူဇော်ကန်တော့ပွဲကို ပြည်တော်အေးသာသနာ့ဗိမာန်တော်၌ ကျင်းပရာ တိုင်းဒေသကြီး သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး၊ အမျိုးသား လွှတ်တော်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ခရိုင်အုပ်ချုပ် ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့နှင့် စေတနာရှင်များက သက်ကြီး ဘိုးဘွား ၁၅၇ ဦးအား အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းကန်တော့ကြသည်။

ထို့နောက် ဘိုးဘွားများကိုယ်စား သက်ကြီးအဘိုးတစ်ဦးက ပြုသမျှ ကုသိုလ်အဖို့ ဆုတောင်းမေတ္တာ ပြန်လည်ပို့သပေးပြီး ပြည်သူ့ကျန်းမာ ရေးဌာနမှ ဝန်ထမ်းများက သက်ကြီးဘိုးဘွားများအား ကျန်းမာရေး စစ်ဆေးပြုစုစောင့်ရှောက်မှု ပြုခဲ့ကြသည်။

ယင်းနောက် ဆရာတော်၊ သံဃာတော်ကြီးများက မြို့အတွင်း မော်တော်ယာဉ်များဖြင့် အန္တရာယ်ကင်းပရိတ်တရားတော်များလှည့်လည် ရွတ်ဖတ်ပူဇော်ကြပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဟံသာဝတီခန်းမ၌ နှစ်သစ်ဦးဆွမ်းအလှူဒါနပြုခဲ့ကြကြောင်း သိရ သည်။

**ကျော်စိုး(ကော့သောင်း)**

# သံတောင်မြို့ ပသိချောင်းတွင် အနယ်နယ်အရပ်ရပ်မှ ရေကစားသူများဖြင့်စည်ကား

**ဘားအံ မေ ၁၈**
ကရင်ပြည်နယ်အတွင်း သင်္ကြန်ကာလတွင် သွား ရောက်လည်ပတ်ရေကစားနိုင်ကြသော သဘာဝ ရေ ပူစမ်းများ၊ ရေတံခွန်များ၊ ဂူဘုရားများ များစွာရှိရာတွင် ဘားအံခရိုင် သံတောင်ကြီးမြို့နယ် သံတောင်မြို့ (၁၃ မိုင်) ရှိ အထင်ကရဖြစ်သော ပသိချောင်းတွင် ၁၃၇၉- ၁၃၈၀ ပြည့်နှစ် မဟာသင်္ကြန်ကာလနှင့် နှစ်ဆန်း ၁ ရက်နေ့မှ နှစ်ဆန်း ၂ ရက်နေ့တိုင်အောင် အနယ်နယ် အရပ်ရပ်ရှိ မိဘပြည်သူများ စိတ်လက်အပန်းဖြေရင်း ရေကစားကြရန် လာရောက်လည်ပတ်ကြသည်မှာ နှစ်စဉ်မပျက် စည်ကားလျက်ရှိသည်။



ပသိချောင်းရှိသည့် သံတောင်မြို့ (၁၃မိုင်) သည် ကရင်ပြည်နယ် ဘားအံခရိုင်အတွင်းရှိသော်လည်း ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် တောင်ငူမြို့မှ အရှေ့ဘက် ၁၃ မိုင်အကွာအဝေးတွင်ရှိပြီး တောင်ငူ၊ ရေတာရှည်၊ အုတ်တွင်း၊ ဖြူး၊ ထန်းတပင်မြို့နှင့် တောင်ငူ အရှေ့ဘက်ကမ်း ကျေးရွာများကနေပြီး နေ့စဉ်သော်လည်းကောင်း၊ အခါကြီးရက်ကြီးနှင့် စနေ၊ တနင်္ဂနွေရုံးပိတ်ရက်များတွင် လည်းကောင်း သွားရောက်လည်ပတ်လေ့ရှိသော်လည်း သင်္ကြန် အတက်နေ့နှင့် နှစ်ဆန်း ၁၊ ၂ရက်နေ့များတွင် လာရောက်သူ ပိုမိုများပြားကြောင်းသိရသည်။

အဆိုပါ ပသိချောင်းသည် မြို့လယ်ကောင်အား ဖြတ်စီးသွားသော တောင်ကျစိမ့်စမ်းရေများ ပေါင်းစုံ ရာမှ ဖြစ်ပေါ်လာသည့် တောင်ကျချောင်းတစ်ခုဖြစ်ပြီး ဒေသအတွင်း သောက်သုံးရေနှင့် စိုက်ရေးပျိုးရေး အတွက် များစွာအကျိုးပြုသည့်အပြင် ပသိချောင်း တွင် လာရောက်လည်ပတ်သူများအား အမှီပြုပြီး ဒေသခံများအနေဖြင့် အဝင်လမ်းများနှင့် ချောင်းနှင့် နီးစပ်ရာဥယျာဉ်ခြံ များတွင် ထမင်းဟင်း၊ အကြော် အလှော်၊ မုန့်ပဲ သရေစာ၊ ကွမ်း၊ ရိုးရာခေါင်ရည် ဘူးစသည်ဖြင့် ဈေး ဆိုင်တန်းများ ရောင်းချကြသည် မှာလည်း စည်ကားလှကြောင်း သိရသည်။

သင်္ကြန်အတက်နေ့လာကြသူများမှာ သင်္ကြန် ရေပက်ခံပြီး ပသိချောင်းရှိရာတောင်ပေါ်သို့ ဆက် လက်တက်ရောက်ကာ ရေကစားရန်လာကြပြီး နှစ်ဆန်း ၁ ရက်နေ့တွင် အများဆုံးလာရောက် ရေကစားကြ သူများမှာ ချောင်းအပြည့်ရှိရာ ချောင်းအတွင်း သဲ အောက်ခံပေါ်တွင် ကျောက်တုံးကြီးငယ်များနှင့် အမြဲတမ်းအေး လျက်ရှိသော စီးဆင်းနေသည့် ရေများတွင် ရေစိမ်ခြင်း၊ တစ်ဦးနှင့်တစ်ဦး အပြန် အလှန် ရေပက်ဆော့ကစားခြင်းဖြင့် စည်ကား လျက်ရှိကြောင်း သိရသည်။ **နေမျိုးလွင်(ပြန်/ဆက်)**

# ကေတုမတီဘိုးဘွားရိပ်သာရှိ အဘိုးအဘွားများအား ခေါင်းလျှော်ကုသိုလ်ပြုပူဇော်ကန်တော့

**တောင်ငူ မေ ၁၈**
မြန်မာနှစ်ဆန်း ၁ ရက်နေ့ နံနက်ပိုင်းက တောင်ငူမြို့ ကေတုမတီဘိုးဘွား ရိပ်သာရှိ အဘိုး အဘွား ၃၇ ဦးတို့အား လက်သည်း၊ ခြေသည်းညှပ် ပေးခြင်း၊ ခေါင်းလျှော်ပေးခြင်း၊ အလှူငွေနှင့်ဆေးဝါးများလှူဒါန်းခြင်း ကုသိုလ်ပြုပွဲကို ကျင်းပရာ တောင်ငူခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးမိုး က မုဒိတာစကားပြောကြားသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ လှူဒါန်းငွေကျပ် ကိုးသိန်း၊ အလှူရှင်များလှူဒါန်းသည့် ငွေနှင့်ဆေးဝါးပစ္စည်းများအား အဘိုးအဘွားများထံ ပေးအပ်လှူဒါန်း ပူဇော်ကန်တော့ကြသည်။

အခမ်းအနားသို့ ခရိုင်အဆင့်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကြက် ခြေနီတပ်ဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ဘိုးဘွားရိပ်သာ အကျိုး ဆောင်ကြီးကြပ်ရေးကော်မတီဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရ သည်။

# လွယ်ဝန်းကျောက်နံရံပန်းချီရှိရာသို့

မာန်သစ်ငြိမ်း(ရှေးဟောင်းသုတေသန)



၂၀၁၈ ခုနှစ် မတ်လ၏ နံနက်ခင်းတွင် တောရိပ်တောင်ရိပ်တို့၏ အလှကိုခံစားရင်း အငှားကားစီးကာ ရှမ်းပြည်နယ် တောင်ပိုင်း တောင်ကြီးမြို့မှ ပင်လောင်းမြို့နယ်ရှိ လွယ်ဝန်းကျောက်နံရံပန်းချီရှိရာသို့ အရှေ့တောင်အာရှ ကျောက်နံရံပန်းချီပညာရှင် Dr.Noel Hidalgo Tan, Senior Specialist in Archaeology, SEAMEO regional centre for archaeology and fine arts(SEAMEO SPAFA) နှင့်အတူ ကွင်းဆင်းသုတေသနလုပ်ငန်းဆောင်ရွက်ရန် တောင်ကြီးမြို့မှ တစ်ဆင့် အေးသာယာမြို့သစ်ကိုဖြတ်၍ မိုင်းသောက်ကျေးရွာအုပ်စု ဟိုတယ်ဇုန်သို့ ထွက်ခွာခဲ့ကြသည်။ ထိုမှတစ်ဆင့် ညောင်ရွှေ-ပင်လောင်းလမ်း ၄၆ မိုင်ရှိသော အင်းလေးကန်အနောက်ဘက်ခြမ်း ကားလမ်းအတိုင်း လွယ်ဝန်းကျေးရွာသို့ ထွက်ခွာခဲ့ကြသည်။

ကားလမ်းသည် တောင်ကိုဖြတ်၍ ဖောက်လုပ်ထားကာ အကွေ့အကောက်များနှင့် ကျဉ်းမြောင်းလှသည်။ သို့သော်လည်း တောတောင်တို့၏အလှကား ရှုမငြီးဖွယ်။ ကားပေါ်မှထိုင်၍ ကြည့်ရသည်ကိုပင် အားမလိုအားမရဖြစ်မိသည်။ Dr.Noel Hidalgo Tan တစ်ယောက်မှာ လက်ကိုင်ဖုန်းတစ်လုံးဖြင့် ဓာတ်ပုံ မှတ်တမ်းတင်မဆုံးပေ။ မော်တော်ကား လေးနာရီခန့်ကြာအောင် စီးပြီးနောက် ပင်လောင်းမြို့နှင့် ညောင်ရွှေမြို့သို့ သွားရောက်သော လမ်းဆုံသို့ ရောက်ရှိခဲ့သည်။ ပင်လောင်းမြို့မှတစ်ဆင့် လေးမိုင်ခန့် သွားရောက်ခဲ့ပြီးနောက် လွယ်ဝန်းကျေးရွာသို့ ရောက်ရှိခဲ့သည်။

### လွယ်ဝန်းကျောက်နံရံပန်းချီ

လွယ်ဝန်းကျောက်နံရံပန်းချီ တည်ရှိရာ ကျောက်နံရံအမိုးကြီးသည် လွယ်ဝန်းရွာမှ တောင်ဘက်သို့ တစ်မိုင်ကျော်ဝန်းကျင်ခန့်အကွာ ခြေကျင်တောင်တက်လူသွားလမ်းအတိုင်းသွားပါက ရောက်ရှိနိုင်ပေသည်။ ကျောက်နံရံပန်းချီရှိရာနေရာ ကျောက်ကမ်းပါးယံကြီးသည် GPS Location point & N-19. 53.668' နှင့် E-096. 55.376' တွင် တည်ရှိပေသည်။ ကွင်းဆင်းဒေသသည် ရှမ်းပြည်နယ်ဒေသများဖြစ်သဖြင့် တောင်စဉ်တောင်တန်းများဖြင့် ဖုံးလွှမ်းထားပြီး ပင်လယ်ရေမျက်နှာပြင်အမြင့် ပေ ၂၉၀၀ ကျော်တွင် တည်ရှိပေသည်။ ကွင်းဆင်းဒေသသည် ရှမ်းပြည်နယ်ဒေသများဖြစ်သဖြင့် တောင်စဉ်တောင်တန်းများသည် ကွင်းဆင်းဒေသ၏ အနောက်တောင်ဘက်ခြမ်းတွင် ပိုမိုများပြားပြီး အရှေ့ဘက်နှင့် တောင်ဘက်တွင် စကွယ်လွင်ပြင်၊ မိုးဖြိုလွင်ပြင်နှင့် လှိုင်ကော်လွင်ပြင်တို့ တည်ရှိပေသည်။ ယင်းလွင်ပြင်တို့ကို ဖြတ်သန်းလျက် အင်းလေးကန်ကြီး၏ ရေထွက်ပေါက်ဖြစ်သော ဘီလူးချောင်းသည် မြောက်မှတောင်သို့ စီးဆင်းနေသည်။ စကွယ်လွင်ပြင်နှင့် မိုးဖြိုလွင်ပြင်တစ်ဝက်မှာ ယခုအခါ မိုးဖြိုဆည်တည်ဆောက်ထားမှုကြောင့် ရေလွှမ်းလွင်ပြင်များအဖြစ် တည်ရှိပေသည်။ လွင်ပြင်နှင့်မြေပြန့်ကျယ်များတွင် ဆန်စပါး၊ ပဲပုပ်၊ မြေပဲ၊ ပြောင်းစသော သီးနှံများစိုက်ပျိုးကြသည်။ လွင်ပြင်၏အနောက်ဘက်ခြမ်း တောင်စဉ်တောင်တန်းဒေသတို့တွင် လှေကားထစ်စိုက်ပျိုးမှုဖြင့် စိုက်ပျိုးလျက်ရှိကြသည်။ ဒေသတွင်းနေထိုင်ကြသော တိုင်းရင်းသားအများစုမှာ ကယန်း(ပဒေါင်)နှင့် ပအိုဝ်းတိုင်းရင်းသားများဖြစ်ကြသည်။

### လေးကိုင်းကွေးပုံစံ

ကျောက်နံရံအမိုးကြီးတည်ရှိရာ ထန်းတင်းတောင်ကြောတစ်လျှောက်တွင် မတ်စောက်သော ကျောက်ကမ်းပါးယံပြင်ကြီး များစွာဖြစ်ထွန်းနေပြီး သဘာဝတိုက်စားမှုကြောင့် တောင်ထွတ်၊ တောင်ထိပ်များသည် မညီမညာ လှသွားပြင်ကဲ့သို့ ဖြစ်နေသည်။ ကျောက်နံရံပန်းချီတည်ရှိရာ ထန်းတင်းတောင်မှာ ထုံးကျောက်တောင်ဖြစ်ပြီး လွန်ခဲ့သောနှစ်သန်း ၂၅၀ ခန့် ဘူမိဗေဒသက်တမ်းအားဖြင့် Lower Permian Period အချိန်ကဖြစ်ထွန်းခဲ့သော ကုန်းပြင်မြင့် ထုံးကျောက်လွှာစုတွင် ပါဝင်ပေသည်။ ထန်းတင်းတောင်တန်းမှာ မြေပြင်မှပျမ်းမျှအမြင့်ပေ ၆၀၀ ခန့်ဖြစ်ပြီး ကျောက်နံရံပန်းချီတည်ရှိရာ ကျောက်ကမ်းပါးယံကြီးသည် တောင်ကြော၏ အလယ်ခါးပန်း မြေပြင်မှအမြင့်ပေ ၃၀၀ တွင် ဖြစ်ပေါ်နေသည်။ ကျောက်ကမ်းပါးယံသည် ၉၀ ဒီဂရီ တည့်တည့် မတ်စောက်သော အနေအထားမျိုးမဟုတ်ဘဲ အမြင့် ၁၀ ပေခန့်မှစ၍ အရှေ့ဘက်သို့ ၄၂ ဒီဂရီခန့် ကွေးညွှတ်နေပြီး လေးကိုင်းကွေးပုံစံဖြစ်ပေါ်နေသည်။ ကမ်းပါးယံ၏ အလျားမှာ မီတာ ၄၀ ခန့်ရှိပြီး အမြင့်မှာ ၂၂ မီတာခန့် ရှိပေသည်။ ကမ်းပါးယံ၏အနေအထားမှာ မြောက်မှအနောက်သို့ ငါးဒီဂရီခန့် ဦးတည်နေသဖြင့် တောင်မြောက်နီးပါး တန်းလျက်ရှိသည်ဟု ဆိုနိုင်ပေသည်။

အရှေ့ဘက်သို့ငိုက်ပြီး အမိုးပုံစံဖြစ်နေသော ကျောက်လွှာ၏ အလျားမှာ ၂၃ ပေခန့် ဖြစ်သည်။ ကျောက်နံရံ၏ အမိုးစွန်းများသည် ယခင်က ယခုထက်ပင်မြင့်မားနိုင်ပေသည်။ ယခုကွင်းဆင်းလေ့လာမှုအရ အမိုးစွန်းမှအောက်သို့ ပြုတ်ကျစုပုံနေသော ထုံးကျောက်လွှာကြီးပြင်ကြီးက သက်သေခံလျက်ရှိသည်။ ကျောက်နံရံပန်းချီရှိရာ ဘယ်ဘက်ခြမ်းတွင်လည်း ထုံးကျောက်သားကြီးသည် အတွင်းဘက်သို့ ပွတ်ဆွဲခွက်ဝင်သွားသည်ကို တွေ့ရှိရသည်။ မတ်စောက်သော ကျောက်ကမ်းပါးယံကြီးများ ဖြစ်ပေါ်လာခြင်းသည် တောင်မြောက်ရွေ့လျားဖြစ်ပေါ်ခဲ့သော တက်တိုးနစ်ကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်နိုင်ပေသည်။

ကျောက်နံရံပန်းချီပုံများကို ၁၇၃ ပေရှည်လျားသည့် ကျောက်နံရံပြင်၏ အလယ်နေရာခန့်တွင် အမြင့်ဆုံးရုပ်ပုံကို အောက်ခြေမှ ၁၄ ပေ၊ လေးလက်မတွင်လည်းကောင်း၊ အနိမ့်ဆုံးပုံကို အောက်ခြေမှ ငါးပေ၊ ရှစ်လက်မအမြင့်တွင် တည်ရှိ၍ ပုံများသည် အထက်မှအောက်သို့ တန်းလျက် စုစုပေါင်း ၂၀ ကျော်ခန့် ရေးဆွဲထားသည့်အပြင် အခြားပုံသေးများသည်လည်း နံရံတွင် လက်ဆော့၍ ရေးခြစ်ထားသော ပုံများ၊ စာများ၊ အောက်တွင်လည်း ရှိနေသေးကြောင်း တွေ့ရှိရသည်။ ပီပြင်သောပုံများမှာ ပုံ ၂၀ ကျော်ခန့်ရှိသော်လည်း ထိုထက်များပြားစွာရှိနိုင်ပေသေးသည်။

အလယ်ကျောက်နံရံပန်းချီပုံများ၏ မြောက်ဘက်ကိုးပေအကွာတွင်လည်းကောင်း၊ တောင်ဘက် ၃၅ ပေအကွာတွင်လည်းကောင်း ပန်းချီပုံများကို ထပ်မံတွေ့ရှိရသည်။ အမြင့်ဆုံးတန်းမှပုံတို့သည် ၁၄ ပေ၊ လေးလက်မအမြင့်တွင် သုံးပုံ၊ ၁၁ပေ၊ လေးလက်မအမြင့်တွင် ခုနစ်ပုံကိုလည်းကောင်း၊ ၁၀ ပေ၊ သုံးလက်မအမြင့်တွင် နှစ်ပုံ၊ ခြောက်ပေ၊ ၁၀ လက်မ အမြင့်တွင်နှစ်ပုံ၊ ခြောက်ပေ၊ သုံးလက်မအမြင့်တွင် တစ်ပုံ၊ ရှစ်ပေခန့် အမြင့်တွင် တစ်ပုံ၊ လေးပေခန့် အမြင့်တွင် နှစ်ပုံ စသည်ဖြင့် တွေ့ရှိရသော်လည်း အခြားပုံများသည် ထုံးရည်ကြည် အလွှာပါးများ ဖုံးအုပ်နေသည်ကို တွေ့ရှိရသည်။ ရေးဆွဲထားသောပုံများမှာ ဖုံးအုပ်နေခြင်းသည် နှစ်ပရိစ္ဆေဒ ကြာမြင့်နေပြီဆိုသည့် အထောက်အထားကောင်း တစ်ခုပင်ဖြစ်သည်။

### နှစ်အပိုင်းအခြား တွက်ချက်နိုင်

ကျောက်နံရံပန်းချီပုံများကို လေ့လာကြည့်မိသောအခါ တိရစ္ဆာန်ပေါ်တွင် လူမတ်တတ်ရပ်လျက် စီးနေသောပုံများသာဖြစ်ကြသည်။ စီးနေသော သတ္တဝါပုံကို လေ့လာရာတွင် အလျားအားဖြင့် သွယ်သွယ်လျလျရှိပြီး ခြေလေးချောင်း၏ နောက်တွင် ထူထဲ၍ ဖွားကျနေသော အမြီးရှည်ခြင်းတို့ကြောင့် မြင်း(သို့မဟုတ်) မြင်းနှင့်အလားတူ သတ္တဝါဖြစ်သည်ဟု ယူဆရပေသည်။ အချို့ပုံများသည် နွားဟုထင်ရသော သတ္တဝါများဖြစ်နိုင်ပေသည်။ လက်နှစ်ဖက်ကိုကားလျက် စီးနေသောပုံများသည် မြင်းဖြစ်နိုင်ပြီး နှင်တံကိုကိုင်ထားသည်ဟု ထင်ရသည်။ လူခါးထောက်လျက် မတ်တတ်ရပ်စီးနေသော သတ္တဝါတွင် နောက်သို့ကောက်နေသော ဦးချိုပါရှိခြင်းကြောင့် ကျွဲဟုယူဆရပေသည်။ ကျောက်ကွင်းဟု ယူဆရသော လက်နက်ကိုင်ထားသည့် လူပုံ၊ ပုဆိန်ကဲ့သို့ လက်နက်ကိုင်ထားသည့် လူပုံတို့ကိုလည်း တွေ့ရသည်။ ထို့ပြင်ဆင်ပုံကိုလည်းကောင်း၊ မြင်း (သို့မဟုတ်) နွား၏ရှေ့တွင် လေးထောင့်ကွက်ပုံစံ ပန်းချီပုံကို တွေ့ရသဖြင့် ခြံခတ်မွေးမြူခြင်း (သို့မဟုတ်) ထောင်ချောက်ဆင်ဖမ်းဆီးထားခြင်း၊ ချည်နှောင်ထားခြင်း ဖြစ်မည်ဟု ယူဆရပေသည်။ ပုံတိုင်းတွင် လူစီးနေသော သတ္တဝါ၌ ဇက်ကြိုး (သို့မဟုတ်) အထိန်းကြိုး ရေးဆွဲထားခြင်း မရှိသည်ကပင် နှောင်းပိုင်းခေတ်လက်ရာ မဟုတ်ကြောင်း သက်သေခံလျက်ရှိနေပေသည်။

ထိုကျောက်နံရံပန်းချီပေါ်တွင်ရှိသော ရေးခြစ်ထားသည့်ပုံနှင့်စာများကိုလည်း ပစ်ပယ်ထား၍မရနိုင်ပေ။ အဘယ်ကြောင့်ဆိုသော် ထိုကျောက်နံရံပန်းချီရှိသောနေရာသို့ လာရောက်ခဲ့ဖူးကြသောလူများ၏ သတင်းအချက်အလက်များကို သိရှိနိုင်ပေသည်။ နံရံပေါ်တွင် ရေးခြစ်ထားသော စာများမှာ ပအိုဝ်းစာများဖြစ်သော်လည်း တချို့စာများသည် မြန်မာသက္ကရာဇ်များကို ထင်ရှားစွာဖတ်ယူနိုင်သည့်အတွက် နှစ်အပိုင်းအခြားကို တွက်ချက်နိုင်ခဲ့သည်။ ကျောက်နံရံပန်းချီတွေ့ရှိချက်များအပေါ် Dr. Noel Hidalgo Tan ၏ သုံးသပ်မှုမှာ မြင်းစီးနေသောလူပုံဟုယူဆပါက သံခေတ်ကာလသို့ရောက်ရှိနေပြီဖြစ်ပြီး ယခုတွေ့ရှိသမျှပုံများသည် ကျောက်ခေတ်သစ်ကာလနှောင်းပိုင်း၊ ကြေးခေတ်၊ သံခေတ်ကာလများမှ ပုံများလည်း ပါဝင်နိုင်ကြောင်း သိရသည်။ ကျွဲပုံ၊ နွားပုံများကိုတွေ့ရှိရသဖြင့် တိရစ္ဆာန်မွေးမြူခြင်းကိုလုပ်ဆောင်နေကြပြီး ကျွမ်းကျင်ပိုင်နိုင်စွာထိန်းသိမ်း စောင့်ရှောက်တတ်နေပြီဖြစ်သည်။ ဆင်ပုံတို့ကိုလည်း တွေ့ရှိရသဖြင့် ၎င်းတို့နေထိုင်ကျက်စားခဲ့ရာ အတိတ်ပတ်ဝန်းကျင်မှ မြင်သမျှပုံများကိုလည်း ရေးဆွဲထားခဲ့ကြသည်။

လွယ်ဝန်းကျောက်နံရံအမိုးနေရာသည် အရှေ့ဘက်သို့လှည့်နေပြီး အပေါ်မှမိုးထားသော အမိုးပြင်ရှည်လျားမှုကြောင့် မိုးရေဒဏ်ခံနိုင်ခြင်း၊ လေဝင်လေထွက်ကောင်းခြင်း၊ နေရောင်ခြည်ကောင်းစွာရရှိခြင်း၊ စွတ်စိုထိုင်းမှိုင်းမှုမရှိခြင်းစသည့် အခြေအနေကောင်းများရှိနေသေးသော်လည်း အခြေတကျနေထိုင်ခဲ့သည့် နေရာဒေသတို့ မဟုတ်တန်ချေ။ သို့သော်လည်း ရေးဆွဲထားသောပုံတို့ကို ခန့်မှန်းပြောဆိုခြင်းထက် တူးဖော်ရေးလုပ်ငန်းပြုလုပ်နိုင်ခြင်းကသာ တိကျ သေချာသော အတိတ်ကာလခေတ်အချိန်ကို ပြောဆိုနိုင်ပေလိမ့်မည်ဖြစ်သည်။

### ကမ္ဘာတွင် ထင်ရှား

မြန်မာနိုင်ငံတွင်သာမက ကမ္ဘာတွင်ထင်ရှားသော ပြဒါးလင်းဂူနံရံပန်းချီနှင့် နှိုင်းယှဉ်လေ့လာပါကလည်း ပြဒါးလင်းဂူတွင် ကိုးကွယ်ယုံကြည်မှုဆိုင်ရာ နေပုံ၊ လက်ဝါးပုံ၊ တောင်ပုံတို့ကိုတွေ့ရှိရပြီး အမဲလိုက်ခြင်းအဆင့်ကို ဖော်ညွှန်းနေသည့် ပြောင်၊ နွား၊ ဥမင်၊ ဆင်နှင့် ငါးပုံတို့ကို တစ်ခုစီရေးဆွဲထားပေသည်။ ယခုလွယ်ဝန်းကျောက်နံရံပန်းချီတွင်မူ ကိုးကွယ်မှုကို ဖော်ညွှန်းနေသည့်ပုံများ ပါဝင်ခြင်းမရှိဘဲ အမဲလိုက်ခြင်းအဆင့်ထက်သာလွန်၍ တိရစ္ဆာန်ပေါ်တွင် လူတက်စီးနေသောပုံများသာ ဖြစ်သည့်အတွက် တိရစ္ဆာန်များကို ယဉ်ပါးအောင် မွေးမြူခိုင်းစေတတ်သော အဆင့်တိုင်အောင် တိုးတက်နေပြီဖြစ်သည်။ ယဉ်ကျေးမှုအဆင့်လည်း ပိုမိုတိုးတက်မြင့်မားနေပြီဖြစ်ကြောင်း လေ့လာတွေ့ရှိနိုင်သည်။ မြခနောက် (ခေါ်)ကမ်းပါးနီမှ ကျောက်နံရံပန်းချီပုံနှင့် နှိုင်းယှဉ်ပါကလည်း ယခုလွယ်ဝန်းတွင် တွေ့ရှိရသောပုံများနှင့် သက်တမ်းအားဖြင့် အနည်းငယ်တူညီမှုရှိနိုင်ပေသည်။

Dr. Noel Hidalgo Tan နှင့် စာရေးသူတို့ ကျောက်နံရံပန်းချီရှိရာ မြန်မာနိုင်ငံရှိနေရာဒေသများသို့ သွားရောက် ကွင်းဆင်းလေ့လာခဲ့သည်မှာ လွယ်ဝန်းကျောက်နံရံပန်းချီရှိရာသို့ ကွင်းဆင်းလေ့လာမှုလုပ်ငန်းပူးတွဲလုပ်ဆောင်ခဲ့သည်မှာ သုံးကြိမ်မြောက်ထိရှိခဲ့ပြီး မြန်မာနိုင်ငံ တွင် လစ်လပ်လျက်ရှိသော ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်ကာလများမှ အတိတ်ကာလ လူသားတို့၏ အနုပညာရသမြောက်သောလက်ရာများအဖြစ် ပြန်လည်ထင်ဟပ်ပေါ်လွင်စေခဲ့ပါတော့သည်။

> လွယ်ဝန်းကျောက်နံရံပန်းချီတွင်မူ ကိုးကွယ်မှုကို ဖော်ညွှန်းနေသည့်ပုံများ ပါဝင်ခြင်းမရှိဘဲ အမဲလိုက်ခြင်း အဆင့်ထက်သာလွန်၍ တိရစ္ဆာန်ပေါ်တွင် လူတက်စီးနေသောပုံများသာ ဖြစ်သည့်အတွက် တိရစ္ဆာန်များကို ယဉ်ပါးအောင် မွေးမြူခိုင်းစေတတ်သော အဆင့်တိုင်အောင် တိုးတက်နေပြီဖြစ် . . .

# လက်ကမ်းလို့ကြို နှုတ်ချိုချို

အေးသန်း(စိန်တုံးကြီး)



နွေအပူ၊ လေပူပူဒဏ်ကို ကြံ့ကြံ့ခံရင်း စိတ်ရောကိုယ်ပါ မောပန်းခဲ့ရသည့် ဒုတိယအကြိမ်မြောက် သတင်းနှင့်စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်း သက်ကြီးပူဇော်ပွဲနှင့် မိတ်ဆုံတွေ့ဆုံပွဲ အခမ်းအနားကြီးက မတ် ၂၅ ရက် မွန်းလွဲပိုင်းတွင် အောင်မြင်စွာ ပြီးဆုံးခဲ့ပါပြီ။

ဤသို့သော သတင်းနှင့်စာနယ်ဇင်း ဝန်ထမ်းဟောင်းများအသင်း ဒုတိယအကြိမ် သက်ကြီးပူဇော်ပွဲနှင့် မိတ်ဆုံတွေ့ဆုံပွဲကြီးတစ်ခု ကျင်းပနိုင်ရန် သတင်းနှင့်စာနယ်ဇင်း ဝန်ထမ်းဟောင်း မဟုတ်သော်လည်း ဇွဲ၊ လုံ့လ၊ ဝီရိယကြိုးစားအားထုတ်မှုဖြင့် သတင်းစာကိုယ်စားလှယ်ဘဝ ရောက်ရှိလာခဲ့သော ဦးကျော်ညွန့်ရည်နှင့် ဒေါ်ဝါဝါကျော် (ကျော်ညွန့်ရည်စာပေ)၏ မတည်လှူဒါန်းငွေ ကျပ်သိန်း ၂၀၊ အသင်းအမှုဆောင်များ ထည့်ဝင်လှူဒါန်းသည့်ငွေနှင့် အခြားစေတနာရှင်၊ အလှူရှင်များထည့်ဝင်လှူဒါန်းသည့် အလှူငွေများ၊ ငွေမလှူနိုင်သော်လည်း လုပ်အားဒါနဖြင့် စေတနာပါပါ ကူညီဆောင်ရွက်ခဲ့ကြသောအသင်းဝင် အငြိမ်းစားဝန်ထမ်းဟောင်းများ၊ လက်ရှိတာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ၏ စေတနာ၊ လုပ်အားဒါနများစုပေါင်းညီညာ ဆောင်ရွက်ခဲ့ခြင်းကြောင့်သာ သက်ကြီးပူဇော်ပွဲနှင့် မိတ်ဆုံတွေ့ဆုံပွဲကြီးက အခက်အခဲမရှိ ပျော်ပျော်ရွှင်ရွှင်ဖြင့် အောင်မြင်စွာ ပြီးဆုံးခဲ့ခြင်းပင်ဖြစ်ပါသည်။

**ကျေးဇူးတင်မဆုံး၊ ဂုဏ်ယူမဆုံး**

သတင်းနှင့် စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်း သက်ကြီးပူဇော်ပွဲနှင့် မိတ်ဆုံတွေ့ဆုံပွဲပြုလုပ်ခဲ့သည်မှာ ယခု အကြိမ်နှင့်ဆိုလျှင် နှစ်ကြိမ်ရှိခဲ့ပါပြီ။ ပထမအကြိမ်အနေဖြင့် ၂၀၁၆ ခုနှစ် မတ် ၂၆ ရက်က ပုဇွန်တောင်မြို့နယ် အနော်ရထာလမ်းနှင့် ဗိုလ်တထောင်ဘုရားလမ်းထောင့်ရှိ မြသိန်းတန်ကျောင်းတိုက်တွင် ကျင်းပခဲ့ခြင်းဖြစ်သည်။

မိမိတို့အသင်းအပေါ် နှစ်စဉ် စဉ်ဆက်မပြတ် စေတနာထက်သန်စွာဖြင့် သဒ္ဓါကြည်ဖြူကာငွေလှူဒါန်းခဲ့သော ဦးကျော်ညွန့်ရည်နှင့် ဒေါ်ဝါဝါကျော် (ကျော်ညွန့်ရည် စာပေ)ဇနီးမောင်နှံတို့ကိုလည်း အသင်းကြီး၏ကိုယ်စား၊ အသင်းဝင်ဝန်ထမ်းဟောင်းများ၏ကိုယ်စား ကျေးဇူးတင်မဆုံး၊ ဂုဏ်ယူမဆုံးဖြစ်ခဲ့ရပါသည်။

သတင်းနှင့် စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်းကြီးကို ၂၀၁၅ ခုနှစ် မေ ၁ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပြီး အမှုဆောင် ၁၃ ဦးတို့ဖြင့် စတင် စည်းရုံးလှုပ်ရှားဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ အသင်းကြီးစတင်ဖွဲ့စည်းစဉ်ကပင် မည်သူတစ်ဦးတစ်ယောက်ကမျှ တိုက်တွန်း၍မဟုတ်ဘဲ ကြေးမုံသတင်းစာတိုက်တွင် လက်ရှိတာဝန်ထမ်းဆောင်နေသော စာတည်းမှူးချုပ် ဦးခင်မောင်ကျော်ဒင်၏ အကြံပြုချက်နှင့် ကြေးမုံသတင်းစာတိုက်မှ စာတည်းမှူးချုပ်(ငြိမ်း) ဦးမြင့်ဆွေ၊ မန်နေဂျာ(ငြိမ်း) ဦးဇော်ဝင်းတို့၏ ဖြူစင်မြင့်မြတ်သော စေတနာ၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာစိတ်တို့၏ လှုံ့ဆော်မှုများကြောင့် ဤအသင်းကြီးကို ပူးပေါင်းဆောင်ရွက်လာခဲ့ခြင်းဖြစ်ပေသည်။

**အသင်းကြီးရေရှည်တည်တံ့**

သတင်းနှင့်စာနယ်ဇင်း ဝန်ထမ်းဟောင်းများအသင်းကြီး စတင်ဖွဲ့စည်းစဉ်ကတည်းကပင် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ မတည်ထည့်ဝင်ပေးထားသည့် ငွေကျပ် သိန်းသုံးဆယ်နှင့် အသင်းအမှုဆောင် ၁၃ ဦးတို့၏ အလှူဒါန ထည့်ဝင်ငွေများဖြင့်စတင်ကာ မြန်မာ့စီးပွားရေးဘဏ် ငွေစုဘဏ်ခွဲ (၃)တွင် ငွေစုစာအုပ်ဖွင့်လှစ်ကာ စတင်စုဆောင်းထားရှိခဲ့ပြီး နောက်ပိုင်းတွင်လည်း အသင်းဝင်၊ အသင်းသားများထံမှရရှိသော အသင်းဝင်ကြေး၊ နှစ်စဉ်ကြေးများကိုလည်း ငွေစုစာအုပ်တွင် ထည့်သွင်းကာ စုဆောင်းထားရှိခြင်းကြောင့် နှစ်စဉ်အတိုးမှန်မှန် ရရှိခဲ့ပါသည်။ ရရှိလာသော အတိုးငွေများဖြင့်ပင် မိမိတို့အသင်းဝင်များ၏ သာရေး၊ နာရေး၊ လူမှုရေးများအတွက် ထောက်ပံ့လှူဒါန်းလျက်ရှိပါသည်။

အသင်းကြီးသို့ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ အငြိမ်းစားယူခဲ့သော ဝန်ထမ်းဟောင်းများသာမကယခင် သတင်းနှင့် စာနယ်ဇင်းကော်ပိုရေးရှင်းမှ အငြိမ်းစားယူခဲ့သော ဝန်ထမ်းဟောင်းများပါ မည်သူမဆို အသင်းဝင်ခွင့် လျှောက်ထားနိုင်ရန် လမ်းဖွင့်ပေးထားပါသည်။ အသင်းဝင်လိုသူများအနေဖြင့်လည်း သက်ဆိုင်ရာသတင်းစာတိုက်များရှိ ပင်စင်ဌာနတွင် အသင်းဝင်ခွင့်ပုံစံများကို အခမဲ့တောင်းယူ၍ အသင်းဝင်ခွင့်ရရှိရေး စီစဉ်ဆောင်ရွက်ထားရှိပေးပါသည်။

အသင်းဝင်လိုသူများအနေဖြင့် ဓာတ်ပုံနှစ်ပုံ၊ မှတ်ပုံတင်မိတ္တူတစ်စောင်၊ အိမ်ထောင်စုစာရင်း (သန်းခေါင်စာရင်း) မိတ္တူတစ်စောင်တို့ဖြင့် လျှောက်ထားကြရမည်ဖြစ်ပြီး ကနဦးအသင်းဝင်ကြေးအဖြစ် ငွေကျပ် ၃၀၀၀ နှင့် နှစ်စဉ်ကြေး ငွေကျပ် ၅၀၀၀ စုစုပေါင်း ငွေကျပ် ၈၀၀၀ ပေးသွင်း ကြရမည်ဖြစ်ပါသည်။ ဝင်ကြေးနှင့်နှစ်စဉ်ကြေးမပေးလိုသူများအနေဖြင့် ရာသက်ပန်အသင်းဝင်ကြေးငွေကျပ် ၃၅၀၀၀ ကို တစ်ကြိမ်တည်း ပေးသွင်းကာ ရာသက်ပန်အသင်းသားအဖြစ် လျှောက်ထားနိုင်ကြမည်ဖြစ်ပါသည်။ အသင်းဝင်ပြီးသူများအနေဖြင့် နှစ်စဉ်ကြေးများကို နှစ်စဉ် ဒီဇင်ဘာ ၃၁ ရက်နေ့ နောက်ဆုံးထားပြီး သက်ဆိုင်ရာပင်စင်ဌာနများတွင် ပေးသွင်းကြရမည်ဖြစ်ပါသည်။

သတင်းနှင့် စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်းသို့ ဝင်ခွင့်ရရှိထားသော အသင်းဝင်များအနေဖြင့် အသင်းဝင် ကတ်ပြားများကို ရရှိကြမည်ဖြစ်ပြီး အသင်းဝင်များ၊ နာတာရှည် မကျန်းမမာဖြစ်၍ဆေးကုသခံနေရသည့်အခါများတွင် လည်းကောင်း၊ အသင်းသားများအကြောင်းအမျိုးမျိုးကြောင့် ကွယ်လွန်သွားသည့်အခါများတွင်လည်းကောင်း ကျန်ရစ်သူမိသားစုများသို့ အသင်းမှသတ်မှတ်ထားသော ကူညီထောက်ပံ့ငွေများ ရရှိခံစားကြရမည်ဖြစ်သည်။ ဤသို့သော အကျိုးခံစားခွင့်များရှိနေသဖြင့် အသင်းကြီးသို့ အငြိမ်းစားဝန်ထမ်းဟောင်းများအားလုံး တက်ညီ၊ လက်ညီ ပါဝင်ကာ အသင်းကြီးရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ပူးပေါင်းဆောင်ရွက်ကြစေလိုသည်မှာ စာရေးသူ၏ စိတ်ရင်းစေတနာအမှန်ပင်ဖြစ်ပါတော့သည်။

**ဘဝတူလက်တွဲဖော်**

သတင်းနှင့် စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်းသည် တစ်မိုးတစ်ယံအောက်တွင် တစ်ချိန်က အတူလက်တွဲ တာဝန်ထမ်းဆောင်ခဲ့ကြသော အငြိမ်းစားဝန်ထမ်းဟောင်းများ ပူးပေါင်းပြီး ဝန်ထမ်းဟောင်းများအားလုံး၏ အကျိုးကို ရှေးရှုကာ ပရဟိတစစ်စစ်ဖြင့် ကူညီပံ့ပိုးစေလိုသော အသိစိတ်ဖြင့် ဖွဲ့စည်းထားသောအသင်းကြီး ဖြစ်ပေသည်။ အငြိမ်းစားယူခဲ့သော အငြိမ်းစားဝန်ထမ်း ၈၃၂ ဦးရှိနေသော်လည်း ယနေ့အထိ အသင်းဝင်အငြိမ်းစားဝန်ထမ်းဟောင်း ဦးရေ ၁၈၀ သာ ရှိနေသဖြင့် အသင်းဝင်ဦးရေနည်းနေသည်ကို တွေ့ရှိရပါသည်။ အသင်းဝင်ခွင့်ရရှိရန် အခွင့်အရေးရှိနေပါလျက် အသင်းမဝင်ကြသည်မှာ အသင်းဝင်ကြေးနှင့် နှစ်စဉ်ကြေးတွေများနေလို့လား၊ သို့တည်းမဟုတ် အသင်းဝင်ရန် စိတ်မဝင်စားကြလို့လား၊ အသင်းဝင်ရန် အခက်အခဲတွေရှိနေကြလို့လားဆိုသည့် လားပေါင်းများစွာ တွေးတောမိပါသည်။

မည်သို့ပင်ရှိစေကာမူ အငြိမ်းစားယူခဲ့ကြသော ဘဝတူလက်တွဲဖော်ဝန်ထမ်းများအားလုံးကို သတင်းနှင့်စာနယ်ဇင်း ဝန်ထမ်းဟောင်းများအသင်းကြီးသို့ ဝင်ကြစေချင်ပါသည်။ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ အငြိမ်းစားယူခဲ့ပြီးသော အငြိမ်းစားဝန်ထမ်းများအပြင် သတင်းနှင့်စာနယ်ဇင်းကော်ပိုရေးရှင်းမှ အငြိမ်းစားယူခဲ့ပြီးသော အငြိမ်းစားဝန်ထမ်းများ အားလုံးကိုလည်း သတင်းနှင့်စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်းသို့ ပျော်ရွှင်စွာလက်တွဲကာ ပါဝင်ကူညီ ဆောင်ရွက်သွားကြရေး "လက်ကမ်းလို့ကြို နှုတ်ချိုချို"ဖြင့် ဖိတ်ခေါ်လိုက်ပါကြောင်း။ ။

# စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ အသက်(၈၀)နှစ်အထက် ဘိုးဘွားများအား ပူဇော်ကန်တော့

**မုံရွာ ဧပြီ ၁၈**

နှစ်စဉ်မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် ကျင်းပမြဲဖြစ်သော တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သက်ကြီးပူဇော်ပွဲကို စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မြို့တော်ခန်းမ၌ ဧပြီ ၁၇ ရက် နံနက် ၉ နာရီက ကျင်းပသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက သက်ကြီး ဘိုးဘွားများကို ဂါရဝတရားဖြင့် ရှိခိုးကန်တော့ကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီးတို့က အသက်(၉၄)နှစ်အရွယ် အဘိုးဦးပေါ်ကြွယ်နှင့် အသက်(၁၀၂)အရွယ် အဘွားဒေါ်အုံတို့အား လှူဖွယ်ပစ္စည်းများကို လည်းကောင်း၊ တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်ဇနီးများ၊ တာဝန်ရှိသူများက ကန်တော့ခံ သက်ကြီးဘိုးဘွားများကို လှူဖွယ်ပစ္စည်းများ ကိုလည်းကောင်း လှူဒါန်းကြသည်။

ထို့နောက် သက်ကြီးဘိုးဘွားများကိုယ်စား အဘိုးဦးတင်အောင်က ဆုတောင်းမေတ္တာပို့သခြင်းနှင့် ဝမ်းမြောက်စကားပြောကြားသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် ဇနီး၊ တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်ဇနီးများ၊ တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူးနှင့်ဇနီး၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော နှစ်ဆန်း ၁ ရက်နေ့ သက်ကြီးဘိုးဘွားပူဇော်ပွဲတွင် အသက် ၈၀ နှစ်အထက် အဘိုး ၃၄ ဦး၊ အဘွား ၄၆ ဦး စုစုပေါင်း ၈၀ တို့အား တစ်ဦးလျှင် ငွေကျပ် ၄၀၀၀၀ တန်ဖိုးရှိ လှူဖွယ်ပစ္စည်းများအား ထောက်ပံ့လှူဒါန်းပေးခဲ့သည်။

**ဝင်းဦး(ဧယျာတိုင်း)**

# ဒလမြို့နယ်၌ အသက်(၉၀)နှင့်အထက် အဘိုးအဘွား ၁၀၀ အား ပူဇော်ကန်တော့

**ဒလ ဧပြီ ၁၈**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်သီရိဇေယျနော်ရထာခန်းမ၌ ဧပြီ ၁၈ ရက် နံနက် ၈ နာရီက မြို့နယ်အတွင်းရှိ အသက်(၉၀)နှင့်အထက် အဘိုး အဘွား ၁၀၀ တို့အား သက်ကြီးပူဇော်ကန်တော့ပွဲ ကျင်းပသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သက်ကြီးပူဇော်ပွဲကျင်းပရေးကော်မတီက နှစ်စဉ်ကြီးမှူး ကျင်းပလျက်ရှိရာ မြို့နယ်အတွင်းရှိ အသက်(၉၀)နှစ်နှင့်အထက်ဘိုးဘွားများအား သက်ကြီးပူဇော်ပွဲ အခမ်းအနားတွင် ဒေါက်တာဝင်းမြင့်+ဒေါ်ခိုင်ခိုင်ဦး မြတ်မေတ္တာမွန်ကုမ္ပဏီ၏ မတည်လှူဒါန်းငွေကျပ် သိန်း ၃၀၊ Hello စက်သုံးဆီဆိုင်မှ တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ်သိန်း ၄၀ အပါအဝင် မြို့မိမြို့ဖများနှင့် စေတနာရှင်များမှ အလှူငွေများ၊ ဆေးဝါးပစ္စည်းများကို တစ်ဦးချင်းစီအလိုက်ပေးအပ်လှူဒါန်းခဲ့ကြပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းမိသားစုများက စုပေါင်း၍ အာဟာရဖြည့်အစားအစာများကို လှူဒါန်းခဲ့ကြောင်းသိရသည်။

အဆိုပါ သက်ကြီးပူဇော်ပွဲ အခမ်းအနားသို့ မတက်ရောက်နိုင်သော၊ ကျန်းမာရေးမကောင်းမွန်သော မြို့နယ်အတွင်း၌ ကျန်ရှိနေသော အဘိုး အဘွားများအား မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများက အိမ်တိုင်ရာရောက် ပေးအပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း သက်ကြီးပူဇော်ပွဲကျင်းပရေးကော်မတီမှ သိရသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းရင်၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် စေတနာရှင် အလှူရှင်များ တက်ရောက်ခဲ့ကြောင်းသိရသည်။

**နိုင်လင်းကျော်(ဒလ)**

# ရွှေတိဂုံစေတီတော်တွင် ဗုဒ္ဓမြတ်စွာဘုရား၏ ဆံတော်မြတ်ဓာတ်တော် အပူဇော်ခံမည်



**ရန်ကုန် ဧပြီ ၁၈**
ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်မြတ်ကြီး၏ ဌာပနာအတွင်းမှ ဗုဒ္ဓမြတ်စွာဘုရား၏ဆံတော်မြတ်ဓာတ်တော်အား ရွှေတိဂုံစေတီတော်မြတ်ကြီးရှိ ချမ်းသာကြီးတန်ဆောင်းတွင် ရဟန်းရှင်လူပြည်သူများ ဖူးမြော်နိုင်ရန် ငါးရက်တိုင်တိုင် အပူဇော်ခံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဆံတော်မြတ်ဓာတ်တော်အား ဗိုလ်တထောင်စေတီတော်မှ ရွှေတိဂုံစေတီတော်သို့ ဧပြီ ၁၉ ရက် နံနက် ၅ နာရီ မိနစ် ၄၀ တွင် သံဃာတော်များ၊ သီလရှင်များ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများဖြင့် စည်ကားသိုက်မြိုက်စွာ ပင့်ဆောင်အပူဇော်ခံမည်ဖြစ်သည်။

"ဒီကနေ ရွှေတိဂုံဘုရားအထိ လမ်းလျှောက်ပင့်ဆောင်သွားမှာပါ။ ဗိုလ်တထောင်စေတီတော်ရဲ့ စိန်ဖူးတော်၊ ထီးတော်နဲ့ ငှက်မြတ်နားတော်ပါမယ်၊ သံဃာတော်အပါး လေးထောင့်ငါးရာနဲ့ သီလရှင်အပါး ငါးရာပါမယ်၊ ရွှေတိဂုံဘုရားမှာ ငါးရက်တိုင်တိုင် အပူဇော်ခံပြီး ဗိုလ်တထောင်ဘုရားကို ပြန်ပြီး ပင့်ဆောင်မယ်၊ ဧပြီ ၂၇ ရက်မှာ ဌာပနာပြန်သွင်းမယ်၊ ဆံတော်မြတ်ကို အခုလိုမျိုး အပူဇော်ခံဖို့ ဘယ်အချိန်မှာမှ ဖြစ်မယ်ဆိုတာ မသိဘူး၊ ဘုရားရဲ့ဆံတော်ကို အခုလို မျက်ဝါးထင်ထင် ဖူးလို့ရတာ ဒီဆံတော်တစ်ဆူပဲရှိတယ်၊ အဲဒါကြောင့် ပြည်သူတွေကို လာဖူးကြပါလို့ တိုက်တွန်းချင်ပါတယ်"ဟု ဂေါပကဥက္ကဋ္ဌ ဦးထွန်းဝင်းက ပြောသည်။

ဗုဒ္ဓမြတ်စွာဘုရား၏ ဆံတော်မြတ်ဓာတ်တော်အား ဗိုလ်တထောင်စေတီတော်မြတ်ကြီးတွင် ဧပြီ ၁ ရက်မှ ၁၈ ရက်အထိ အပူဇော်ခံထားရှိခဲ့ပြီး ဧပြီ ၂၉ ရက်တွင် ဗိုလ်တထောင်စေတီတော်မြတ်ကြီး၏ စိန်ဖူးတော်၊ ငှက်မြတ်နားနှင့် ရွှေစင်ရွှေသား ၄၅ ပိဿာဖြင့် ပြုလုပ်ထားသော ထီးတော်တင်မင်္ဂလာအခမ်းအနား ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ဇာနည်မောင်**

# ကမ္ဘာ့အသိဉာဏ်ပစ္စည်းနေ့ အထိမ်းအမှတ်အခမ်းအနား စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**ရန်ကုန် ဧပြီ ၁၈**
မြန်မာနိုင်ငံ၌ United States Agency for International Development (USAID)နှင့် အသိဉာဏ်ပစ္စည်းဆိုင်ရာ လုပ်ငန်းရှင်များအသင်း (IPPAM)တို့ ပူးပေါင်းကျင်းပမည့် ကမ္ဘာ့အသိဉာဏ်ပစ္စည်းနေ့ (World Intellectual Property Day) အထိမ်းအမှတ် အခမ်းအနားကို လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI ၌ ဧပြီ ၂၆ ရက် နံနက် ၉ နာရီမှ ညနေ ၃ နာရီခွဲအထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအနေအထားအရ နိုင်ငံတော်မှ အသိဉာဏ်ပစ္စည်းဆိုင်ရာ ဥပဒေထွက်ပေါ်ရန်အတွက် အမျိုးသားလွှတ်တော်မှ အတည်ပြုပြီးဖြစ်ပြီး ပြည်သူ့လွှတ်တော်တွင် ဥပဒေအား မကြာမီ ပြဋ္ဌာန်းတော့မည်ဖြစ်ကြောင်းနှင့် ယင်းဥပဒေထွက်ပေါ်လာပါက အသင်းအတွက် သက်ဆိုင်ရာရုံးများကို တည်ထောင်ဖွဲ့စည်းနိုင်ကြမည်ဖြစ်ကြောင်း၊ ကမ္ဘာ့ဘဏ်နှင့် တွဲဖက်လုပ်ကိုင်ရာတွင် ညွှန်းကိန်းများ တက်လာစေရန်နှင့် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် အသိဉာဏ်ပစ္စည်းဆိုင်ရာ မူပိုင်ခွင့်ကဏ္ဍအား ကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်ကြောင်း၊ ဥပဒေထွက်ပေါ်လာပါက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအတွက် အခွင့်အလမ်းကောင်းများ ရရှိစေမည်ဖြစ်ကြောင်း၊ အာဆီယံလွတ်လပ်စွာကုန်သွယ်ခွင့်ဇရိယာထဲ ဝင်ရောက်ပါက ပြည်တွင်းလုပ်ငန်းရှင်များအနေဖြင့် IP law ပြဋ္ဌာန်းလိုက်သောကြောင့် လုပ်ငန်းများအား နိုင်ငံတကာနှင့် တစ်ပြေးညီရင်ပေါင်တန်း လုပ်ဆောင်နိုင်ကြမည်ဖြစ်ကြောင်း အသိဉာဏ်ပစ္စည်းဆိုင်ရာ လုပ်ငန်းရှင်များအသင်းမှ ဒု-ဥက္ကဋ္ဌ ဦးသိန်းအောင်က ပြောသည်။

အသိဉာဏ်ပစ္စည်းဆိုင်ရာ လုပ်ငန်းရှင်များအသင်း (IPPAM) ကို ၂၀၁၄ ခုနှစ်က စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး အဆိုပါအသင်း၌ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်နှင့် စပ်လျဉ်းသည့် ကျွမ်းကျင်ပညာရှင်များ၊ ဥပဒေအကြံပေးပညာရှင်များပါဝင်ကာ ယခင်က ထွက်ပေါ်ခဲ့သော အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် ဥပဒေမူကြမ်းနှင့် နောက်ဆုံးထွက်ရှိခဲ့သော ဥပဒေမူကြမ်းများအား အသိဉာဏ်ပစ္စည်းဆိုင်ရာ ဥပဒေထွက်ပေါ်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အကြံပြုဆွေးနွေးခဲ့ကြောင်း၊ အမျိုးသားလွှတ်တော် ဥပဒေမူကြမ်းဆွေးနွေးပွဲ၌လည်း အသိဉာဏ်ပစ္စည်းဆိုင်ရာ လုပ်ငန်းရှင်များအသင်းအနေဖြင့် သွားရောက်ဆွေးနွေးခဲ့ကြကြောင်း အသိဉာဏ်ပစ္စည်းဆိုင်ရာ လုပ်ငန်းရှင်များအသင်းမှ သိရသည်။

ဧပြီ ၂၆ ရက်တွင် ကျင်းပမည့် ကမ္ဘာ့အသိဉာဏ်ပစ္စည်းနေ့ အထိမ်းအမှတ်အခမ်းအနား၌ UMFCCI နှင့် အသိဉာဏ်ပစ္စည်းဆိုင်ရာ လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ တက်ရောက်ကြမည်ဖြစ်ပြီး အသိဉာဏ်ပစ္စည်းဆိုင်ရာ လုပ်ငန်းရှင်များအသင်းမှ ဒု-ဥက္ကဋ္ဌ ဒေါ်ဆွေဇင်ထိုက်နှင့် အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်ဦး၊ ဒါရိုက်တာ ဒေါ်ကြည်ဖြူသျှင်နှင့် ဒါရိုက်တာ ဒေါ်ခရစ္စတီးနားခီ၊ သရုပ်ဆောင်နှင့် အဆိုတော် ဒေါက်တာ ချစ်သုဝေတို့က "ပြောင်းလဲအင်အား - ဆန်းသစ်ဖန်တီး အမျိုးသမီးစွမ်းပကား - Powering Change:Women in innovation and creativity" အစီအစဉ်ဖြင့် ဟောပြောဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။



**တက္ကသိုလ်ကျောင်းသား ကျောင်းသူများအတွက် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ဟောပြောဆွေးနွေးပွဲပြုလုပ်စဉ်။**

**သတင်းနှင့်ဓာတ်ပုံ-ပွင့်သစ္စာ**

# မိုးကောင်းမြို့ရှိ ရော(မိုးကောင်း) အဆင့်မြင့်ရုပ်ရှင်ရုံကို သရုပ်ဆောင် အကယ်ဒမီ နေတိုး လာရောက်ဖွင့်လှစ်ပေးမည်

**မိုးကောင်း ဧပြီ ၁၈**
ကချင်ပြည်နယ် မိုးကောင်းမြို့ ဈေးကုန်းရပ်ကွက်ရှိ ယခင်က မြရည်နန္ဒာရုပ်ရှင်ရုံကို အဆင့်မြှင့်တင်ပြင်ဆင်ပြီးဖြစ်သဖြင့် ရော(မိုးကောင်း)ရုပ်ရှင်ရုံအဖြစ် အမည်အသစ်ပြောင်းကာ မေ ၁ ရက်တွင် "ကမ္ဘာကျော်ရွှာ" ဇာတ်ကားနှင့်အတူ ဖွင့်လှစ်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။



အဆိုပါရုပ်ရှင်ရုံကို ၂၀၁၇ ခုနှစ် နိုဝင်ဘာလမှစ၍ အဆင့်မြှင့်တင်ကာ အကြီးစားပြင်ဆင်ခဲ့ပြီး ထိုင်ခုံများကို လေ့ကားထစ်ပုံစံတဖြည်းဖြည်း အမြင့်၊ အဲကွန်းနှင့် အသံပတ်လည်စနစ်နှင့် ရုပ်ရှင်ကြည့်ရှုသူများ အဆင်ပြေစေရန် အကြီးစားပြင်ဆင်မှုများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

"ရုပ်ရှင်မင်းသား နေတိုးပါဝင်တဲ့ ကမ္ဘာကျော်ရွှာ ဇာတ်ကားပြပြီး နေတိုးကိုယ်တိုင် ရုပ်ရှင်ရုံဖွင့်ပွဲလာလုပ်ပေးမှာပါ။ အရင်က တန်းစီစနစ်နဲ့ ပြရတော့ မြို့ကြီးတွေမှာ ပြပြီးမှ နယ်တွေ ပြရပါတယ်။ အခုက ရုံပြိုင်စနစ်ဖြစ်လာတော့ ဇာတ်ကားတွေကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ပြသပေးနိုင်လာသလို ဇာတ်ကားအဆင့်အတန်းလည်း မြင့်လာပါပြီ"ဟု ရော(မိုးကောင်း) ရုပ်ရှင်ရုံမန်နေဂျာ ကိုငြိမ်းချမ်းအောင်က ပြောသည်။

ရော(မိုးကောင်း) ရုပ်ရှင်ရုံ၏ လက်မှတ်နှုန်းထားများကို ရှေ့ဆုံးတန်း ကျပ် ၁၀၀၀၊ ကျပ် ၁၅၀၀ တန်း နှစ်တန်း၊ ကျပ် ၂၀၀၀ တန်း သုံးတန်း၊ ကျပ် ၂၅၀၀ တန်း ရှစ်တန်းနှင့် နှစ်ယောက်တွဲခုံကို ကျပ် ၆၀၀၀ သတ်မှတ်၍ ထည့်သွင်းပြင်ဆင်ထားပြီး အဆိုပါ ရုပ်ရှင်ရုံအတွင်းတွင် ရိုးရိုးခုံ ၂၄၅ ခုံနှင့် နှစ်ယောက်တွဲခုံ ၁၈ ခုံပါဝင်ကာ ဇာတ်ကားတစ်ကားကို အနည်းဆုံး ငါးရက် ပြသမည်ဖြစ်ကြောင်း သိရသည်။

**မင်းမင်းဦး**

# မူးယစ်ဆေးဝါးရှောင်ကျဉ်ရေး အသိပညာပေး ဆောင်ရွက်

**လယ်ဝေး ဧပြီ ၁၈**
နေပြည်တော် လယ်ဝေးမြို့နယ် ဧလာနယ်မြေရဲစခန်းမှူး ရဲအုပ် ကျော်ကျော်ဦးနှင့် တာဝန်ရှိသူများသည် ဧလာကျေးရွာအုပ်စု ကုလားကျေးရွာတွင် လူငယ် လူရွယ်များ၊ မူးယစ်ဆေးဝါးသုံးစွဲမှုမရှိစေရေးနှင့် မူးခင်းကျဆင်းရေးအတွက် အသိပညာပေး ဟောပြောခြင်းကို ဧပြီလ ဒုတိယပတ်က ဆောင်ရွက်ခဲ့ရာ အဆိုပါကျေးရွာမှ လူငယ် လူရွယ် ၃၅ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# သက်ကြီးဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်

**သီပေါ ဧပြီ ၁၈**
သီပေါမြို့ ရပ်ကွက်(၁၁)ရပ်ကွက်မှ အသက်(၇၀)အထက် အဘိုး အဘွား ၈၂၈ ဦးအား သီပေါမြို့နယ် ဆေးရုံအုပ်ကြီး ဒေါက်တာ နန္ဒဝင်းနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ပရဟိတအသင်းဝင်များ၊ စေတနာရှင်များက ဆေးဝါးလှူဒါန်း၍ သက်ကြီးပူဇော်ကန်တော့ပွဲကို ဧပြီ ၁၇ ရက်က မြို့တော်ခန်းမ၌ကျင်းပရာ အဘိုး အဘွားများအား ဆရာဝန်၊ ဆရာမများနှင့် သူနာပြုများက ကျန်းမာရေးစစ်ဆေးပေးခဲ့ကြသည်။ ထို့နောက် အဘိုး အဘွားများအား လိုအပ်သည့်ဆေးဝါးများနှင့် အားဆေးများကို တစ်လစာလှူဒါန်းပေးခဲ့ပြီး ပူဇော်ကန်တော့ခဲ့ကြကြောင်း သိရသည်။

**သီပေါကိုလတ်**



# မိတ္ထီလာမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများဖြင့် လူဦးရေ ၂၃၀၀၀ ကျော် အလုပ်အကိုင်များရရှိ



**မိတ္ထီလာ ဧပြီ ၁၈**

မိတ္ထီလာမြို့နယ်အတွင်းရှိ ကျေးရွာများ၌ ဆင်းရဲမှုလျှော့ချရေးနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရန် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ကျေးရွာတစ်ရွာလျှင် မတည်ရန်ပုံငွေကျပ် သိန်း ၃၀၀ ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာ ၂၀၁၄-၂၀၁၅ ခုနှစ်မှ ၂၀၁၇-၂၀၁၈ ခုနှစ် ဘဏ္ဍာနှစ်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ၄၁ ယူနစ်၊ ကျေးရွာ ၃၁ ရွာတို့မှ အိမ်ခြေ ၄၃၀၅၊ လူဦးရေ ၂၃၄၈၄ ဦးအား စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်နိုင်အောင် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း မြို့နယ်ကျေးလက်ဒေသဦးစီးဌာနမှ သိရသည်။

အဆိုပါ မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ သုံးသပ်ဆွေးနွေးခဲ့ရာ တိုင်းဒေသကြီး ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းထိုက်က မိတ္ထီလာခရိုင်အတွင်း၌ ၂၀၁၄-၂၀၁၅ ခုနှစ်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အထိ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ၁၂၇ ယူနစ်၊ ကျေးရွာ ၁၄၇ ရွာတို့တွင် ရန်ပုံငွေအလွဲသုံးစားမှု မဖြစ်ပေါ်စေရေးအတွက် အလေးထားဆောင်ရွက်ရန်နှင့် စာရင်းဇယားများနှင့် လုပ်ငန်းများဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများကို မေးမြန်းရာ မိတ္ထီလာ၊ မလှိုင်၊ သာစည်၊ ဝမ်းတွင်းမြို့နယ်များမှ လုပ်ငန်းတာဝန်ခံများက မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများဖြင့် ဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၏ အားသာချက်၊ အားနည်းချက်များကို အသီးသီးရှင်းလင်းတင်ပြခဲ့ရာ ဒုတိယညွှန်ကြားရေးမှူးက လိုအပ်သည်များကို ဖြည့်စွက်ပြောကြားခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**



# မိုင်းဖြတ်မြို့နယ် နားမွန်းကျေးရွာ၌ သောက်သုံးရေများ ဖြန့်ဝေပေး

**မိုင်းဖြတ် ဧပြီ ၁၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်တွင် ကျေးရွာနေပြည်သူများ သောက်သုံးရေများ သုံးစွဲနိုင်ရန်အတွက် နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကျပ် သန်း ၄၇ ဒသမ ၂၅၀ ဖြင့် ၆/၀ မိုင်ကို Golden Hip ကုမ္ပဏီက ဆောင်ရွက်ခဲ့ရာ ယခုအခါ သောက်သုံးရေများ ရရှိနေပြီ ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဂါလန် ၅၀၀၀ ဆံ့ ရေလှောင်ကန်မှ ရေများကို နားမွန်းကျေးရွာ အပေါ်ရွာ၊ အောက်ရွာ နှစ်ရွာမှ အိမ်ခြေ ၆၂ အိမ် အိမ်ထောင်စု ၇၆ စုရှိ မိသားစုဝင် ၃၀၃ ဦးအား သောက်သုံးရေများကို နေ့စဉ် လုံလောက်စွာ ဖြန့်ဝေပေးလျက်ရှိသည်။

“ကျွန်တော်တို့ရွာမှာ အရင်ကဆို အလှူရှင်နဲ့ ရွာသူ ရွာသားတွေ လုပ်အားနဲ့ ဆောင်ရွက်ထားတဲ့ သောက်သုံးရေ တစ်ကန်တော့ ရှိပါတယ်၊ ရေလှောင်နိုင်မှုက နည်းလို့ နားမွန်း(အပေါ်)ရွာတောင် လုံလောက်အောင် သုံးစွဲခွင့်မရပါဘူး၊ အခုဆိုရင် အပေါ်ရွာ၊ အောက်ရွာ နှစ်ရွာစလုံးမှာရှိတဲ့ မိသားစုဝင်တွေအားလုံး သောက်သုံးရေကို ပြည့်ဝစွာ ရရှိနေပြီဖြစ်လို့ ဆောင်ရွက်ပေးတဲ့ ဦးစီးဌာနနဲ့ တာဝန်ရှိသူတွေကို ကျေးရွာနေပြည်သူတွေရဲ့ကိုယ်စား အထူးကျေးဇူးတင်ပါတယ်”ဟု ဝမ်လုံးအုပ်စု အုပ်ချုပ်ရေးမှူး နားမွန်းရွာနေသူ တစ်ဦးက ပြောသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဝန်းသို၌ အဆင့်မြင့်စက်ချုပ်သင်တန်း သင်ကြားပို့ချပေးမည်

**ဝန်းသို ဧပြီ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အဆင့်မြင့်စက်ချုပ်သင်တန်း (၁/၂၀၁၈)ကို မေ ၁ ရက်မှ ၃၀ ရက်အထိ တစ်လကြာ ဖွင့်လှစ်သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းက ပြောသည်။

ဝန်းသိုမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ကျေးရွာများမှ အခြေခံစက်ချုပ်သင်တန်း တက်ရောက်ပြီးသူ၊ သင်တန်းကို အချိန်ပြည့်တက်ရောက်နိုင်သူနှင့် သင်တန်းစည်းကမ်းများကို လိုက်နာနိုင်သူ ၂၀ သာ လက်ခံသင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းသည် ကျေးလက်နေ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ တစ်ပိုင်တစ်နိုင် မိသားစုဝင်ငွေ ရရှိစေရေးအတွက် ရည်ရွယ်သည့် သင်တန်းတစ်ခုဖြစ်ရာ သင်တန်းတက်ရောက်လိုသူများအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်းသိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံး ဖုန်း ၀၇၅၅၀၄၉၄၊ ၀၉၄၅၈၀၃၄၃၅၈ တို့သို့ ဧပြီ ၂၉ ရက် နောက်ဆုံး ရုံးချိန်အတွင်း ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **မင်းမြင့်မိုရ်(ငါန်းဇွန်)**

## ကလေးဝမြို့တွင် သင်္ကြန်ကာလအပြီး ယာဉ်အန္တရာယ်ကင်းရှင်းရေးများ ဆက်လက်ဆောင်ရွက်

**ကလေးဝ ဧပြီ ၁၈**။ ။စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့တွင် သင်္ကြန်ကာလပြီးသော်လည်း မြို့နယ်ရဲတပ်ဖွဲ့က ဆက်လက်၍ ယာဉ်အန္တရာယ်ကင်းရှင်းစေရန်အတွက် အမှတ်(၁)ရပ်ကွက် မြို့မရဲစခန်းရှေ့တွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဝင်းနိုင်နှင့် တပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်း၍ နံနက် ၈ နာရီမှ ညနေ ၄ နာရီခွဲအထိ နေ့စဉ်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

**ချင်းတွင်းသား**

# အင်းစိန်မြို့နယ်၌ ဘိုးဘွားများအား ပူဇော်ကန်တော့

**ရန်ကုန် ဧပြီ ၁၈**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ရွာမအနောက်ရပ်ကွက်၌ သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ပွဲနှင့် ပရိတ်တရားနာယူခြင်း၊ စတုဒိသာကျွေးမွေးခြင်းကို ဧပြီ ၁၇ ရက် (နှစ်ဆန်း ၁ ရက်)က ပြုလုပ်ရာ အင်းစိန်မြို့နယ် သတင်းစာဆရာအသင်းဉက္ကဋ္ဌ ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ တောင်တွင်းကြီး) ဦးဆောင်၍ ဝေယျာဝစ္စအကျိုးတော်ဆောင် လူကြီး၊ လူငယ်များက အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက်၌ နံနက်ပိုင်းတွင် သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှု နှစ်သစ်အလှူ သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ခြင်း၊ အလှူငွေများနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်းခြင်း၊ နှစ်သစ်ကုသိုလ်ကောင်းမှုများအဖြစ် အဘိုး အဘွားများ၏ ခြေသည်း၊ လက်သည်းများ လှီးဖြတ်ပေးခြင်းတို့ကို နှစ်သစ်ကုသိုလ်ယူ ဆောင်ရွက်ခဲ့ကြပြီး လူပုဂ္ဂိုလ်များအား စတုဒိသာကျွေးမွေးလှူဒါန်းခြင်းများ ပြုလုပ်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ဉာဏ်ဟိန်း**

# ရေရှားပါးသည့်ဒေသများသို့ သောက်သုံးရေများ လှူဒါန်း

**နေပြည်တော် ဧပြီ ၁၈**

အမှတ်(၁၇) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ဌာနချုပ်တပ်ခွဲမှူး ရဲမှူးအောင်စည်သူအေး ဦးစီးတပ်ဖွဲ့ဝင်များ၊ အမှတ်(၁၉) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ တပ်ရေးအရာရှိ ဒုတိယရဲမှူးနေမျိုးသူရိန် ဦးစီးသော တပ်ဖွဲ့ဝင်များသည် ပဲခူးတိုင်းဒေသကြီး ဆွာမြို့ ဂုံမင်းကွင်းကျေးရွာအုပ်စုအတွင်း ၆ မိုင်ရွာ၊ ၇ မိုင်ရွာ၊ ၈ မိုင်ရွာ၊ ၉ မိုင်ရွာ၊ ၁၀ မိုင်ရွာများရှိ အိမ်ထောင်စု ၂၄၀ အား တပ်ဖွဲ့ပိုင်မော်တော်ယာဉ် ငါးစီးဖြင့် သောက်သုံးရေ ရေသန့်ဘူးကြီး ၅၀၀ ကို ဧပြီလ ဒုတိယပတ်က သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(ရှုပဒေ)**



# သာစည်မြို့နယ်၌ မိုးရွာသွန်းပြီး လေပြင်းတိုက်

**မိတ္ထီလာ ဧပြီ ၁၈**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ယင်းမာပင်ကျေးရွာ၌ ဧပြီ ၁၇ ရက် ည ၁၁ နာရီ မိနစ် ၅၀ က မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် လျှပ်စစ်ဓာတ်မီးတိုင်လဲကျ၍ လျှပ်စစ်ဓာတ်အားများ ပြတ်တောက်ခဲ့ပြီး နေအိမ်အမိုးများလန်၍ ပျက်စီးခဲ့ကြောင်း သိရသည်။

မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် ယင်းမာပင်ကျေးရွာ မြို့မလမ်းသွယ်အနီးရှိ လမ်းဘေးလျှပ်စစ်ဓာတ်ကြိုးပေါ်သို့ ကုက္ကိုကိုင်းကျိုးကျရာမှ လျှပ်စစ်ဓာတ်မီးတိုင်လဲကျ၍ လျှပ်စစ်ဓာတ်အားများ ပြတ်တောက်ခဲ့ပြီး ကျေးရွာအတွင်းရှိ နေအိမ် ၁၂ လုံး၏ သွပ်အမိုးများလန်၍ ပျက်စီးခဲ့သည်။

ယင်းမာပင်နယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ် ကျော်မြင့်စိန်နှင့် တပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးလှဝင်းနှင့် ကော်မတီအဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက လေပြင်းတိုက်ခတ်မှုကြောင့် လဲကျသွားသည့် လျှပ်စစ်ဓာတ်မီးတိုင်အား အစားထိုးလဲလှယ်ခြင်း၊ အမိုးလန်ပျက်စီးဆုံးရှုံးသွားသည့် နေအိမ်များအား ကူညီဆောင်ရွက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

M.K.T Construction Co.,Ltd

မြန်မာ့ နှစ်သစ်ကူးအခါသမယတွင် မြန်မာပြည်သူ ပြည်သားများ အားလုံး
ကျန်းမာချမ်းသာပျော်ရွှင်ပြီး ကံကောင်းခြင်းမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံပါစေကြောင်း
နှစ်သစ်ဆုမွန်ကောင်း တောင်းအပ်ပါသည်။



ရုံးချုပ်-အမှတ်(၁၁၁)၊ (၄၂)လမ်း၊ မဟာဗန္ဓုလလမ်း နှင့် ကုန်သည်လမ်းကြား၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
☎ ၀၁-၈၃၈၂၄၂၃၊ ၀၁-၈၃၉၈၁၉၁၊ ၀၁-၈၂၄၅၇၈၆ ၀၉- ၇၃၀၇၂၂၅၀၊ ၀၉-၈၆၃၁၀၅၇
Website: www.mktconstruction.com Email: marketing@mktconstruction.com.
Facebook: www.facebook.com/mktconstruction.mm

နေပြည်တော်
ကားမောင်း(အတတ်သင်)သင်တန်း
ပ-(154) ၊ မြို့မဈေး ၊ ပွဲရုံတန်း ၊ နေပြည်တော်
Ph:067-421755 ,09-73011078 ,09-73041277
စောတ်မှီကားမျိုးစုံဖြင့်Manual & Auto
နှစ်မျိုးစလုံးသင်ကြားပေးပါသည်။

MSS ညီမှန်းချက် ကြီးမားသူတို့၏ အောင်မြေ
ဒေါ်တင်မိုးဝေ
World Gold Medallist
L.C.C.I- Level - I & II, III
စာရင်းကိုင်နှင့်ကွန်ပျူတာစာရင်းကိုင်သင်တန်းများ
(စနေ၊ တနင်္ဂနွေ ) တန်းခွဲ၊ မေလ(၆)ရက်နေ့စမည်။
ရပ်၊ ကျော်သူ(၁၇)လမ်း ၉-ရပ်ကွက်၊ တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။
Ph-09 50 88 264, 09 541 0909

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
**အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း**

၁။ အောက်ပါ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် |
|---|---|---|
| ၁ | ၄၃/မမ/(CE)18-19 | Steel Sleeper(600)Nos |
| ၂ | ၄၄/မမ/(CE)18-19 | Elastic Rail Clip(70000)Nos |
| ၃ | ၄၅/မမ/(CE)18-19 | 75Lb Point & Crossing (၂)မျိုး(50)Set |
| ၄ | ၀၁/မမ/(ဌာနခွဲအသီးသီး) 18-19 | စာရေးကိရိယာနှင့်မိတ္တူကူးစက်ဆက်စပ်ပစ္စည်းများ(၁၁၈)မျိုး |
| ၅ | ၀၂/မမ/(ဌာနခွဲအသီးသီး) 18-19 | ကွန်ပျူတာဆက်စပ်ပစ္စည်းများ(၃၄)မျိုး |
| ၆ | ၀၃/မမ/(ဌာနခွဲအသီးသီး) 18-19 | အဆင့်မြင့်စက္ကူဖြူ 27"x34" (၂)မျိုး (21.666)Ton |

တင်ဒါပိတ်မည့် နေ့/အချိန် - ( ၁၀ . ၅ . ၂၀၁၈ ) (ကြာသပတေးနေ့) (၁၄:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင်(၁၈ .၄ .၂၀၁၈)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်း နှင့် အသေးစိတ် သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-294352, 291994

မြေတူးစက်(Backhoe)ရောင်းမည်
လက်ရှိအသုံးပြုနေဆဲ
အပေါင်း / အကောင်း
20 Ton (Kobelco) = 260 သိန်း
4.5 Ton (Comatsu) = 160 သိန်း
Ph: 09-785084831

ဒီကရီအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်းထုချေစေရန်
အကြောင်းကြားစာ
(တရားမကျင့်ထုံးဥပဒေအမိန့် - ၂၁၊ နည်းဥပဒေ - ၂၂)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်၌
၂၀၁၄ခုနှစ်၊ တရားမကြီးမှုအမှတ် - ၄၁၃နှင့်ဆက်သွယ်သည့်
၂၀၁၈ခုနှစ်၊ တရားမဇာရီမှုအမှတ် - ၉

| | | |
|---|---|---|
| ဒေါ်မြမြစိုး | နှင့် | ၁။ ဦးခင်မောင်ထွေး<br>၂။ ဒေါ်ဇင်မာသွင် |
| (ဒီကရီအနိုင်ရသူ) | | (တရားရှုံးများ) |

အထက်ပါအမှုမှ(၂)တရားရှုံးဒေါ်ဇင်မာသွယ် ယခင်နေရပ်လိပ်စာ အမှတ်-၁၆၀၊ ၇လွှာ(အေ)၊ စက်ရုံလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

၂၀၁၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၁၃တွင်ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့်အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူအခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၈ခုနှစ်၊ မေလ ၄ရက်(၁၃၈၀ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၈ခုနှစ်၊ ဧပြီလ ၁၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ကြူကြူဝင်း)
ဒုတိယခရိုင်တရားသူကြီး(၁)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

HEIN HIGH CLASS FLOORING
သစ်အစားထိုးရေစိုခံအရည်သွေးမြင့်ကြမ်းခင်း




သကြံန်အကြို အထူး Promotion
6 ချောင်း Buy 1 ချောင်း Gift
No. 12, Marlar Myaing Street, Bauk Htaw,Yankin Township, Yangon.
Phone ; 09 404055665 , 09 77 777 0175 , 09 77 777 0176

# Open Tender ခေါ်ယူခြင်း

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကြီးခနောင်တိုမြို့နယ်ရှိ ဆိပ်ကြီးမြစ်ကြောင်းထိန်းတံတိုင်းအား Steel Sheet Pile များ အသုံးပြု၍ မြစ်ကြောင်းထိန်းတံတိုင်း တည်ဆောက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များမှ တင်ဒါတင်သွင်းနိုင်ပါရန် အောက်ဖော်ပြပါအတိုင်း ဖိတ်ခေါ်အပ်ပါသည်-

၁။ ဆောင်ရွက်မည့်လုပ်ငန်း - ဆိပ်ကြီးခနောင်တိုမြို့နယ်ရှိ ဆိပ်ကြီးမြစ်ကြောင်းထိန်းတံတိုင်းအား Steel Sheet Pile များ အသုံးပြု၍ Anchor Type ဖြင့် မြစ်ကြောင်းထိန်းတံတိုင်းတည်ဆောက်ခြင်း။

၂။ တင်ဒါပုံစံများစတင်ရောင်းချမည့် နေ့ရက်နှင့်အချိန် - ၂၃-၄-၂၀၁၈ ရက်မှ ၂၄-၄-၂၀၁၈ ရက်အထိ (ရုံးချိန်အတွင်း)

၃။ တင်ဒါပိတ်မည့်နေ့ရက်နှင့်အချိန် - ၃-၅-၂၀၁၈ ရက်(ကြာသပတေးနေ့)၊ ၁၂:၀၀ နာရီအချိန်

၄။ တင်ဒါပုံစံများရောင်းချမည့်နေရာ - အမှတ်(၁၀)၊ ပန်းဆိုးတန်းလမ်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ မြို့ပြအင်ဂျင်နီယာဌာန

အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၉-၄၅၁၂၄၀၄၆၀နှင့် ၀၉-၄၃၁၂၇၄၆၈တို့သို့ ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

**ဆောက်လုပ်ရေးကော်မတီ**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

ပလုတ်တုတ်
တ လေး ကျ နယ်
၂၀၁၈ ခုနှစ်၊ မေလ ထွက်ပြီ။
ဒိုးဒိုးရှန်းရဲ့ မသေချင်ရင်၊
ဝက်ဝံဖြူလေးပုံလုံပုံရဲ့ မကောင်းဆိုးဝါး၊
တောပျော်လေးဘော်ဘော်ရဲ့ ဒေါင်းပျံအိုင်၊
ထူးထူးခြားခြား၊ နိုင်ငံတကာနည်းပညာသတင်း၊
ပုံပြစာစီစာကုံး/ ဆုရစာစီစာကုံး၊ ပန်းချီပြပွဲသတင်း၊
စာဆိုအတွေးစာဆိုလက်ရာ၊ အသိလည်းကြွယ် ဉာဏ်စမ်းမယ်၊
ဆေးရောင်လုလုခြယ်ရအောင် စသည့်ကဏ္ဍပေါင်းများစွာနှင့်
တစ်နှစ်စာ ကြိုတင်ငွေပေးသွင်းပြီးသူများထံ ဆိုင်များသို့မပြန့်မီ ငါးရက်ကြိုတင်ပြီး (အိမ်တိုင်ရာရောက်) ပို့ဆောင်ပေးနေပါပြီ။
၁,၅၀၀ ကျပ်
တူဒေးစာအုပ်တိုက်က ထုတ်ဝေသည်။



"Speak English. Take It Easy!"
SDEC Skills Development Education Centre
International School
Admissions Open for
New Academic Year 2018-2019
ကျောင်းသားသစ် နှင့် ကျောင်းသားဟောင်းများ
ကျောင်းအပ်လက်ခံနေပါပြီ။
Kindergarten, Year - 1 to Year - 11 (IGCSE Classes)
May to February
မေလ (၂)ရက်နေ့တွင် ကျောင်းစတင်ဖွင့်လှစ်ပါမည်။
ကျောင်းချိန် - (၈း၀၀) နာရီ မှ (၂း၀၀)
Address: No. 22(A)/ 22(B)/ 24(A)/ 24(B), Nat Maut Lane (1), Bahan Township, Yangon.
Phone: 01-430224, 09-5011117, 09-5144987, 09-73206650

RUBY ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက် (၄၅)၃၃၊ ၂၄၊၁၈၊၁၄ ၁၀၊၅ ယောက်စီးနှင့် Saloon, Vanကားမျိုးစုံ ငှားနိုင်ပါသည်၊ လစျေးပ်ကားမျိုးစုံငှားရန်ရှိသည်၊ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

ရောင်ခြည်သစ်
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
10',14',15' ကားများဖြင့်
လုပ်သားအပြီးအစီး မြို့တွင်း/နယ်ဝေး
ဝန်ဆောင်မှုပေးသည်၊
Ph:09-450454771
09-450454772
09-450454773

ကိုသန့်ဇင်
CAR RENTAL
ကားမျိုးစုံခရီးစဉ်အချိန်ပိုင်းငှားသည်၊
ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ၊
09-43117680, 09-5059821

KN tech Engineering Group
Air-Con
Ph: 09-400788135
09-762276128

MYANMAR'S LAND
SUCCESS, MOTIVATION AND MANAGEMENT INSTITUTE
တက္ကသိုလ်ဝင်တန်းဖြေဆိုထားသူ အောင်မြင်ချင်သည့် လူငယ်တိုင်းအတွက်
အမြင့်ကိုတက်ချင်ရင် ပြုတ်ကျမှာကို ကြောက်နေလို့မရပါဘူး။ အမြင့်ကိုရောက်လေလေ ပြုတ်ကျနိုင်လေလေပါပဲ။
အမြင့်ကိုတက်ချင်သည့် လူငယ်တိုင်းအတွက် နည်းလမ်းများကို သင်ကြားပေးပါမည်။
တက္ကသိုလ်ဝင် အကြိုပြင်ဆင်မှုသင်တန်း (Pre - University Training)
- ကိုယ်ဘယ်နေရာမှာ Talent ရှိသလဲ။ တက္ကသိုလ်မှာ ဘယ်လိုင်းကိုရွေးချယ်ရင် အကောင်းဆုံးလဲ။
- ဘဝအောင်မြင်ရေးအတွက် တကိုယ်ရည်ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Presonal Development Plan)ရေးဆွဲနည်း
- တင်ဆက်ပြောဆိုမှုစွမ်းရည် (Presentation Skill) - English For Success - CV ရေးနည်း
- မိမိကိုယ်ကိုယ် စီမံခန့်ခွဲမှု (Personal Management) - Assignment ရေးနည်း
- Self Marketing For Success - အခက်အခဲတွေကို အခွင့်အလမ်းအဖြစ် ပြောင်းလဲနည်းစသည်တို့ကိုသင်ကြားပေးပါမည်။
ABE (UK)၏ ကမ္ဘာ့အမှတ်အများဆုံးဆု (World First) ရရှိထားသော ဆရာ လင်းသိုက်ညွန့် (မြန်မာ့မြေ) ကိုယ်တိုင် သင်ကြားပေးပါမည်။
သက်ဆိုင်ရာနယ်ပယ်အသီးသီးမှ ကျွမ်းကျင်ပညာရှင်များကလည်း Guest Speaker များအဖြစ် ပါဝင်ဆွေးနွေးပေးပါမည်။
Campus - Taw Win Center(3rd floor) website:www.lynnthaiknyunt.com
Can Contact : 01 503172, 09 259290274, 09 5010014, 0943121060
၃-လ သင်တန်း
အပတ်စဉ်- Thu - Fri (2 pm to 4pm)
(၃ - ၅ - ၂၀၁၈) နေ့စမည်၊



ထိပ်တန်း
အိမ်ပြောင်း / အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း / နယ်ဝေး
09-254256969
09-971322259

ရွှေမြင့်မိုရ်
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
အိမ်ခန်း၊ရုံးခန်း၊ဆိုင်ခန်းများကို ကားဆိုဒ်စုံနှင့် အလုပ်သမားများအပါ
မြို့တွင်း/နယ်ဝေး
ဝန်ဆောင်မှုပေးပါသည်။
Ph: 09-450093119
09-263119919
09-777565619

မိဘမေတ္တာ
အိမ်ပြောင်းအိမ်ရွှေ့
ဝန်ဆောင်မှုလုပ်ငန်း
အလုပ်သမားများနှင့် ကားအမျိုးမျိုး (အသေး/အကြီး) ဈေးနှုန်းချိုသာစွာဖြင့် တာဝန်ယူဆောင်ရွက်ပေးနေပါသည်။ (မြို့တွင်း/နယ်ဝေး)
09-250937816
09-454899971

GW 0973226006
0973133528
0973077569
အိမ်ပြောင်းအိမ်ရွှေ့
ဝန်ဆောင်မှုလုပ်ငန်း
ကားများနှင့် လုပ်သားအပါ ဝန်ဆောင်မှုပေးသည်။ နယ်အိမ်ပြောင်း ကားငှားနိုင်သည်။
09401505559



Open for business
YOUR GUIDE TO MYANMAR
Myanmar Business DIRECTORY
၂၀၁၈ စာအုပ်အသစ် ထွက်ပြီ
www.myanmarbusiness-directory.com
POWERED BY MMRD

# မြောင်းမြမြစ်ကူး ဇက်ဆိပ်တွင် တပ်မတော်ကမ်းထိုးရေယာဉ် နှစ်စင်း အားဖြည့်ပြေးဆွဲပေး



မြောင်းမြမြစ်ကူးဇက်ဆိပ်၌ တပ်မတော်ရေမှ ကမ်းထိုးရေယာဉ်နှစ်စင်းဖြင့် ပို့ဆောင်ပြေးဆွဲပေးလျက်ရှိသည်ကို တွေ့ရစဉ်။

**မြောင်းမြ ဧပြီ ၁၈**

မြန်မာ့ရိုးရာ သင်္ကြန်ပွဲတော်အတွင်း မိမိနေရပ်ဒေသ ပြန်လာကြသူများ ယနေ့ မြန်မာနှစ်ဆန်း ၂ ရက်နေ့ (ဧပြီ ၁၈ ရက်)တွင် ဒေသအသီးသီးသို့ ပြန်လည်ထွက်ခွာကြရာ ကိုယ်ပိုင်မော်တော်ယာဉ်များဖြင့် ပြန်ကြသူများ မြောင်းမြမြစ်ကူးဇက်ဆိပ်၌ ဇက်ကူးခွင့်ရရန် စီတန်းစောင့်ဆိုင်းလျက်ရှိကြပြီး မော်တော်ယာဉ်များအား တပ်မတော်ရေမှ ကမ်းထိုးရေယာဉ်(1703)နှင့်(1704)ရေယာဉ်နှစ်စင်းဖြင့် အားဖြည့်ပို့ဆောင်ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

"သင်္ကြန်တွင်းတစ်ခုလုံး ဇက်အဖွဲ့တွေနဲ့ ကျွန်တော်တို့ တာဝန်ရှိသူတွေ မနားတမ်း ဆောင်ရွက်ပေးနေပါတယ်၊ ဒီနေ့လည်း ညနေအထိ ယာဉ်ကြီး၊ ယာဉ်ငယ် မော်တော်ယာဉ်ပေါင်း အစီးရေ ၁၆၀ ကို တစ်ဖက်ကမ်းကို ပို့ဆောင်ပေးပြီးပါပြီ၊ ခါတိုင်း မနက် ၆ နာရီမှ ညနေ ၆ နာရီအထိ ကူးပို့ပေးပေမယ့် ဒီနေ့ မော်တော်ယာဉ်အစီးရေ အလွန်များပြားတဲ့အတွက် ခရိုင်အုပ်ချုပ်ရေးမှူးရဲ့ လမ်းညွှန်မှုနဲ့ ည ၈ နာရီအထိ ကူးပို့ပေးမှာဖြစ်ပါတယ်၊ ဒီနေ့အဖို့ ယာဉ်အစီးရေ ၂၃၀ ကျော်လောက်တော့ ကူးပို့ပေးနိုင်မှာပါ" ဟု မြို့နယ် မော်တော်ယာဉ် စည်းကမ်းထိန်းသိမ်းကြီးကြပ်မှုကော်မတီ ဦးသန်းမြင့်က ပြောသည်။

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့ရှိ မြောင်းမြမြစ်ကူးကြိုးတံတားကြီးသည် ၂၀၁၈ ခုနှစ် ဧပြီ ၁ ရက်တွင် မြောင်းမြမြစ်အတွင်းသို့ ပြတ်ကျသွားသည့်ဖြစ်စဉ်ကြောင့် လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်သွားမှု

**စာမျက်နှာ ၇ ကော်လံ ၅ သို့ ❖**

## အမှုထမ်းတစ်ဦး၏ အနည်းဆုံးလစာတွက်ချက်မှု အမှားပြင်ဆင်ချက်

၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၇ ရက်နေ့ နိုင်ငံတော်သမ္မတ၏ နှစ်သစ်ကူး နှုတ်ခွန်းဆက်စကားတွင် မိမိတို့ဝန်ကြီးဌာန၏ မှားယွင်းတွက်ချက်မှုအရ **"အမှုထမ်းတစ်ဦး၏ အနည်းဆုံးလစာ ၁၂၀,၀၀၀ ကျပ်မှ ၁၃၈,၀၀၀ ကျပ်အထိ တိုးမြှင့်သွားမည်"**ဟု ဖော်ပြပါရှိခဲ့ပါသည်။ ယင်းဖော်ပြချက်အစား တွက်ချက်မှု အမှန်ဖြစ်သည့် **"အမှုထမ်းတစ်ဦး၏ အနည်းဆုံးလစာမှာ ၁၂၀,၀၀၀ ကျပ်မှ ၁၄၄,၀၀၀ ကျပ်အထိ တိုးမြှင့်သွားမည်"**ဟု ပြင်ဆင်ဖတ်ရှုပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

## ဘရူနိုင်းဘုရင့်ဖလားပြိုင်ပွဲအတွက်
## မြန်မာ ယူ-၂၁ အသင်း ကစားသမားများ ရွေးချယ်ပြီး

**ရန်ကုန် ဧပြီ ၁၈**

၂၀၁၈ ခုနှစ် ဧပြီ ၂၃ ရက်မှ မေ ၅ ရက်အထိ ကျင်းပမည့် ဘရူနိုင်းဘုရင့်ဖလားပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာ ယူ-၂၁ အသင်းသည် ကစားသမားများ အပြီးသတ်ရွေးချယ်လိုက်ပြီဖြစ်သည်။

ပြိုင်ပွဲဝင်မည့် မြန်မာ ယူ-၂၁ အသင်းတွင် အုပ်ချုပ်သူအဖြစ် ဦးသန်းတိုးအောင်၊ နည်းပြချုပ်အဖြစ် ဦးကြည်လွင်၊ လက်ထောက်နည်းပြများအဖြစ် ဦးချစ်နိုင်၊ ဦးကျော်လွင်၊ ကြံ့ခိုင်ရေးနည်းပြအဖြစ် မားကပ်စ်၊ ဂိုးနည်းပြအဖြစ်-ဦးမျိုးကျော်အောင်၊ အားကစားသမားများအဖြစ် ဂိုး-ဘုန်းသစ္စာမင်း၊ ထွန်းနန္ဒာဦး၊ နောက်တန်း-သန်းထိုက်ဇင်၊ ကျော်သူထွန်း၊ ဝင်းမိုးကျော်၊ သူရိန်စိုး၊ ရဲရင့်အောင်၊ သက်ပိုင်ထွေး၊ စိုးမိုးကျော်၊ အလယ်တန်း-မြတ်ကောင်းခန့်၊ စိုးလွင်လွင်၊ မြတ်ထွန်းသစ်၊ ဟိန်းထက်အောင်၊ လွင်မိုးအောင်၊ ရှေ့တန်း - ဝင်းနိုင်ထွန်း၊ ဇင်မင်းထွန်း၊ အောင်ကောင်းမာန်၊ ပြည့်စုံနိုင်တို့ ပါဝင်ကြသည်။

မြန်မာ ယူ-၂၁ အသင်းသည် ကစားသမားများ၏ ခြေစွမ်းနှင့် ဒဏ်ရာအခြေအနေကို နောက်ဆုံးအချိန်ထိ စောင့်ကြည့်ပြီးနောက် ဧပြီ ၁၈ ရက်တွင် အပြီးသတ်လူစာရင်းကို ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။ မြန်မာ ယူ-၂၁ အသင်းကို အကြိမ်(၃၀)မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် ရည်ရွယ်ဖွဲ့စည်းထားခြင်းဖြစ်ပြီး ယခုနှစ်အတွင်း ပထမဆုံးနိုင်ငံတကာပြိုင်ပွဲအဖြစ် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာ ယူ-၂၁ အသင်းသည် ပြိုင်ပွဲအကြိုပြင်ဆင်မှုအဖြစ် ခြေစမ်းပွဲသုံးပွဲ ယှဉ်ပြိုင်ကစားခဲ့ပြီး ဧရာဝတီအသင်းကို နှစ်ဂိုး-တစ်ဂိုး၊ မကွေးအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး MNL All Star အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

**စာမျက်နှာ ၅ ကော်လံ ၅ သို့ ❍**



မြန်မာ ယူ-၂၁ အသင်း ပြိုင်ပွဲအကြိုခြေစမ်းပွဲ ယှဉ်ပြိုင်ကစားနေစဉ်။


ကြေးမုံ
နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် ဒုတိယ (၁) နှစ်တာ

**ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ အချုပ်ပိုပါရှိ**

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် **ပြည်ထောင်စုလွှတ်တော်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး** တို့၏ ဒုတိယ (၁)နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များကို အချုပ်ပို(၈)မျက်နှာဖြင့် ဖော်ပြထားပါသည်။





ကြေးမုံ
အထူးကဏ္ဍ
ဧပြီ ၁၉၊ ၂၀၁၈ (ကြာသပတေးနေ့)
နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် ဒုတိယ (၁) နှစ်တာ

# ပြည်သူတို့၏မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်



ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်း။

● ခင်ရတနာ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတွင် ဒုတိယအကြိမ် လွှတ်တော်အသီးသီး၏ အစည်းအဝေးများကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် စတင်ခဲ့ပြီး ယခုဆိုလျှင် နှစ်နှစ်ပြည့်မြောက်ခဲ့ပြီ ဖြစ်သည်။

ပြည်သူလူထု ရွေးကောက်တင်မြှောက်ထားသည့် ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် လွှတ်တော်များ ခိုင်မာတောင့်တင်းနေသရွေ့ ဒီမိုကရေစီမှာလည်း ရှင်သန်အားကောင်းနေမည်သာ ဖြစ်ပါသည်။ လွှတ်တော်များ၏ အုတ်မြစ်အခြေခံ မာကျောခိုင်မာရန် အလွန်အရေးကြီးသည်။

**ပိုမိုအရှိန်မြင့်**

လွှတ်တော်သည် ဥပဒေပြုရေးအာဏာကို ကျင့်သုံးရပြီး နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် အဓိကမဏ္ဍိုင်တစ်ခုလည်းဖြစ်သည်။ လွှတ်တော်များ၏ စွမ်းရည်မြင့်မားပြီး အားကောင်းလာသည်နှင့်အမျှ ပြည်သူများ၏ လိုအပ်ချက်များ၊ မျှော်လင့်ချက်များသည် အစဉ်တစိုက် ပြည့်ဝလာမည်၊ ပိုမိုအရှိန်မြင့်လာမည်ဖြစ်သည်။

လွှတ်တော်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (က) နှင့်အညီ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာတို့နှင့် အပြန်အလှန်ထိန်းကျောင်းပြီး ပြည်သူ့အကျိုးပြုဥပဒေများ ပြဋ္ဌာန်းပေါ်ထွက်လာအောင် ဆွေးနွေးအတည်ပြုနိုင်ရေးတို့ကို အဓိကထားဆောင်ရွက်နေသည်ကို မြင်တွေ့ရသည်။

ပြည်သူများ၏ လိုအပ်ချက်များ၊ အခက်အခဲများကို လွှတ်တော်တွင် မေးခွန်းများ မေးမြန်းခြင်း၊ အဆိုများတင်သွင်းခြင်းဖြင့်လည်း လွှတ်တော်၏အခန်းကဏ္ဍမှာ ပိုမိုတောက်ပလာရကာ ပြည်သူများအတွက်လည်း မိမိတို့ရွေးချယ်တင်မြှောက်ထားသည့် ကိုယ်စားလှယ်များ၏ ပြည်သူ့အတွက် မည်ရွေ့မည်မျှ အကျိုးပြုသည်ကို သတ်မှတ်ကြသည်။

**ပြယုဂ်ဖြစ်**

"ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟာ စစ်မှန်၍ စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးအကောင်အထည်ဖော်နေတဲ့ နိုင်ငံဖြစ်ပြီး ကျွန်တော်တို့ရဲ့ ဥပဒေပြုလွှတ်တော်တွေဟာ ဒီမိုကရေစီနိုင်ငံတော်ရဲ့ ပြယုဂ်ဖြစ်ပါတယ်။ နိုင်ငံသားပြည်သူများရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ငြိမ်းချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ပေါက်လာရေးအတွက် ဒေါက်တိုင်သုံးရပ်ဖြစ်တဲ့ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနဲ့ တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲပြီး အချင်းချင်း အပြန်အလှန် ထိန်းကျောင်းရင်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျွန်တော်တို့ရဲ့ တာဝန်များကို ကြိုးစားဆောင်ရွက်လျက်ရှိကြပါတယ်"ဟု ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက ပြောကြားသည်။

**နှစ်နှစ်တိုင်ခဲ့ပြီ**

ဥပဒေပြု လွှတ်တော်များအနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားပြည်သူများ၏ ဘဝလုံခြုံစေရေးအတွက် ဥပဒေ၏ အကာအကွယ်ကို ပြည်သူများ တန်းတူညီတူရရှိစေနိုင်ရန်၊ ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အမျိုးသားရင်ကြားစေ့ရေးတို့ကို ဖော်ဆောင်ပေးနိုင်ရန် လိုအပ်သည့်ဥပဒေများကို ခေတ်စနစ်နှင့်အညီ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ အသစ်ပြဋ္ဌာန်းခြင်းတို့ အပါအဝင် လွှတ်တော်ဆိုင်ရာလုပ်ငန်း တာဝန်များကို ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ရာတွင် ယနေ့အချိန်သည် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်၏ သက်တမ်းသည် နှစ်နှစ်တိုင်ခဲ့ပြီဖြစ်သည်။

အထူးကဏ္ဍ [ ခ ] သို့ »»



၂၀၁၇ ခုနှစ် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ အခမ်းအနားကျင်းပစဉ်။

# ပြည်သူ့အတွက် ဒုတိယ (၁) နှစ်တာ





နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ ဦးဝင်းမြင့်၊ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူများဖြစ်ကြသည့် ဦးမြင့်ဆွေနှင့် ဦးဟင်နရီဗန်ထီးယူတို့က ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်း၏ရှေ့မှောက်၌ ကတိသစ္စာပြုကြစဉ်။

**လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်၍ ပြည်သူများဘဝ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဆည်မြောင်းဥပဒေနှင့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို အကူအညီပေးနိုင်ရန်၊ နိုင်ငံတော်၏ စီးပွားရေးမူဝါဒများနှင့် ကိုက်ညီမှုရှိစေရန်၊ နိုင်ငံတကာကျင့်စဉ်များနှင့် ညီညွတ်စေရေးအတွက် မြန်မာကုမ္ပဏီများဥပဒေ စသည့် ဥပဒေများအပါအဝင် ရုပ်သိမ်းသည့် ဥပဒေ ကိုးခု၊ အသစ်ပြဋ္ဌာန်းသည့် ဥပဒေ ၂၄ ခု၊ ပြင်ဆင်သည့် ဥပဒေ ၂၄ ခု ဥပဒေစုစုပေါင်း ၅၇ ခုကို ထုတ်ပြန်ပြဋ္ဌာန်းပေးနိုင်ခဲ့**

»»» အထူးကဏ္ဍ [ က ] မှ

## ပုံမှန်အစည်းအဝေးများ ခုနစ်ကြိမ်ခန့် ကျင်းပ

လွှတ်တော်များ၏သက်တမ်းသည် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အစည်းအဝေး စတင်သည့် ၂၀၁၆ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှသည် ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၃၁ ရက်အထိ ငါးနှစ်တာသက်တမ်းဖြစ်သည်။ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်၏ နှစ်နှစ်တာကာလအတွင်း ပုံမှန်အစည်းအဝေး များ ခုနစ်ကြိမ်ခန့် ကျင်းပနိုင်ခဲ့သည်။ ယင်းကာလအတွင်း နိုင်ငံရေးကဏ္ဍအနေဖြင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေ၊ နိုင်ငံသားများ၏ လွတ်လပ်မှုနှင့် လုံခြုံမှုတို့ နစ်နာဆုံးရှုံးမှုမရှိစေရန် ဥပဒေနှင့်အညီ အကာအကွယ်ပေးနိုင်ရေးအတွက် နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေ၊ နိုင်ငံသူနိုင်ငံသားများအား အကျိုးပြုနိုင်သည့် ဥပဒေကောင်းများပေါ်ထွက်လာစေရေးအတွက် ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ၊ နိုင်ငံတော်၏ အကျိုးစီးပွားအတွက် ပိုင်နက်ပင်လယ်နှင့် ဆက်စပ်ဇုန်၊ သီးသန့်စီးပွားရေးဇုန်များနှင့် ကမ်းလွန်ရေတိမ်ပိုင်းတို့ကို ပြည်တွင်း၊ ပြည်ပ၊ နိုင်ငံတကာဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ကာကွယ်နိုင်ရန်အတွက် မြန်မာနိုင်ငံ ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေ၊ နိုင်ငံဖြတ်ကျော်မှုခင်းများကို ထိရောက်စွာတိုက်ဖျက်နိုင်ရန်နှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် တရားခံလွှဲပြောင်းရေးဥပဒေ၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်၍ ပြည်သူများဘဝ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဆည်မြောင်းဥပဒေနှင့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို အကူအညီပေးနိုင်ရန်၊ နိုင်ငံတော်၏ စီးပွားရေးမူဝါဒများနှင့် ကိုက်ညီမှုရှိစေရန်၊ နိုင်ငံတကာကျင့်စဉ်များနှင့် ညီညွတ်စေရေးအတွက် မြန်မာကုမ္ပဏီများဥပဒေ စသည့် ဥပဒေများအပါအဝင် ရုပ်သိမ်းသည့် ဥပဒေ ကိုးခု၊ အသစ်ပြဋ္ဌာန်းသည့် ဥပဒေ ၂၄ ခု၊ ပြင်ဆင်သည့် ဥပဒေ ၂၄ ခု ဥပဒေစုစုပေါင်း ၅၇ ခုကို ထုတ်ပြန်ပြဋ္ဌာန်းပေးနိုင်ခဲ့ကြောင်း သိရသည်။

## ပြဋ္ဌာန်းနိုင်ခဲ့

"ဥပဒေများအတည်ပြုပြဋ္ဌာန်းပေးခဲ့တာတွေအပြင် နိုင်ငံတော်နဲ့ နိုင်ငံသားပြည်သူတွေရဲ့ လူမှုစီးပွားဘဝ တိုးတက်လာစေရေး၊ မြို့ပြများသာမက ကျေးလက်ဒေသတွေမှာပါ လျှပ်စစ်မီးလုံလောက်စွာရရှိစေရေး၊ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးရေးကဏ္ဍ ဝင်ငွေ ဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ရန်ပုံငွေထူထောင်ရေး၊ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်လာစေရေး အပါအဝင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းတွေ ဆောင်ရွက်နိုင်ဖို့အတွက် နိုင်ငံတကာသဘောတူစာချုပ် ၃၇ ခုနဲ့ ချေးငွေရယူရေးကိစ္စ ၂၅ ခုတို့ကို ဆွေးနွေးအတည်ပြုပြဋ္ဌာန်းနိုင်ခဲ့တယ်"ဟု ပြည်ထောင်စုလွှတ်တော်နာယကက ပြောကြားသည်။

## အကြီးစားပြင်ဆင်

ပြည်ထောင်စုလွှတ်တော်အနေဖြင့် ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ် ဇင်းချောင်း-ကင်းမြောက် လမ်းပေါ်ရှိ ကင်းချောင်းတံတား တည်ဆောက်ခြင်းစီမံကိန်းအတွက် တံတားသံပေါင်များဝယ်ယူရန်၊ ဘီလူးချောင်း အမှတ် (၁) ဓာတ်အားပေးစက်ရုံနှင့် ဆည်တော်ကြီးဓာတ်အားပေး

အထူးကဏ္ဍ [ ဂ ] သို့ »»»



ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တက်ရောက်လာကြသည့် လွှတ်တော်ကိုယ်စားလှယ်များကို တွေ့ရစဉ်။ ဓာတ်ပုံ-ကျော်ရဲဆွေ

»»» အထူးကဏ္ဍ [ ခ ] မှ

စက်ရုံတို့ကို အကြီးစားပြင်ဆင်ရန်အတွက် ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံများ အလုံးစုံပြုပြင်မွမ်းမံရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)ရှိ ကျေးရွာ ၄၁၆ ရွာသို့ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားပေးနိုင်ရေးအတွက် ကျေးလက်ဒေသ လျှပ်စစ်ဓာတ်အားရရှိရေး အစီအစဉ် ၂ (ဓာတ်အား စနစ်တိုးချဲ့ခြင်း) ကို ဆောင်ရွက်နိုင်ရန်တို့ကိုလည်း ချေးငွေရယူရေးကိစ္စရပ်များအဖြစ် အများပြည်သူတို့ အကျိုးစီးပွားရရှိစေရေး ရည်ရွယ် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**အတည်ပြုနိုင်ခဲ့**

ဒုတိယအကြိမ်မြောက် ပြည်ထောင်စုလွှတ်တော်၏ နှစ်နှစ်တာကာလအတွင်း အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ခြင်းနှင့် တုံ့ပြန်ခြင်းတို့တွင် ပူးပေါင်းဆောင်ရွက်ရေး၊ အာဆီယံဘက်စုံရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ်ကို ပြင်ဆင်သည့် တတိယအခြေပြစာချုပ်နှင့် ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ခြင်းနှင့် မြှင့်တင်ခြင်းဆိုင်ရာ အာဆီယံသဘောတူညီချက်၊ အာဆီယံနယ်စပ်ဖြတ်ကျော် ခရီးသည်ပို့ဆောင်မှု လွယ်ကူချောမွေ့စေရေး မူဘောင်သဘောတူစာချုပ်၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင် တိရစ္ဆာန်ကျန်းမာရေးနှင့် တိရစ္ဆာန်မှ လူသို့ ကူးစက်နိုင်သောရောဂါများ ကာကွယ်နိုင်ရန် ပူးပေါင်းဆောင်ရွက်ရေးအတွက် ဗဟိုဌာန ထူထောင်ရေး သဘောတူညီချက်အား အတည်ပြုပါဝင်ရန်နှင့် နှစ်စဉ်ကြေးထည့်ဝင်ရန် စာချုပ်များတွင် မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးများ ပါဝင်သည့် နိုင်ငံရေးအပါအဝင် စာချုပ်ပေါင်း ၃၇ ခုကို လွှတ်တော်အတွင်း ဆွေးနွေးအတည်ပြုနိုင်ခဲ့ကြောင်း သိရသည်။

**တက်ရောက်ခွင့်**

"မြန်မာနိုင်ငံ လွှတ်တော်ဟာ အာဆီယံပါလီမန်များ ညီလာခံ (AIPA) အဖွဲ့ဝင်နိုင်ငံဖြစ်တာနဲ့အညီ ဒေသတွင်းနိုင်ငံများရဲ့ လွှတ်တော်များနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ အလားတူ မြန်မာနိုင်ငံ လွှတ်တော်အနေနဲ့ နိုင်ငံတကာပါလီမန်များညီလာခံကိုလည်း တက်ရောက်ခွင့် ရရှိခဲ့ပါတယ်"ဟု ပြည်ထောင်စုလွှတ်တော် နာယကက ပြောကြားသည်။




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဒုတိယအကြိမ် လွှတ်တော် (၂) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(၃၇) ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံကို ပြည်ထောင်စုလွှတ်တော်က တာဝန်ယူကာ မြန်မာနိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည်။

ယခုနှစ်တွင် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့် အဖွဲ့ဝင်များသည် ဖိလစ်ပိုင်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌနှင့် အာဆီယံပါလီမန်များ ညီလာခံဥက္ကဋ္ဌ၏ ဖိတ်ကြားချက်ကြောင့် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် ကျင်းပသည့် (၃၈) ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံသို့လည်း တက်ရောက်ခဲ့သည်။

၂၀၁၇ ခုနှစ် အောက်တိုဘာ ၁၄ ရက်မှ ၁၈ ရက်အထိ ကျင်းပခဲ့သည့် နိုင်ငံတကာပါလီမန်များညီလာခံသို့လည်း တက်ရောက်ခဲ့ကြောင်း သိရသည်။

**မှတ်တမ်းတင်နိုင်ခဲ့**

"(၁၃၇) ကြိမ်မြောက် နိုင်ငံတကာပါလီမန်များညီလာခံမှာ ရခိုင်ပြည်နယ်နဲ့ပတ်သက်တဲ့ အရေးပေါ်အစီအစဉ်ကို အတည်ပြုဆုံးဖြတ်ခဲ့မှုအပေါ် မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့အနေနဲ့ ပြတ်သားစွာကန့်ကွက်ဆွေးနွေးခဲ့ပါတယ်။ ဒါ့အပြင် ဆောင်ရွက်မှုအစီရင်ခံစာကိုလည်း ယခုနှစ် မတ်လ ၁၃ ရက်နေ့မှာကျင်းပတဲ့ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးမှာ ဆွေးနွေးအတည်ပြု မှတ်တမ်းတင်နိုင်ခဲ့ပါတယ်"ဟု ပြည်ထောင်စုလွှတ်တော်နာယကက ပြောကြားသည်။

အထူးကဏ္ဍ [ ဃ ] သို့ »»

(၁၃၇) ကြိမ်မြောက် နိုင်ငံတကာပါလီမန်များညီလာခံမှာ ရခိုင်ပြည်နယ်နဲ့ပတ်သက်တဲ့ အရေးပေါ်အစီအစဉ်ကို အတည်ပြုဆုံးဖြတ်ခဲ့မှုအပေါ် မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့အနေနဲ့ ပြတ်သားစွာကန့်ကွက်ဆွေးနွေးခဲ့ပါတယ်။ ဒါ့အပြင် ဆောင်ရွက်မှုအစီရင်ခံစာကိုလည်း ယခုနှစ် မတ်လ ၁၃ ရက်နေ့မှာကျင်းပတဲ့ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးမှာ ဆွေးနွေးအတည်ပြုမှတ်တမ်းတင်နိုင်




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဒုတိယအကြိမ် လွှတ်တော် (၂) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်း ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။

ကျန်ရှိတဲ့သက်တမ်းကာလအတွင်းမှာ ရရှိထားတဲ့ အတွေ့အကြုံများကို အခြေခံပြီး စစ်မှန်တဲ့ ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စုကြီး တည်ဆောက်နိုင်ဖို့နဲ့ မဲဆန္ဒရှင်ပြည်သူတွေရဲ့ ဆန္ဒ၊ လိုအပ်ချက်တွေကို စဉ်ဆက်မပြတ် လေ့လာနားထောင်ပြီး "ပြည်သူ့အသံ၊ လွှတ်တော်အသံ"၊ "ပြည်သူ့ဆန္ဒ၊ လွှတ်တော်ဆန္ဒ"၊ "ပြည်သူတို့ရဲ့ မျှော်လင့်ချက်၊ လွှတ်တော်က ဖော်ဆောင်ရွက်" ဆိုတဲ့ လွှတ်တော်ရဲ့ဆောင်ပုဒ်နဲ့အညီ နိုင်ငံသားပြည်သူတွေရဲ့ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်မြင့်မားစေရေးအတွက် တတ်စွမ်းသမျှ ကြိုးစားဆောင်ရွက်သွားမယ်

»»» အထူးကဏ္ဍ [ ၇ ] မှ

### ဆောင်ပုဒ်နှင့်အညီ

ပြည်ထောင်စုအစိုးရ၏ မူဝါဒဖြစ်သည့် မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးနှစ်အား နှစ်စဉ် ဧပြီလ ၁ ရက်နေ့မှ မတ်လ ၃၁ ရက်နေ့အထိ ကျင့်သုံးဆောင်ရွက်ရာမှ အောက်တိုဘာလ ၁ ရက်မှ စက်တင်ဘာလ ၃၀ ရက်နေ့အထိ ပြောင်းလဲပြင်ဆင် သတ်မှတ်မှုကိုလည်း ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးမှတ်တမ်းတင်နိုင်ခဲ့သည်။

စက်တင်ဘာလ ၁၅ ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ အခမ်းအနားကိုလည်း အောင်မြင်စွာကျင်းပခဲ့ပြီး နိုင်ငံသားအားလုံး မျှော်လင့်ထားသည့် စစ်မှန်သော ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကြီး အောင်မြင်စွာ တည်ဆောက်နိုင်ရေးနှင့် ပြည်သူလူထုအတွင်း ဒီမိုကရေစီကျင့်စဉ်များ ပိုမိုသိရှိလိုက်နာစေရေးအတွက် "ဒီမိုကရေစီရှင်သန်ဖို့ ပူးပေါင်းကာကွယ်စို့"ဟူသည့် ဆောင်ပုဒ်နှင့်အညီ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

### ဆင်နွှဲခဲ့ကြ

၂၀၁၇ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ အခမ်းအနားသို့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများ၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့မှ ကော်မတီ၊ ကော်မရှင်ဥက္ကဋ္ဌများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများ၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် တာဝန်ရှိသူများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အနုပညာရှင်များ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ဆင်နွှဲခဲ့ကြသည်။

အခမ်းအနားတွင် နိုင်ငံသားအားလုံးအတွက် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရန်နှင့် ဒီမိုကရေစီကျင့်စဉ်များ ပိုမိုသိရှိလာစေရန်အတွက် စာတမ်း ၁၄ စောင်ကိုလည်း ထည့်သွင်းဖတ်ကြားနိုင်ခဲ့ကြောင်း သိရသည်။

### အောင်မြင်စွာ

ပြည်ထောင်စုလွှတ်တော်သည် လစ်လပ်သွားသည့် သမ္မတရာထူးနေရာအတွက် ပြန်လည်ဖြည့်စွက်နိုင်ရေးလုပ်ငန်းစဉ်များဖြစ်သည့် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ၂၀၁၈ ခုနှစ် မတ် ၂၈ ရက်တွင် အောင်မြင်စွာ ကျင်းပဆောင်ရွက်ပေးနိုင်ခဲ့သည်ကိုလည်း မြင်တွေ့ရသည်။



ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်ကြောင်း မှတ်တမ်းတင်လက်မှတ်ရေးထိုးကြစဉ်။

### တတ်စွမ်းသမျှ

"မိမိတို့အနေနဲ့ ကျန်ရှိတဲ့သက်တမ်းကာလအတွင်းမှာ ရရှိထားတဲ့အတွေ့အကြုံများကို အခြေခံပြီး စစ်မှန်တဲ့ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်နိုင်ဖို့နဲ့ မဲဆန္ဒရှင် ပြည်သူတွေရဲ့ ဆန္ဒ၊ လိုအပ်ချက်တွေကို စဉ်ဆက်မပြတ် လေ့လာနားထောင်ပြီး "ပြည်သူ့အသံ၊ လွှတ်တော်အသံ"၊ "ပြည်သူ့ဆန္ဒ၊ လွှတ်တော်ဆန္ဒ"၊ "ပြည်သူတို့ရဲ့ မျှော်လင့်ချက်၊ လွှတ်တော်က ဖော်ဆောင်ရွက်" ဆိုတဲ့ လွှတ်တော်ရဲ့ ဆောင်ပုဒ်နဲ့အညီ နိုင်ငံသားပြည်သူတွေရဲ့ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက် မြင့်မားစေရေးအတွက် တတ်စွမ်းသမျှ ကြိုးစားဆောင်ရွက်သွားမယ်လို့ ပြောကြားလိုပါတယ်"ဟု ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက ပြောကြားခဲ့သည်။ ။



၂၀၁၇ ခုနှစ် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ အခမ်းအနားတွင် ပင်လုံသစ္စာနှင့် မြန်မာမြန်မာ စုပေါင်းအကဖြင့် ကပြဖျော်ဖြေစဉ်။

# အပြစ်ရှိသူကို ထိုက်သင့်သည့် ပြစ်ဒဏ်ရရှိရေးနှင့် အပြစ်မရှိသူများကို ကာကွယ်စောင့်ရှောက်မှုများပြုလုပ်ပေးနေသည့် ပြည်ထောင်စုရှေ့နေချုပ်ရုံး

● ဇူလိုင်မိုး(မြန်မာ့အလင်း)

**နိုင်ငံတော်အစိုးရက နိုင်ငံအတွင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အင်တိုက်အားတိုက် လုပ်ဆောင်လျက်ရှိသည်။ နိုင်ငံတော်အစိုးရအနေဖြင့် အဂတိလိုက်စားမှုကျူးလွန်သူများကို ထိရောက်စွာအရေးယူနိုင်ရေးအတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကို ၂၀၁၇ ခုနှစ် နိုဝင်ဘာလက စတင်ဖွဲ့စည်းခဲ့သည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်တွင် ပြည်ထောင်စုရှေ့နေချုပ်ကလည်း ပါဝင်ဆောင်ရွက်လျက်ရှိသည်။**



ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး

ပြည်ထောင်စု ရှေ့နေချုပ်ရုံးသည် မြန်မာနိုင်ငံအတွင်း တရားဥပဒေစိုးမိုးရေးအတွက် ဥပဒေပြုရေးအခန်းကဏ္ဍတွင် ပါဝင်ဆောင်ရွက်ခြင်း၊ အစိုးရအုပ်ချုပ်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း၊ တရားစွဲနှင့် အမှုလိုက်လုပ်ငန်းဆောင်ရွက်ခြင်း၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း စသည့်အခန်းကဏ္ဍအသီးသီးတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်အားဖြည့် ဆောင်ရွက်ပေးလျက်ရှိသည်။

### ဥပဒေပြုရေးအခန်းကဏ္ဍတွင် ပါဝင်ဆောင်ရွက်ခြင်း

ဥပဒေပြုခြင်းသည် ပြည်ထောင်စုလွှတ်တော်က ဆောင်ရွက်ခြင်း ဖြစ်သည်။ ပြည်ထောင်စုရှေ့နေချုပ်ရုံးသည် ဥပဒေပြုရေးအခန်းကဏ္ဍတွင် ပါဝင်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဌာနအသီးသီး၊ ပုဂ္ဂိုလ်အသီးသီးမှ ရေးဆွဲတင်ပြလာသော ဥပဒေကြမ်းများကို လွှတ်တော်ထဲတွင် ဆွေးနွေးနိုင်ရန် စိစစ်အကြံပြုပေးရသည်။ လွှတ်တော်အသီးသီး၌ ဆွေးနွေးမည့် ဥပဒေကြမ်းများကို လွှတ်တော်ကိုယ်စားလှယ်များက ဖြစ်စေ၊ သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းကဖြစ်စေ စတင်ရေးဆွဲပြုစုကြသည်။

ပြည်ထောင်စုရှေ့နေချုပ်ရုံးအနေဖြင့် အစိုးရဌာနအဖွဲ့အစည်းများက လွှတ်တော်သို့ ရေးဆွဲတင်သွင်းမည့် ဥပဒေကြမ်းများကို စိစစ်အကြံပြုရသည်။ ဥပဒေကြမ်းပြုစုသည့်အဆင့်တွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးသည် သက်ဆိုင်ရာဌာနများနှင့် အကြိမ်ကြိမ်ညှိနှိုင်းစိစစ်ပြီး အပြီးသတ်ပြုစုထားသော ဥပဒေကြမ်းများကို အစိုးရအဖွဲ့သို့ သက်ဆိုင်ရာဝန်ကြီးဌာနက တင်ပြ၍ အတည်ပြုချက်ရယူသည်။ ၎င်းနောက် ဥပဒေကြမ်းကို လွှတ်တော်သို့တင်သွင်းပြီး လွှတ်တော်၌ ဆွေးနွေးအတည်ပြုသည်။

သက်ဆိုင်ရာ လွှတ်တော်ဥပဒေကြမ်းကော်မတီများက ဥပဒေကြမ်းများကို ဆွေးနွေးကြသည့်အခါ သက်ဆိုင်ရာဌာနနှင့်အတူ ပြည်ထောင်စုရှေ့နေချုပ်ရုံးသည် ပါဝင်ညှိနှိုင်းဆွေးနွေးကြသည်။ ထို့ပြင် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်က ဆောင်ရွက်သော ဥပဒေကြမ်းဆိုင်ရာ အစည်းအဝေးများတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးက ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

အစိုးရအဖွဲ့၏ ဒုတိယတစ်နှစ်တာကာလအတွင်း ဝန်ကြီးဌာနများက ပေးပို့လာသော ဥပဒေကြမ်း ၁၁၈ ခု၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက် မူကြမ်း ၁၆၅ ခုတို့ကို စိစစ်အကြံပြုပေးနိုင်ခဲ့သည်။ ဥပဒေကြမ်းများကို စိစစ်အကြံပြုရာတွင် လက်ရှိပြဋ္ဌာန်းထားသော ဥပဒေများနှင့် ဆန့်ကျင်ခြင်း ရှိ/မရှိ၊ တရားမျှတမှု ရှိ/မရှိ၊ အများအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နိုင်ခြင်း ရှိ/မရှိ၊ လက်တွေ့တွင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု ရှိ/မရှိ၊ ဌာနတစ်ခုနှင့် တစ်ခုအကြား လုပ်ပိုင်ခွင့်များ ရောထွေးနေခြင်း၊ ထပ်နေခြင်း ရှိ/မရှိ စသည့် အခြေခံအချက်များနှင့် ညီညွတ်မှု ရှိ/မရှိ၊ ရေးထုံးရေးနည်း မှန်၊ မမှန်တို့ကို စိစစ်အကြံပြုရသည်။

အစီရင်ခံသည့် ကာလအတွင်း ပြည်ထောင်စုရှေ့နေချုပ်ရုံးသည် စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဥပဒေ၊ အမုန်းစကားများကာကွယ်တားဆီးရေး ဥပဒေ၊ စားသုံးသူကာကွယ်ရေး ဥပဒေ၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေးဥပဒေ၊ ဆက်သွယ်ရေးဥပဒေကိုပြင်ဆင်သည့် ဥပဒေ၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ၊ သစ်တောဥပဒေ၊ ပြည်ထောင်စု အခွန်အကောက်ဥပဒေ စသည့် အရေးပါသည့်ဥပဒေများကို စိစစ်အကြံပြုပေးနိုင်ခဲ့သည်။

ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းခဲ့သော ဥပဒေများအနက် ဥပဒေ ၂၈ ခုကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခဲ့သည်။ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ညွှန်ကြားချက် ၁၂ ခုနှင့် စာချုပ်စာတမ်း ၁၄ ခုတို့၏ ဘာသာပြန်ဆိုချက်ပါ ဥပဒေဝေါဟာရ အသုံးအနှုန်းများကိုလည်း စိစစ်ဆောင်ရွက်နိုင်ခဲ့သည်။

### အစိုးရအုပ်ချုပ်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း

ပြည်ထောင်စု ရှေ့နေချုပ်ရုံးအနေဖြင့် အစိုးရအုပ်ချုပ်မှုလုပ်ငန်းများတွင် ဥပဒေရေးရာနှင့်ပတ်သက်၍ ပါဝင်ဆောင်ရွက်ခြင်းကိုလည်း တာဝန်ယူလုပ်ကိုင်ပေးလျက်ရှိသည်။ ပြည်ထောင်စုရှေ့နေချုပ်ရုံးသည် နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်း၊ ပြည်ထောင်စုဝန်ကြီးဌာနများက အုပ်ချုပ်ရေးဆိုင်ရာကိစ္စများနှင့် စပ်လျဉ်း၍ဖြစ်စေ၊ ဥပဒေရေးရာများနှင့် စပ်လျဉ်း၍ဖြစ်စေ ဥပဒေအကြံတောင်းခံလာပါက ဥပဒေအကြံပေးခြင်းကို ဆောင်ရွက်ရကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ဒုတိယ(၁)နှစ်တာကာလအတွင်း အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာစာချုပ်စာတမ်းများ၊ နားလည်မှုစာချွန်လွှာများနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသို့ အကြံပေးခဲ့သော ကိစ္စရပ်ပေါင်း ၇၄၅ ခုရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့များသို့ အကြံပေးခဲ့သော ကိစ္စရပ်ပေါင်း ၃၁ ခုကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ပြည်ထောင်စုရှေ့နေချုပ်ရုံးသည် ဥပဒေအကြံပေးလုပ်ငန်းတာဝန်များအပြင် မြန်မာနိုင်ငံက စာချုပ်ဝင်အဖြစ် ပါဝင်မည့် နှစ်နိုင်ငံ

အထူးကဏ္ဍ [ စ ] သို့ »»



ဥပဒေအရာရှိအဆင့်-၄(အစမ်းခန့်)များ သရုပ်ပြတရားရုံး လေ့ကျင့်သင်ကြားနေစဉ်။




တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာ လုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၏ ပဉ္စမအကြိမ်မြောက် အစည်းအဝေး ကျင်းပစဉ်။

**အစီရင်ခံသည့် ကာလအတွင်း ပြည်ထောင်စု တရားလွှတ်တော်ချုပ်၌ လိုက်ပါဆောင်ရွက်ခဲ့သည့် ရာဇဝတ်အယူခံမှု ၂၅၈ မှု၊ ရာဇဝတ်ပြင်ဆင်မှု ၅၄၃ မှု၊ သေဒဏ် အတည်ပြုမှု ၂၁ မှု ရှိခဲ့သည်။ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် တရားစွဲအဖွဲ့အစည်း အဆင့်ဆင့်က တရားစွဲမတင်မီ ဥပဒေအကြံပြု တောင်းခံသည့် ပြစ်မှုဆိုင်ရာ အမှုပေါင်း ၁၁၅ မှုကို ဥပဒေအကြံဉာဏ်ပေး ဆောင်ရွက်နိုင်ခဲ့သည်။**

»»» အထူးကဏ္ဍ [ င ] မှ

သဘောတူ စာချုပ်များနှင့် ဒေသတွင်း သဘောတူစာချုပ်များတွင် ဥပဒေရေးရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပါဝင်ဆွေးနွေး ဆောင်ရွက်ခဲ့ခြင်းများလည်းရှိသည်။ ပါဝင်ဆောင်ရွက်ခဲ့သည့် ကိစ္စရပ်အချို့မှာ မြန်မာ-အီးယူနှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးနှင့် အကာအကွယ်ပေးရေးဆိုင်ရာ သဘောတူစာချုပ်၊ မြန်မာ-စင်ကာပူရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးနှင့် အကာအကွယ်ပေးရေးဆိုင်ရာ သဘောတူစာချုပ်၊ ဒေသတွင်း ဘက်စုံစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သဘောတူစာချုပ်၊ အာဆီယံဝန်ဆောင်မှု ကုန်သွယ်ရေးဆိုင်ရာ သဘောတူစာချုပ်နှင့် အာဆီယံဒေသတွင်း တရားခံလွှဲပြောင်းရေးဆိုင်ရာ စံပြသဘောတူစာချုပ်တို့ပင် ဖြစ်သည်။

ပြည်ထောင်စု ရှေ့နေချုပ်ရုံးသည် အစိုးရဌာနအဖွဲ့အစည်းများ ပါဝင်ချုပ်ဆိုသည့် စီးပွားရေးဆိုင်ရာ စာချုပ်စာတမ်းအမျိုးအစား ၁၄ မျိုးကို စိစစ်ပေးလျက်ရှိသည်။ အများဆုံး စိစစ်ဆောင်ရွက်ရသော စာချုပ်စာတမ်းများမှာ နိုင်ငံတော်၏ သယံဇာတတွင်းထွက်ပစ္စည်းများကို ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့် လုပ်ငန်း သဘောတူစာချုပ်များ၊ လမ်း၊ တံတား၊ ရုံး၊ အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် လုပ်ငန်းအပ်နှံခြင်း စာချုပ်များ ဖြစ်သည်။

အစိုးရ ဒုတိယ (၁) နှစ်တာအတွင်း ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပြည်တွင်း၊ ပြည်ပကုမ္ပဏီများချုပ်ဆိုမည့် စီးပွားရေး စာချုပ်စာတမ်း ၅၄၈ ခု၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ဥပဒေချုပ်ရုံးများမှ ပေးပို့လာသော စီးပွားရေးစာချုပ်စာတမ်း ၂၂ ခုတို့ကို စိစစ်အကြံပြုခဲ့သည်။

ပြည်ထောင်စု ရှေ့နေချုပ်ရုံးသည် ထားဝယ်နှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန်များ၏ စီမံခန့်ခွဲမှုကော်မတီ၊ ဥပဒေရေးရာ အထောက်အကူပြု အဖွဲ့များတွင်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုအကူအညီပေးရေး ကော်မတီတွင် လည်းကောင်း ပါဝင်ဆောင်ရွက်လျက်ရှိသည်။

အထွေထွေဥပဒေအကြံဉာဏ်ပေးရေးနှင့်စပ်လျဉ်း၍ အကြံပေး ၄၃၃ ခုကို ဆောင်ရွက်နိုင်ခဲ့သည်။ ဥပဒေအကြံဉာဏ်တောင်းခံလာသည့် အကြောင်းအရာများတွင် နိုင်ငံ့ဝန်ထမ်းဥပဒေအရ အရေးယူဆောင်ရွက်သည့်ကိစ္စ၊ မြေသိမ်းကိစ္စ၊ ပြည်သူ့ဘဏ္ဍာ သိမ်းဆည်းသည့်အမိန့်အပေါ် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ အယူခံဝင်ရောက်သည့်ကိစ္စ၊ သားသမီး မွေးစားရေး၊ ထိမ်းမြားလက်ထပ်ရေးနှင့် အမွေဆက်ခံရေး စသည့်ကိစ္စများ ပါဝင်သည်။

### တရားစွဲနှင့် အမှုလိုက်လုပ်ငန်းဆောင်ရွက်ခြင်း

ပြည်ထောင်စု ရှေ့နေချုပ်ရုံးသည် တရားစွဲနှင့် အမှုလိုက်လုပ်ငန်းဆောင်ရွက်ခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် ပြည်ထောင်စု ရှေ့နေချုပ်ရုံးနှင့် ဥပဒေရုံးအဆင့်ဆင့်သည် ပြစ်မှုဆိုင်ရာ အမှုများ၊ နိုင်ငံတော်က တရားလို၊ တရားပြိုင်အဖြစ် ပါဝင်သော တရားမမှုများတွင် နိုင်ငံတော်ဘက်က အမှုလိုက်ပါ ဆောင်ရွက်လျက်ရှိသည်။



ပြည်ထောင်စုရှေ့နေချုပ်နှင့် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ဥပဒေအရာရှိများ တွေ့ဆုံစဉ်။

အစီရင်ခံသည့် ကာလအတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၌ လိုက်ပါဆောင်ရွက်ခဲ့သည့် ရာဇဝတ် အယူခံမှု ၂၅၈ မှု၊ ရာဇဝတ်ပြင်ဆင်မှု ၅၄၃ မှု၊ သေဒဏ်အတည်ပြုမှု ၂၁ မှု ရှိခဲ့သည်။ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် တရားစွဲအဖွဲ့အစည်း အဆင့်ဆင့်က တရားစွဲမတင်မီ ဥပဒေအကြံပြု တောင်းခံသည့် ပြစ်မှုဆိုင်ရာ အမှုပေါင်း၁၁၅ မှုကို ဥပဒေအကြံဉာဏ်ပေးဆောင်ရွက်နိုင်ခဲ့သည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်ဥပဒေချုပ်ရုံး၊ ခရိုင်နှင့် မြို့နယ်ဥပဒေရုံးများက ယခုနှစ်အတွင်း သက်ဆိုင်ရာ တရားစွဲအဖွဲ့အစည်းများသို့ တရားစွဲမတင်မီ အမှုပေါင်း ၇၆၈၅၇ မှုကို ဥပဒေအကြံဉာဏ်ပေးခဲ့ပြီး ရာဇဝတ်မူလမှု ၂၃၉၉၁၉ မှု လိုက်ပါဆောင်ရွက်နိုင်ခဲ့သည်။ တရားရုံး၏ စီရင်ဆုံးဖြတ်ချက်အချို့သည် ဥပဒေနှင့် ညီညွတ်မှုမရှိဟု သုံးသပ်တွေ့ရှိရ၍လည်းကောင်း၊ ပြစ်မှုပြစ်ဒဏ် မျှတမှုမရှိဟု သုံးသပ်ရရှိ၍လည်းကောင်း အယူခံမှု၊ ပြင်ဆင်မှုများကို ဥပဒေရုံးအဆင့်ဆင့်က တင်သွင်းခဲ့ရာ အယူခံမှု ၅၃၀၅၊ ပြင်ဆင်မှု ၉၃၄၉ မှု၊ ရာဇဝတ်အထွေထွေမှု ၉၅၄ မှုရှိခဲ့သည်။ ထို့ပြင် ရုပ်သိမ်းမှု ၁၀၅၁၈ မှုနှင့် ပိတ်သိမ်းမှု ၉၁၁၃ မှုတို့ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

တရားမမှုနှင့်စပ်လျဉ်း၍ ယခုတစ်နှစ်တာအတွင်း သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက တရားလို သို့မဟုတ် တရားပြိုင်အဖြစ် ပါဝင်သည့် တရားမမှု ၁၃ မှုကို ဥပဒေ အကြံဉာဏ်ပေးနိုင်ခဲ့သည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၌ တရားမမှု ၁၁ ကို လိုက်ပါဆောင်ရွက်ခဲ့ရသည်။ အဆိုပါ တရားမမှုများတွင် တရားမ(အထူး) အယူခံမှုတစ်မှု ပါဝင်သည်။

အများပြည်သူဆိုင်ရာ လျှောက်ထားမှုနှင့် စပ်လျဉ်း၍လည်းကောင်း၊ သာသနာရေးကိစ္စအတွက်လည်းကောင်း တရားစွဲဆိုနိုင်ရေးအတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံးက တရားမကျင့်ထုံးဥပဒေပုဒ်မ ၉၂ အရ တရားစွဲဆိုခွင့်ပြုမိန့် လျှောက်ထားမှုရှစ်မှုကို လက်ခံဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်၊ ခရိုင်နှင့် မြို့နယ်တရားရုံးများတွင် ဥပဒေရုံးအဆင့်ဆင့်က လိုက်ပါဆောင်ရွက်ခဲ့ရသည့် တရားမမူလမှု ၂၉၁ မှု၊ တရားမအယူခံမှု ၁၃ မှု၊ တရားမပြင်ဆင်မှု ရှစ်မှု၊ တရားမအထွေထွေလျှောက်ထားမှုလေးမှု၊ တရားမဇာရီမှု ၁၆၆၄ မှုတို့ကို လိုက်ပါဆောင်ရွက်ပေးနိုင်ခဲ့သည်။

ပြည်ထောင်စု ရှေ့နေချုပ်ရုံးက ပြည်ထောင်စု တရားလွှတ်တော်ချုပ်တွင် စာချွန်တော်အမှု ၈၆ မှု လိုက်ပါဆောင်ရွက်ခဲ့ပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးတွင် ရုံးသဟာယအဖြစ် တစ်မှုနှင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံးတွင် ရုံးသဟာယအဖြစ် နှစ်မှုလိုက်ပါ ဆောင်ရွက်နိုင်ခဲ့သည်။

တရားဥပဒေစိုးမိုးမှုရှိရေးနှင့် အမှုများကြန့်ကြာမှုမရှိစေရေးတို့အတွက် မော်လမြိုင်မြို့နယ် ဥပဒေရုံး၊ ချမ်းအေးသာစံမြို့နယ်ဥပဒေရုံးနှင့်ပြင်ဦးလွင်ခရိုင်ဥပဒေရုံးများကို ရှေ့ပြေး

အထူးကဏ္ဍ [ ဆ ] သို့ »»»




မြန်မာနိုင်ငံ ဥပဒေသတင်းအချက်အလက်စနစ် တည်ထောင်ရေးစီမံကိန်းအတွက်
ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် KOICA တို့အကြား Record of Discussion အား လက်မှတ်ထိုးစဉ်။



ပြည်ထောင်စုရှေ့နေချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်ဥပဒေချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ်ဥပဒေအရာရှိများ၊ ခရိုင်ဥပဒေအရာရှိများ၏ စတုတ္ထအကြိမ်လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ ကျင်းပစဉ်။

»»» အထူးကဏ္ဍ [ ၈ ] မှ

ဥပဒေရုံးများအဖြစ် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလမှ စတင်၍ USAID အဖွဲ့နှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

**တရားဥပဒေစိုးမိုးရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း**

တရားဥပဒေစိုးမိုးရေး လုပ်ငန်းများကို ပိုမိုမြင့်တင်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ပြီး တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့က ၉-၂-၂၀၁၇ ရက်နေ့တွင် ဖွဲ့စည်းပေးခဲ့ပါသည်။ အဆိုပါအဖွဲ့၌ ပြည်ထောင်စုရှေ့နေချုပ်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး လွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ အစိုးရဌာနများ၊ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်၊ တက္ကသိုလ်ဥပဒေပညာဌာန၊ တရားလွှတ်တော်ရှေ့နေ၊ အရပ်ဘက်လူမှုအဖွဲ့အစည်း စသည်တို့မှ အဖွဲ့ဝင် စုစုပေါင်း ၁၇ ဦးဖြင့် ဖွဲ့စည်းထားကြောင်း သိရသည်။

ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့သည် တစ်နှစ်တာကာလအတွင်း လုပ်ငန်းဆိုင်ရာ အစည်းအဝေး(၅)ကြိမ် ကျင်းပနိုင်ခဲ့သည်။ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၏ လုပ်ငန်းများကို ထိရောက်မြန်ဆန်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် အဖွဲ့ခွဲများကိုဖွဲ့စည်းဆောင်ရွက်ပေးခြင်းများ ပြုလုပ်ခဲ့သည်။

ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ခွဲများသည် တရားမျှတမှုရရှိရေးအတွက် ပြည်သူများ၏ တင်ပြချက်များအပေါ် သက်ဆိုင်ရာဌာနများနှင့် လိုအပ်သလို ပေါင်းစပ်ညှိနှိုင်းပေးလျက်ရှိပါသည်။ အဖွဲ့ခွဲများအနေဖြင့်တစ်နှစ်တာကာလအတွင်း တရားမျှတမှုဆိုင်ရာတင်ပြချက် ၅၃၀ ခန့်ကိုပေါင်းစပ်ညှိနှိုင်းမှုများ ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ထို့အပြင် တရားဥပဒေစိုးမိုးရေးအတွက် တရားမျှတမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေး ညီလာခံကို မတ် ၇ ရက်နှင့် ၈ ရက်တို့တွင် ကျင်းပခဲ့သည်။ ညီလာခံသို့ တက်ရောက်လာသူများ၏ ဆွေးနွေးချက်များအရ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့နှင့် အဖွဲ့ခွဲများ၏ လုပ်ငန်းတာဝန်များကို ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့် လုပ်ငန်းစဉ်များ၊ နည်းလမ်းများရရှိခဲ့သည်။ အဆိုပါ လုပ်ငန်းစဉ်များ၊ နည်းလမ်းများနှင့်အညီ တရားဥပဒေစိုးမိုးရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းမှု လုပ်ငန်းများကိုလည်း ပိုမိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြန်မာနိုင်ငံ ဥပဒေသတင်းအချက်အလက်စနစ်တည်ထောင်ခြင်း**

ပြည်ထောင်စု ရှေ့နေချုပ်ရုံးအနေဖြင့် ဥပဒေနှင့်ပတ်သက်သည့် အကြောင်းအရာများကို အင်တာနက်ဝက်ဘ်ဆိုက်တွင် အလွယ်တကူရှာဖွေကြည့်ရှုနိုင်မည့် လင့်တစ်ခုအား မကြာမီ လွှင့်တင်နိုင်ရန်အတွက် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံ ဥပဒေသတင်းအချက်အလက်စနစ် (Myanmar Law Information System) တည်ထောင်ရေး စီမံကိန်းအတွက် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA) ၏ အထောက်အပံ့ဖြင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ကိုရီးယားသမ္မတနိုင်ငံ ဥပဒေပြုရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ဥပဒေသတင်းအချက်အလက်များကို ပြည်သူများက အင်တာနက်ဝက်ဘ်ဆိုက်မှတစ်ဆင့် တစ်နေရာတည်းက အလွယ်တကူရှာဖွေလေ့လာအသုံးပြုနိုင်စေရန် ဖြစ်ပါသည်။ အဓိကရည်ရွယ်ချက်မှာ ဥပဒေအသိပညာပြန့်ပွားခြင်းဖြင့် တရားဥပဒေစိုးမိုးရေးကို အထောက်အကူပြုစေရန် ဖြစ်ပါသည်။

အဆိုပါစနစ်တွင် မြန်မာနိုင်ငံ၏ ၁၈၇၀ ပြည့်နှစ်ကတည်းက ထုတ်ပြန်ခဲ့သောပြန်တမ်းများ၊ Burma Code VOL 1 to 13 အတွဲများပါ ဥပဒေများ၊ ၁၉၅၅ခုနှစ်မှ ယနေ့ကာလအထိ ထုတ်ပြန်ခဲ့သော ဥပဒေများ၊ ယင်းဥပဒေများအရ ထုတ်ပြန်ခဲ့သည့်နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများ အပါအဝင် တစ်ဆင့်ခံဥပဒေများကို ပြည့်စုံစွာ ရှာဖွေစုဆောင်းပြီး www.mlis.gov.mm ဝက်ဘ်ဆိုက်တွင် တင်ပြနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ဖော်ပြရာတွင် တည်ဆဲဥပဒေများ၊ တစ်ဆင့်ခံဥပဒေများ၌ ပြင်ဆင်ချက်များရှိပါက ယင်းပြင်ဆင်ချက်များကို ထည့်သွင်းဖော်ပြမည်ဖြစ်ပါသည်။ အချို့ဥပဒေများသည် ပြင်ဆင်ချက် ၃/၄/၅ ကြိမ်အထိ ရှိသဖြင့် နောက်ဆုံးပြင်ဆင်ချက်များ ဖြည့်စွက်ထားသော ဥပဒေများကိုလည်း ဝက်ဘ်ဆိုက်တွင် တင်ပြမည်ဖြစ်ပါသည်။

ဥပဒေအမျိုးအစားအလိုက် ဖော်ပြရာတွင် ယင်းဥပဒေသည် မြန်မာနိုင်ငံက အတည်ပြု ပါဝင်လက်မှတ်ရေးထိုးထားသည့် နိုင်ငံတကာကွန်ဗင်းရှင်းများကို လိုက်နာ၍ ပြဋ္ဌာန်းခြင်းဖြစ်ပါက အဆိုပါ ကွန်ဗင်းရှင်းကိုလည်း အလွယ်တကူ ဆက်စပ်ရှာဖွေနိုင်ရန် ဖော်ပြထားပါသည်။ အက္ခရာအလိုက် ရှာဖွေရာတွင် မိမိသိရှိလိုသည့် စကားရပ်တစ်ခုကို ရှာဖွေကာမျှဖြင့် အဆိုပါစကားရပ် ပါရှိသော ဥပဒေအားလုံးကို အလွယ်တကူ ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ ဥပဒေသတင်းအချက်အလက်စနစ်သည် ဥပဒေပညာရှင်များ၊ ကျောင်းသား ကျောင်းသူများ၊ ဥပဒေသုတေသီများနှင့် ဥပဒေကိုစိတ်ဝင်စားသူများအားလုံးအတွက် Law Library တစ်ခုကဲ့သို့ အသုံးပြုနိုင်မည်ဖြစ်ပါသည်။

**ဥပဒေအမျိုးအစားအလိုက် ဖော်ပြရာတွင် ယင်းဥပဒေသည် မြန်မာနိုင်ငံက အတည်ပြုပါဝင်လက်မှတ်ရေးထိုးထားသည့် နိုင်ငံတကာကွန်ဗင်းရှင်းများကို လိုက်နာ၍ ပြဋ္ဌာန်းခြင်းဖြစ်ပါက အဆိုပါ ကွန်ဗင်းရှင်းကိုလည်း အလွယ်တကူ ဆက်စပ်ရှာဖွေနိုင်ရန် ဖော်ပြထားပါသည်။ အက္ခရာအလိုက် ရှာဖွေရာတွင် မိမိသိရှိလိုသည့် စကားရပ်တစ်ခုကို ရှာဖွေကာမျှဖြင့် အဆိုပါစကားရပ် ပါရှိသော ဥပဒေအားလုံးကို အလွယ်တကူ ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း သိရသည်။**

**တရားလွှတ်တော်ရှေ့နေများကောင်စီ၏ လုပ်ငန်းများ ဆောင်ရွက်ခြင်း**

တရားလွှတ်တော်ရှေ့နေများကောင်စီတွင် ပြည်ထောင်စုရှေ့နေချုပ်သည် ဥက္ကဋ္ဌအဖြစ်ပါဝင်ပြီး အဖွဲ့ဝင်စုစုပေါင်း ၁၁ ဦးဖြင့် ဖွဲ့စည်းထားကြောင်း သိရသည်။ တရားလွှတ်တော်ရှေ့နေများကောင်စီသည် ကျင့်ဝတ်သိက္ခာဖောက်ဖျက်သော တရားလွှတ်တော်ရှေ့နေများအပေါ် တိုင်ကြားခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံး၏ စုံစမ်းစစ်ဆေးချက်အပေါ် သဘောထားပေးခြင်း၊ တရားလွှတ်တော်ရှေ့နေ အဖြစ်ဝင်ခွင့်လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ စိစစ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

တရားလွှတ်တော်ရှေ့နေများကောင်စီသည် ပြည်သူများမှ တိုင်ကြားလာသော ကျင့်ဝတ်သိက္ခာ ဖောက်ဖျက်သော တရားလွှတ်တော်ရှေ့နေများကိုလည်း သေချာစိစစ်၍ တရားလွှတ်တော်ရှေ့နေများ ကောင်စီအက်ဥပဒေအရ ပြစ်ဒဏ်များချမှတ်မှုများ ဆောင်ရွက်နိုင်ခဲ့သည်။

ယခုတစ်နှစ်တာအတွင်း တရားလွှတ်တော်ရှေ့နေဝင်ခွင့် လျှောက်ထားသူ ၁၀၂၇ ဦးရှိပြီး ကျင့်ဝတ်သိက္ခာ ဖောက်ဖျက်မှုဖြင့် တိုင်ကြားခံရသူ တရားလွှတ်တော်ရှေ့နေ ၁၄ ဦးကို တရားလွှတ်တော်ရှေ့နေများ ကောင်စီအက်ဥပဒေအရ ပြစ်ဒဏ်များ ချမှတ်နိုင်ခဲ့ကြောင်း သိရသည်။

တရားလွှတ်တော်ရှေ့နေများကောင်စီ၏ လုပ်ငန်းဆိုင်ရာအစည်းအဝေးကို ယခုကာလအတွင်း နှစ်ကြိမ်ကျင်းပခဲ့ပြီး တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေကိုခေတ်နှင့်အညီ ပြင်ဆင်နိုင်ရန်အတွက် ပြန်လည် သုံးသပ်ဆောင်ရွက်လျက်ရှိသည်။

**ထုတ်ပြန်ဆောင်ရွက်နိုင်ခဲ့**

ပြည်ထောင်စု ရှေ့နေချုပ်ရုံးသည် အစိုးရနှစ်နှစ်တာကာလအတွင်း တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှု ရှိစေရန်အတွက် မျှတသည့် တရားစီရင်ရေးစံနှုန်းများစာအုပ်နှင့် ဥပဒေအရာရှိ ကျင့်ဝတ်စာအုပ်တို့ကိုလည်း ထုတ်ပြန်ဆောင်ရွက်နိုင်ခဲ့သည်။

တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုရှိစေရေးတို့အတွက် အထောက်အကူပြုနိုင်ရန် ရည်ရွယ်၍ ဥပဒေအရာရှိများအတွက်

အထူးကဏ္ဍ [ ၉ ] သို့ »»»



ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ဒိန်းမတ်နိုင်ငံအစိုးရတို့အကြား တရားဥပဒေစိုးမိုးရေးလုပ်ငန်းများအတွက် အကူအညီပေးရေးဆိုင်ရာ လုပ်ငန်းစီမံကိန်းအား ဆွေးနွေးစဉ်။



ဥပဒေအရာရှိအဆင့်-၄ (အစမ်းခန့်)များ လုပ်ငန်းဝင်သင်တန်းဆင်းပွဲ အခမ်းအနား ကျင်းပစဉ်။

»» အထူးကဏ္ဍ [ ဆ ] မှ

"မျှတသည့်တရားစီရင်ရေးစံနှုန်းများ (Fair Trial Standards)" စာအုပ်ကို UNDP နှင့် IDLO တို့၏ ပံ့ပိုးကူညီမှုဖြင့် ထုတ်ဝေခဲ့ကြောင်း သိရသည်။

အဆိုပါစာအုပ်တွင် ဥပဒေအရာရှိများ ဥပဒေအကြောင်းအရာများကို ကျွမ်းကျွမ်းကျင်ကျင် လေ့လာသိရှိနိုင်စေရန် နိုင်ငံတကာစံနှုန်းများ၊ ပြည်တွင်းဥပဒေများနှင့် စီရင်ထုံးများကို သက်ဆိုင်ရာ အကြောင်းအရာများအလိုက် ထည့်သွင်းဖော်ပြထားခြင်းဖြစ်သည့်အတွက် ဥပဒေအရာရှိများအတွက် အမှုလိုက်လုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးတည့်စေမည့်စာအုပ်ပင်ဖြစ်သည်။

အဆိုပါ စံနှုန်းများတွင် -

- ဥပဒေ၏ ရှေ့မှောက်တွင် တန်းတူညီမျှရှိခြင်းနှင့်ဥပဒေအရ ညီမျှစွာဆက်ဆံခြင်း၊
- နောက်ကြောင်းပြန် အာဏာသက်ရောက်မှု မရှိစေခြင်း၊
- အပြစ်မရှိဟု မှတ်ယူခြင်းနှင့် သံသယအကျိုးခံစားခွင့်၊
- ညှဉ်းပန်းနှိပ်စက်မှုနှင့် ဂုဏ်သိက္ခာညှိုးနွမ်းစေသည့် ဆက်ဆံမှုများမှ ကာကွယ်ခြင်း၊
- မတရားဖမ်းဆီးချုပ်နှောင်မှုမှ ကာကွယ်ခြင်း၊
- ဝန်ခံထွက်ဆိုခြင်း မပြုဘဲ နှုတ်ဆိတ်နေခွင့်၊
- ဥပဒေအကြံဉာဏ်ရယူခွင့်၊
- စကားပြန်နှင့် ဘာသာပြန်အကူအညီရယူခွင့်စသည့်အချက်များ ပါဝင်ပါသည်။

ဥပဒေအရာရှိများအနေဖြင့် အဆိုပါစံနှုန်းများကို လေ့လာကျင့်သုံးခြင်းဖြင့် အမှုလိုက် လုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ဥပဒေနှင့်အညီ အများပြည်သူရပိုင်ခွင့်ရှိသော အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဥပဒေအရာရှိများသည် နိုင်ငံတော်၏ တရားစီရင်ရေးကဏ္ဍတွင် ပါဝင်ထမ်းဆောင်နေကြသော နိုင်ငံ့ဝန်ထမ်းများ ဖြစ်သည်နှင့်အညီ ဥပဒေပညာတတ်ကျွမ်းပြီး သိက္ခာရှိသူများဖြစ်ရန် လိုအပ်ပါသည်။ သို့ဖြစ်၍ ဥပဒေအရာရှိကျင့်ဝတ်ကိုလည်း UNDP ၏ အကူအညီဖြင့် ထုတ်ဝေနိုင်ခဲ့သည်။

ဥပဒေအရာရှိကျင့်ဝတ်၏ အခြေခံမူများမှာ ရိုးသားဖြောင့်မတ်ခြင်း၊ ဘက်လိုက်မှုကင်းပြီး တရားမျှတစွာ ဆောင်ရွက်ခြင်း၊ မှန်ကန်စွာ စဉ်းစား၊ တွေးခေါ်ပြီး ဥပဒေနှင့်အညီ သုံးသပ်၊ ဆုံးဖြတ်၊ ဆောင်ရွက်နိုင်ရန် ကြိုးပမ်းအားထုတ်ခြင်း၊ မည်သူ့ကိုမဆို ဥပဒေအရာတွင် တန်းတူညီမျှ အခွင့်အရေးရရှိစေခြင်း၊ ရာထူးနှင့်လျော်ညီသော အရည်အချင်းနှင့် လုံ့လဝီရိယရှိရခြင်း၊ တာဝန်သိမှု၊ တာဝန်ယူမှုနှင့် တာဝန်ခံမှုရှိခြင်းတို့ ဖြစ်ပါသည်။ အဆိုပါ ကျင့်ဝတ်သည် ဥပဒေအရာရှိများ လိုက်နာကျင့်သုံးရမည့် အခြေခံစိတ်ဓာတ်နှင့် ခံယူချက်များပင်ဖြစ်သည်။



မကွေးခရိုင်ဥပဒေရုံးနှင့် မကွေးမြို့နယ် ဥပဒေရုံးအဆောက်အအုံသစ်ဖွင့်ပွဲ ကျင်းပစဉ်။

## လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ခြင်း

ပြည်ထောင်စုရှေ့နေချုပ်ရုံးအနေဖြင့် အမှုလိုက်လုပ်ငန်းများနှင့် တရားဥပဒေဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဥပဒေအရာရှိများနှင့် ဥပဒေဝန်ထမ်းများကို လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် စွမ်းဆောင်ရည်မြှင့် မွမ်းမံသင်တန်းများကို စဉ်ဆက်မပြတ် ဖွင့်လှစ်ပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ပြည်ထောင်စုရှေ့နေချုပ်ရုံးအနေဖြင့် ဥပဒေအရာရှိအဆင့်(၄) လုပ်ငန်းဝင်သင်တန်းနှင့် ဥပဒေအရာရှိများ မွမ်းမံသင်တန်းများကို စဉ်ဆက်မပြတ် ဖွင့်လှစ်ပေးလျက်ရှိရာ အင်္ဂလိပ်စာသင်တန်းနှင့် ကွန်ပျူတာသင်တန်းများကဲ့သို့ အရည်အသွေးမြှင့်တင်မှု သင်တန်းများကိုလည်း အထူးသင်တန်းများအဖြစ် ဖွင့်လှစ်လေ့ကျင့်ပေးလျက်ရှိသည်။



နေပြည်တော်၌ ဥပဒေအရာရှိ ကျင့်ဝတ်ဆိုင်ရာ ဆွေးနွေးပွဲ ကျင်းပစဉ်။

တစ်နှစ်တာကာလအတွင်း ဌာနတွင်းသင်တန်းများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်၌ ဖွင့်လှစ်သည့် သင်တန်းများ၊ အခြားဝန်ကြီးဌာနများက ဖွင့်လှစ်သည့် သင်တန်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သည့် သင်တန်းများသို့ စုစုပေါင်းသင်တန်းသား ၅၉၄ ဦးကို တက်ရောက်စေခဲ့ပြီး အရည်အချင်းမြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့သည်။ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ဥပဒေရုံးအဆင့်ဆင့်တို့က ဥပဒေအရာရှိ ၉၅ ဦးကို ပြည်ပနိုင်ငံ ၁၈ နိုင်ငံသို့ အလုပ်ရုံဆွေးနွေးပွဲ၊ အစည်းအဝေး၊ သင်တန်းစသဖြင့် တက်ရောက်ရန် စေလွှတ်နိုင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ဥပဒေအရာရှိများကို ပြည်တွင်းပြည်ပ မဟာဥပဒေဘွဲ့၊ ပါရဂူဘွဲ့များ ဆက်လက် သင်ကြားနိုင်ရေးအတွက် ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိပါသည်။ လက်ရှိတွင် ဥပဒေအရာရှိ အားလုံး၏ ၂၀ ရာခိုင်နှုန်းသည် မဟာဘွဲ့ရများဖြစ်ပြီး ပါရဂူဘွဲ့ရ ၁၅ ဦးခန့်ရှိသည်။ ဆက်လက်၍လည်း လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ဥပဒေအရာရှိများအတွက် တရားစွဲနှင့် အမှုလိုက်လုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပစဉ်။

## သတင်းပြန်ကြားရေးလုပ်ငန်းများ

ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ သတင်းပြန်ကြားရေးလုပ်ငန်းများလည်း ဆောင်ရွက်လျက်ရှိသည်။ ပြည်သူများ၏ ဥပဒေဆိုင်ရာလိုအပ်ချက်များကို အထောက်အကူပေးနိုင်ရေးနှင့် ဥပဒေအသိပညာများ ပိုမိုတိုးတက်လာစေရေးတို့အတွက် ဥပဒေရုံးများတွင် ပြည်သူ့ဆက်ဆံရေးယူနစ်များ ဖွင့်လှစ်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ပြန်ကြားရေး လုပ်ငန်းများအတွက် လိုအပ်သည့် မီဒီယာသင်တန်းကို USAID နှင့် ပူးပေါင်းဖွင့်လှစ်ခဲ့သည်။ ပြည်သူ့ဆက်ဆံရေးအရာရှိများ လိုက်နာရမည့် လမ်းညွှန်ချက်ကိုလည်း ရေးဆွဲနိုင်ခဲ့သည်။ ယခုနောက်ပိုင်း အသစ်ဆောက်လုပ်သည့် ဥပဒေရုံးများတွင် Information Counter ကဲ့သို့ ပြည်သူ့ဆက်ဆံရေးယူနစ်အခန်းများ သီးခြားထည့်သွင်းဆောက်လုပ်လျက်ရှိသည်။ ထိုမှတစ်ဆင့် သတင်းပြန်ကြားရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်ထောင်စု ရှေ့နေချုပ်ရုံးသည် ဥပဒေအရာရှိများက လုပ်ငန်းတာဝန်များကို ဥပဒေနှင့်အညီ မှန်မှန်ကန်ကန် ရပ်တည်ဆောင်ရွက်ကြစေရန်၊ အပြစ်ရှိသူကို ထိုက်သင့်သည့်ပြစ်ဒဏ်ရရှိရေးအတွက် ဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ အပြစ်မရှိသူများကိုလည်း ကာကွယ်စောင့်ရှောက်ရန်၊ အများက ယုံကြည်လေးစားရသော ဥပဒေအရာရှိကောင်း၊ ဝန်ထမ်းကောင်းများ ဖြစ်စေရေးအတွက် ကြိုးစားကြရန် အစဉ်ကြိုးပမ်းလျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် အများပြည်သူအနေဖြင့်လည်း စေတနာဖြင့် ဝိုင်းဝန်းတည့်မတ်ပေးကြပါရန်နှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် ရေးသားတင်ပြလိုက်ရပါသည်။ ။